## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

**ဓမ္မပဒ**

# မြဝတီ နေ့စဉ်

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၁၃)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ တနင်္ဂနွေနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ ဝဲန်မြစ်ရေကာတာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ရေကြီးရေလျှံဖြစ်ပွားမှုနှင့်ပတ်သက်၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝဲန်မြစ်ရေကာတာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ရေကြီးရေလျှံဖြစ်ပွားမှုနှင့်ပတ်သက်၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၈**

ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဝဲန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်နှင့်ကျုံပျော်မြို့နယ်တို့ရှိကျေးရွာများ၌ ရေဝင်ရောက်မှုနှင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

**စာမျက်နှာ ၅ ကော်လံ ၁** ☆

❖ **ရေကြီးရေလျှံမှု အချိန်ကာလကြာမြင့်နေမည်ဆိုပါက လူများ၏နေထိုင်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်မှုများ ပိုမိုများပြားစေမည်ဖြစ်သဖြင့် ရေကျော်စီးဝင်ခဲ့သည့်ရေများ အမြန်ပြန်လည်ကျဆင်းနိုင်ရေး ရေဆင်းလမ်းကြောင်းများ စနစ်တကျဆောင်ရွက်သွားရန်လို. . .**

## ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၈**

မျိုးဆက်သစ်ကျောင်းသားလူငယ် မောင်မယ်များအနေဖြင့် နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကိုလေ့လာသိရှိပြီး အသိပညာ ဗဟုသုတများစွာရရှိစေရန်၊ ကျောင်းသားတစ်ဦးချင်းစီ၏ ပြင်ပလေ့လာမှတ်သားနာယူမှု စွမ်းရည်တိုးတက်စေရန်၊ တပ်မတော်၏လုပ်ငန်းတာဝန်များ၊ သမိုင်းမှတ်တမ်းကောင်းများ၊ တီထွင်ဆန်းသစ်မှုများကို ကြည့်ရှုလေ့လာပြီး ကျောင်းသားလူငယ်များ၏ အနာဂတ်ရည်မှန်းချက်များပေါ်ထွက်လာစေရန်၊ တပ်မတော်အကြီးအကဲများ၏ နိုင်ငံတော်နှင့်

**စာမျက်နှာ ၁၅ ကော်လံ ၁** ⇒



ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။


ယနေ့ ဖတ်စရာ **ဆောင်းပါး**

လွှမ်းခြုံအောင်မြင် ခရီးစဉ်မှသည် ယုံကြည်လျှောက်လှမ်း အနာဂတ်လမ်းသို့ စာ - ၁၁ သို့

ကုန်ကျစရိတ်သက်သာ ဝင်ငွေတိုးပြီး ရေရှည်အကျိုးများစေဖို့ သဘာဝမြေသြဇာသုံးကြစို့ စာ - ၂၅ သို့

**စိုက်ပျိုးရေးနှင့်မွေးမြူရေး သိပ္ပံ(သာယာဝတီ)အား ကောလိပ်အဆင့် မြှင့်တင်သွားမည်** စာ - ၄ သို့

**ရက်ကန်းစက်များနှင့်ဆက်စပ်ပစ္စည်းများကိုဆယ်တင်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများပြန်လည်စတင်နိုင်ရေး ဆောင်ရွက်လျက်ရှိ** စာ - ၄ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၉ ရက်)

# ပိုမိုကြံ့ခိုင်အားကောင်းသောအသိုက်အဝန်းတစ်ရပ်

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရန် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ **"တစုတစည်းတည်းသော အရှေ့တောင်အာရှဒေသ"** ကို ထူထောင်ရန်ရည်မှန်းချက်ဖြင့် ဖွဲ့စည်းခဲ့သောအာဆီယံသည် ၂၀၂၆ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် (၅၉)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ယခုအခါအာဆီယံသည် **"အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅"** မှ **"အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅"** သို့ကူးပြောင်းနေသည့်ကာလဖြစ်သည်။ ၂၀၂၆ ခုနှစ်သည် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ နှင့် ၎င်း၏မဟာဗျူဟာမြောက် စီမံချက်များကိုစတင်အကောင်အထည်ဖော်သည့် သမိုင်းဝင်နှစ်တစ်နှစ်ဖြစ်ပြီး အာဆီယံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအခြေခံအုတ်မြစ်များကို ချမှတ်လျက်ရှိသည့် နှစ်လည်းဖြစ်သည်။

အာဆီယံသည် ယခုအခါတွင်လူဦးရေသန်း ၆၈၀ ကျော်ရှိသည့် ဒေသဆိုင်ရာအစုအဖွဲ့တစ်ရပ် ဖြစ်လာပြီး ကမ္ဘာပေါ်တွင် ပဉ္စမအကြီးဆုံးစီးပွားရေးအစုအဖွဲ့ဖြစ်သည်။ ဒီဂျစ်တယ်စီးပွားရေးနှင့် အစိမ်းရောင်စီးပွားရေးအသွင်ကူးပြောင်းမှုများကို အားပေးဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပညာရေး၊ ကျန်းမာရေး၊ လူငယ်နှင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ပြည်သူများ၏ဘဝအရည်အသွေးနှင့် သာယာဝပြောရေးတို့ကိုမြှင့်တင်နိုင်ရန်လည်း အားပေးလျက်ရှိသည်။

၂၀၂၆ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့်နိုင်ငံက **"ကျွန်ုပ်တို့၏ အနာဂတ်ကို အတူတကွဦးဆောင်သွားကြပါစို့"** ဟူသောဆောင်ပုဒ်သတ်မှတ်ကာ အာဆီယံကို ဦးဆောင်လျက်ရှိသည်။ ယင်းသည်ဒေသတွင်းစည်းလုံးညီညွတ်မှု၊ ခံနိုင်ရည်ရှိမှုနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုတို့ကိုထင်ဟပ်ဖော်ပြလျက်ရှိသည်။ အာဆီယံအနေဖြင့် အဖွဲ့ဝင်နိုင်ငံအသီးသီး၏ ပြည်တွင်းရေးကိစ္စရပ်များကိုသာ အလေးထားဖြေရှင်းရန်လိုလားမှုသည် အာဆီယံအသင်းကြီး၏အချက်အချာကျမှုအပေါ် ကြီးမားသောသက်ရောက်မှုဖြစ်စေမည်သာဖြစ်သည်။ ထို့ကြောင့် အာဆီယံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှုနှင့်နားလည်မှုတို့ကိုအခြေခံ၍ အာဆီယံ၏အချက်အချာကျမှုကို ဆက်လက်ထိန်းသိမ်းကာ အားလုံးပါဝင်မှုရှိပြီး စည်းမျဉ်းအခြေပြုသော ဒေသဆိုင်ရာဖွဲ့စည်းတည်ဆောက်မှုကို ပိုမိုအားကောင်းစွာဖော်ဆောင်သွားရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ(၅၉)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့တွင် အာဆီယံပြည်သူများသို့ပေးပို့သည့် သဝဏ်လွှာတွင် **"(၅၉)နှစ်တာကာလအတွင်း အာဆီယံ၏အောင်မြင်မှုများသည် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ တာဝန်ယူမှုနှင့် "အာဆီယံမိသားစု" စိတ်ဓာတ်အပေါ်အခြေခံ၍ အာဆီယံအချက်အချာကျမှုနှင့်အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမှုများကို တစိုက်မတ်မတ် စောင့်ထိန်းလိုက်နာခဲ့ခြင်း၏ရလဒ်ပင်ဖြစ်ပါသည်။ ယင်းခိုင်မာသောအုတ်မြစ်များကို ဆက်လက်ထိန်းသိမ်း၍ အာဆီယံမျှော်မှန်းချက် ၂၀၄၅ နှင့်အညီ ပိုမိုခံနိုင်ရည်ရှိသော၊ ဆန်းသစ်တီထွင်မှုကိုအားပေးသော၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူဗဟိုပြုသော အသိုက်အဝန်းတစ်ရပ်ကို "မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျန်မနေစေရေး-Leaving No One Behind" မူနှင့်အညီ တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ အလားတူ ဒေသတွင်းပြည်သူများ၏ဘဝအရည်အသွေးပိုမိုမြင့်မားလာစေရေးအတွက် အာဆီယံ၏စည်းလုံးညီညွတ်မှု၊ အချက်အချာကျမှုနှင့် အခြေခံစံတန်ဖိုးများကို အဖွဲ့ဝင်နိုင်ငံအားလုံးက အတူတကွ ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန်"** တိုက်တွန်းဖော်ပြထားသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ရာ ယခုနှစ်တွင် အဖွဲ့ဝင်သက်တမ်း(၂၉) နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ အဆိုပါကာလအတွင်း မြန်မာနိုင်ငံသည် တာဝန်ယူမှု၊ တက်ကြွမှုနှင့်အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများအပြင် အာဆီယံအသိုက်အဝန်းထူထောင်ရေး၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံယန္တရားများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ရွေးကောက်ခံအစိုးရသစ်အနေဖြင့် မြန်မာဦးဆောင်သည့်မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုဆက်လက်ဖော်ဆောင်လျက်ရှိသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံ၏အခြေခံမူများကို လေးစားလိုက်နာလျက် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် အာဆီယံမိသားစုဝင်နိုင်ငံများနှင့်အတူ ဆက်လက်လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ အာဆီယံဒေသကြီးသည် ငြိမ်းချမ်းတည်ငြိမ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လျက် ပိုမိုကြံ့ခိုင်အားကောင်းသောအသိုက်အဝန်းတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်ပါစေကြောင်း (၅၉) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ကို ဂုဏ်ပြုလိုက်ရပေသည်။ ။

# မြေငှားဂရန်များ ပေးအပ်ပွဲအခမ်းအနားကျင်းပ

ကျောက်တံခါး ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ်လ ၇ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းဦးက ကျေးရွာမြေငှားဂရန်များ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးနှင့် တာဝန်ရှိသူများက ကံကလေးကျေးရွာအုပ်စု သာယာကုန်းကျေးရွာမှ မြေငှားဂရန်လျှောက်ထားမှုတွင် လုပ်ထုံးလုပ်နည်းနှင့် အကျုံးဝင်သည့် အိမ်ခြေ/မြေကွက်ပေါင်း ၈၂ ကွက်၏မြေငှားဂရန်များကို ပြည်သူများထံ လက်ဝယ်ပေးအပ်ကြောင်း သိရသည်။

**မျိုးမင်း(ပြန်/ဆက်)**

# မင်းဘူး(စကု)မြို့နယ် ထုံးမကြီးကျေးရွာ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

မင်းဘူး ဩဂုတ် ၈

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ထုံးမကြီးကျေးရွာအတွင်းသို့ မြစ်ရေများဝင်ရောက်လာသဖြင့် လူနှင့်တိရစ္ဆာန်များ ရေလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရပြီး ယခုအချိန် ထုံးမကြီးကျေးရွာတွင် ရေဝတီမြစ်ရေပြန်လည်ကျဆင်းနေပြီဖြစ်၍ ကျေးရွာအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဩဂုတ်လ ၇ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများရှိ အမှိုက်သရိုက်များ သန့်ရှင်းရေးပြုလုပ်ကာ ရပ်ရွာအတွင်းအသုံးပြုနေကြသော ရေတုံကင်များ၊ ရေဘုံပိုင်များ ပြုပြင်ပေးခြင်း၊ ရေတွင်း၊ ရေကန်၊ ရေတိုင်ကီများ အဘိတ်ဆေးခတ်ခြင်း ဆောင်ရွက်ကြသည်။

ထုံးမကြီးကျေးရွာ၌ပြန်လည်ထူထောင်ရေးလုပ်ငန်းသို့ မင်းဘူးမြို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ထိုက်၊ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးမြင့်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူ၊ ရွာသားများက ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

# ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ပျော်ဘွယ် ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းများလျာထားနိုင်ရန်နှင့် ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဌာနများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၈ ရက် နံနက်ပိုင်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ညွန့်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများသည်အရေးကြီးကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့်လည်း ဒေသဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းစဉ်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်သိန်းနှင့် မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ လုပ်ငန်းလျာထားမှုအခြေအနေများ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာဆောင်ရွက်နေမှု၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာကုန်ထုတ်လမ်းဖော်ဆောင်နေမှု စသည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနများက ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အသီးသီး၌ ပါဝင်ဆောင်ရွက်နိုင်မည့်အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

မြဝတီ နေ့စဉ်
the Myawady Daily

Online Newspaper

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ် ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဒေသတွင်းစားသုံးဆီဖူလုံစေရေး စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံ နှမ်းဧက ၁၄၀၀ ကျော် ရိတ်သိမ်းပြီးစီး

ငဖဲ ဩဂုတ် ၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံ နွေနှမ်းဧက ၁၄၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငဖဲမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် နှမ်းနက် (စမုန်) ၄၀၇ ဧက၊ ဆင်းရတနာ(၃) ဧက ၅၀၊ သိပ္ပံနှမ်းနက် ဧက ၆၉၀ နှင့် ဆင်းရတနာ (၁၂) ဧက ၃၀၀ စုစုပေါင်း ၁၄၄၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နှမ်းနက် (စမုန်) မျိုးနှင့် သိပ္ပံနှမ်းနက်မျိုးများကို အများဆုံး စိုက်ပျိုးကြကာ အဆိုပါနှမ်းစိုက်ခင်းများကို ဇူလိုင်လအတွင်း စတင်ရိတ်သိမ်းခဲ့ရာ ၁၄၄၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။



ရိတ်သိမ်းပြီးစီးခဲ့သည့် နှမ်းနက်(စမုန်) ၄၀၇ ဧကတွင် တစ်ဧကလျှင် ၇ ဒသမ ၆၃ တင်းနှုန်းဖြင့် ၃၁၀၆ တင်း၊ ဆင်းရတနာ(၃) ဧက ၅၀ တွင် တစ်ဧကလျှင် ၃ ဒသမ ၂ တင်းနှုန်းဖြင့် တင်း ၁၆၀၊ သိပ္ပံနှမ်းနက် ဧက ၆၉၀ တွင် တစ်ဧကလျှင် ၇ ဒသမ ၀၈ တင်းနှုန်းဖြင့် ၄၈၈၈ တင်းနှင့် ဆင်းရတနာ(၁၂) ဧက ၃၀၀ တွင် တစ်ဧကလျှင် ၈ ဒသမ ၆၁ တင်းနှုန်းဖြင့် ၂၅၈၃ ဧက စုစုပေါင်းနွေနှမ်း ၁၀၇၃၇ တင်းထွက်ရှိကြောင်း သိရသည်။

ယခုနှစ် နွေနှမ်းစိုက်ပျိုးရာတွင် ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် တစ်ဧကအထွက်နှုန်းကောင်းမွန်ပြီး ဈေးကွက်ခိုင်မာသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ သွင်းအားစုနှင့် ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေး၊ နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ရိတ်သိမ်းခြွေလှေ့ရာတွင် လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန် စနစ်တကျ ရိတ်သိမ်းခြွေလှေ့နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကွင်းတာဝန်ခံဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မယု(ငဖဲ)**

# ဆိပ်ဖြူမြို့နယ်၌ ကျောင်းကျန်းမာရေး လုပ်ရှားမှုအဖြစ် ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြော

ဆိပ်ဖြူ ဩဂုတ် ၈

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ကျောင်းကျန်းမာရေးလှုပ်ရှားမှုအဖြစ် ကျောင်းသား၊ ကျောင်းသူများအား အရက်၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး အန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်းကို ဩဂုတ်လ ၇ ရက်က ဆိပ်ဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်ထက်အောင်က ကျောင်းကျန်းမာရေးလှုပ်ရှားမှုအဖြစ် အရက်၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်အကြောင်း အသိပညာပေးဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အရက်၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့တွင်ပါဝင်သည့် ကျန်းမာရေးထိခိုက်စေနိုင်သော ဓာတ်ပစ္စည်းများနှင့် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုဖြစ်ပွားနိုင်သည့် အန္တရာယ်များကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဆိုင်ရာအသိပညာပေးရုပ်သံကို ဖွင့်လှစ်ပြသအသိပညာပေးဆောင်ရွက်သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်ထက်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊ အခြေခံပညာအလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ကိုဇွဲ(အညာမြေ)**

# လူငယ်များ အသိပညာ အတွေးအခေါ်နှင့် ခေါင်းဆောင်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းဆွေးနွေး

ကော့သောင်း ဩဂုတ် ၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာ၊ အတွေးအခေါ်၊ ဆွေးနွေးပြောဆိုနိုင်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၌ ဩဂုတ်လ ၇ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကော့သောင်းမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကျော်စိန်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဆန်းဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်၍ မော်တော်ယာဉ်နည်းပညာဌာနမှ ဒုတိယနှစ်ကျောင်းသား မောင်နေလင်းအောင်က ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ Green Environment၊ အဆောက်အအုံနည်းပညာဌာနမှ ဒုတိယနှစ်ကျောင်းသူ မချစ်စနိုးဦးက Online Game ၏ ကောင်းကျိုး၊ ဆိုးကျိုးများ၊ အဆောက်အအုံနည်းပညာဌာနမှ ဒုတိယနှစ်ကျောင်းသား မောင်အာကာပိုင်စိုးက AI နည်းပညာ၊ လျှပ်စစ်နည်းပညာဌာနမှ ဒုတိယနှစ်ကျောင်းသူ မချစ်စနိုးဌေးက လူငယ်နှင့် အားကစားခေါင်းစဉ်တို့ဖြင့် အသီးသီး ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများအပေါ် သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြပြီး တာဝန်ရှိသူများက စကားဝိုင်းတွင်ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြကြောင်း သိရသည်။ **ချမ်းမြေ့**

# တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၄၀၀၀ နီးပါးတန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ငါးသောင်းကျော်အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်စတော့အိတ်ချိန်း၌ ဩဂုတ်လ ပထမပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၄၀၀၀ နီးပါးတန်ဖိုးရှိစတော့ရှယ်ယာအစောင်ရေ ငါးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၏ Main Board တွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဩဂုတ်လ ၃ ရက်မှ ၇ ရက်အထိ စုစုပေါင်း ငွေကျပ် ၃၉၅၉၃၃၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၂၀၂၂ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ယခုတစ်ပတ်အတွင်း FMI ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၉၁၃၆၉၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၁၃၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၁၃၇၈၅၈၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၅၇၄၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MCB ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၁၂၉၀၇၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၉၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

FPB ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၅၄၃၇၀၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၈၁၄၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

TMH ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၂၀၀၆၉၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ အစောင်ရေ ၅၅၀ အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

EFR ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၁၇၈၁၈၆၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၈၉၈၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

AMATA ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၂၆၀၄၄၀၀ တန်ဖိုးရှိစတော့ရှယ်ယာ ၆၃၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MAEX ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၇၆၉၉၇၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၁၈၃၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

ယခုတစ်ပတ်အတွင်း ကုမ္ပဏီတစ်ခုမှအပ ကျန်ကုမ္ပဏီခုနစ်ခုမှာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာရောင်းချနိုင်မှု မြင့်တက်ခဲ့ကြောင်း သိရသည်။ **ခန့်ခန့်**

## မြဝတီ ကာတွန်း



## စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(သာယာဝတီ)အား ကောလိပ်အဆင့် မြှင့်တင်သွားမည်



နေပြည်တော် ဩဂုတ် ၈

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(သာယာဝတီ) အား ကောလိပ်အဆင့်သို့မြှင့်တင်သွားမည်ဖြစ်ရာ လိုအပ်သည့်အကြိုလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားကြရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း၏ စာတွေ့လက်တွေ့ သင်ကြားသင်ယူရေးဆိုင်ရာ လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (သာယာဝတီ/ ထားဝယ်/ကျောက်တော်) ကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများအား သီးခြားစီတွေ့ဆုံ၍ ရေရှည်တည်တံ့သော သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးအတွက် မျိုးဆက်သစ်များအား စည်းရုံးလက်တွဲခေါ်ယူ၍ လက်ဆင့်ကမ်းပြုစု ပျိုးထောင်နိုင်ရေး ကြိုးပမ်းသွားကြရန်၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသည့်ကျွမ်းကျင်သောလူသားအရင်းအမြစ်များအဖြစ် အကျိုးပြုနိုင်ရေး ကြိုးစားအားထုတ်ကြရန်၊ ပညာသင်ယူမှုကာလပြီးဆုံးပါက မိမိဇာတိတိုးတက်ရေးနှင့်အတူ တောင်သူများအား မိမိနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်းနိုင်ရေးကိုပါ ထည့်သွင်းစဉ်းစားပြီး လုပ်ငန်းခွင်ရွေးချယ်မှုမှန်ကန်ရေး ဂရုပြုကြရန် အားပေးစကားပြောကြားသည်။

ညနေပိုင်းတွင် သုံးဆယ်တမံ ဆည်ရေသောက်အတွင်းရှိ တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ ပေါ်ဆန်းမွေး မိုးစပါးစိုက်ကွင်းအားကြည့်ရှုစစ်ဆေးပြီး ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၊ တောင်သူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## ရက်ကန်းစက်များနှင့်ဆက်စပ်ပစ္စည်းများကို ဆယ်တင်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့ရှိ အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း) တွင် မန္တလေးငလျင်ကြီးကြောင့်စက်ရုံအဆောက်အအုံများပျက်စီးခဲ့သော်လည်း ရက်ကန်းစက်များနှင့် ဆက်စပ်ပစ္စည်းများကို ဆယ်တင်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး ဆောင်ရွက်နေပြီဖြစ်ကြောင်း အဆိုပါစက်ရုံမှ သိရသည်။

အဆိုပါစက်ရုံတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် စက်ပစ္စည်းများအား ရွှေ့ပြောင်းတပ်ဆင်ထားရှိမှု၊ စက်ရုံရှိ စက်ပစ္စည်းများပျက်စီးမှုလျော့နည်းစေရေးအတွက် ဆယ်တင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည်ဒုတိယဝန်ကြီးဦးသွင်အောင်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့သွားရောက်ကြည့်ရှုစဉ် ရွှေ့ပြောင်းတပ်ဆင်ထားသည့် ရက်ကန်းစက်များဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရေးအတွက် စက်တပ်ဆင်ခြင်း၊ ချိန်ညှိခြင်းလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကုန်ကြမ်းများကိုစုဆောင်းထားရှိရန်၊ စက်ရုံပြန်လည်တည်ဆောက်ရေးဆောင်ရွက်မည့်အစီအမံ၊ စက်ပစ္စည်းများအား ပြန်လည်ဆယ်တင်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်မည့်အစီအမံများကို ရေးဆွဲဆောင်ရွက်ရန်၊ စက်ရုံရှိ စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုလျော့နည်းရေးအတွက် ဆယ်တင်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

ထို့ပြင် မြစ်သားမြို့နယ်ရှိ အမှတ်(၇) အထည်စက်ရုံ (မြစ်သား) ၌ ဦးဆောင်ညွှန်ကြားရေးမှူး၊ ကျောက်ဆည် စက်မှုနယ်မြေရှိ စက်ရုံမှူး၊ စက်ရုံတာဝန်ခံများ၊ အရာထမ်းများနှင့်တွေ့ဆုံပြီး နိုင်ငံတော်သမ္မတ၏ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးများ၊ စီးပွားရေးရာကော်မတီအစည်းအဝေးများ၊ တွေ့ဆုံပွဲများတွင် လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် အမှတ်(၈)အထည်စက်ရုံခွဲ (ရမည်းသင်း) ကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ဝန်ကြီးဌာနများမှ အမှာစာများဖြင့်မှာယူထားသည့် ထုတ်ကုန်ပစ္စည်းများအား အချိန်မီထုတ်လုပ်ပေးရေး၊ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေးကိစ္စရပ်များကိုမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚C | / | ၃၃˚C |
| ရန်ကုန် | ၂၅˚C | / | ၃၄˚C |
| မန္တလေး | ၂၆˚C | / | ၃၃˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ရှေးဟောင်းအဆောက်အအုံစာရင်းဝင် လွိုင်မွေစာတိုက်ကို ကြေးပြားကမ္ဗည်းမော်ကွန်းတပ်ဆင်၊ ကျိုင်းတုံယဉ်ကျေးမှုပြတိုက်အတွင်းလေ့လာ

ကျိုင်းတုံ ဩဂုတ် ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် လွိုင်မွေမြို့ရှိ နှစ်ပေါင်း(၁၀၀)ကျော်သက်တမ်းရှိ ရှေးဟောင်းအဆောက်အအုံစာရင်းဝင် လွိုင်မွေစာတိုက်ကို ယနေ့နံနက်ပိုင်းတွင် ကြေးပြားကမ္ဗည်းမော်ကွန်းတပ်ဆင်ခဲ့ကြောင်း သိရသည်။

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ကြေးပြားကမ္ဗည်းမော်ကွန်းကို အမွှေးနံ့သာရည်များပက်ဖျန်း ဖွင့်လှစ်ပေးသည်။



ထို့ပြင် လွိုင်မွေနှစ်(၁၀၀)အိမ်(နယ်ခြားဝန်နေအိမ်)၊ ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်နှင့် ဗုဒ္ဓဥယျာဉ်အတွင်းတည်ရှိသော သီလမဂ္ဂဆေးရုံ၌ ပြည်သူများဆေးကုသမှုခံယူနေသည့်အခြေအနေ၊ ဒေသတွင်းခရီးသွားလုပ်ငန်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ-လာအိုနှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေးအတွက် အာရှလမ်းမကြီးနှင့် ဆက်သွယ်ထားသည့် လာအို - မြန်မာ ချစ်ကြည်ရေးတံတား (ကျိုင်းလပ်တံတား)ကို ကြည့်ရှုစစ်ဆေးပြီး နယ်စပ်ဖြတ်ကျော် ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ ဝင်ထွက်သွားလာနိုင်ရေးဆောင်ရွက်ရန်မှာကြားသည်။

အလားတူ ယမန်နေ့နံနက်ပိုင်းက ကျိုင်းတုံမြို့ဟောင်းရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ငမ်ဖမြို့ရိုးတူးဖော်သုတေသနပြုခြင်းလုပ်ငန်း၊ RCM ဘုရားကျောင်းဝင်းအတွင်းရှိ နှစ်ပေါင်း(၁၀၀)ကျော်သက်တမ်းရှိ ရှေးဟောင်းအဆောက်အအုံများနှင့် ကျိုင်းတုံမြို့၏ အထင်ကရ ခရီးသွားဆွဲဆောင်ရာနေရာများဖြစ်သည့် ကြေးပြားကမ္ဗည်းမော်ကွန်းတပ်ဆင်ထားရှိသော မဟာမြတ်မုနိဘုရားနှင့် ခေမရဋ္ဌဗျာဒိတ်ပေးရပ်တော်မူဘုရားကြီးတို့ကို သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စိန့်မေရီအထက်တန်းကျောင်း (ခေါ်) အထက(၂) ချယ်ရီဆောင် ကြေးပြား ကမ္ဗည်းမော်ကွန်းတပ်ဆင်ခြင်းအခမ်းအနားသို့တက်ရောက်ပြီးပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ကြေးပြားကမ္ဗည်းမော်ကွန်းတပ်ဆင်ခြင်းသည် သမိုင်းတန်ဖိုးကို ပိုမိုထင်ရှားစေမည့်အပြင် အမှတ်တရ အမွေအနှစ်တစ်ရပ်အဖြစ် ရေရှည်တည်တံ့စေမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့ပြင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် ကျိုင်းတုံမြို့ရှိ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ရက်သတ္တ ရှစ်ပတ်ခန့်ဖွင့်လှစ်မည့် ထိုင်းဘာသာ စကားပြော (အခြေခံ)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်အမှာစကား ပြောကြားကာ ကျိုင်းတုံယဉ်ကျေးမှုပြတိုက်၌ ဒေသခံ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအားတွေ့ဆုံပြီး တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှုပြကွက်တွင် အသုံးပြုထားသော ဆီလီကွန်ရုပ်တုများကို သက်ဆိုင်ရာတိုင်းရင်းသားတို့၏ မူလရုပ်သွင်ပြင်လက္ခဏာနှင့် နီးစပ်မှုရှိစွာ ခင်းကျင်းပြသဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိနိုင်ငံပိုင်ဟိုတယ်များဖြစ်သည့် Amazing Keng Tung Resort နှင့် ကျိုင်းတုံ ပါရာဒိုက်စ်ဟိုတယ်တို့၏လုပ်ငန်းဆောင်ရွက်နေမှု၊ ကျိုင်းတုံဟော်နန်းသမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားရှိမှုနှင့် ခရီးသွားဆွဲဆောင်ရာ နေရာတစ်ခုဖြစ်သည့် ကျိုင်းတုံရေကန်ခွန်အပန်းဖြေစခန်းနှင့် အပန်းဖြေစခန်းတွင် တည်ထောင်ထားသည့် ဟိုယန်းလွယ် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism – CBT) ကျေးရွာဖော်ဆောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ




ဝေနဲရေကာတာ၊ ရေကျော်စီးဝင်မှု မှတ်တမ်းဓာတ်ပုံ



ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ





ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် စက်သုံးဆီများ အခမဲ့ထောက်ပံ့ပေးအပ်မှု မှတ်တမ်းဓာတ်ပုံ



ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ ကူညီကယ်ဆယ်ရေး၊ တာတမံပြုပြင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

- ❖ **မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းများအားလုံး၏ ရေစီးရေလာမှုနှင့် ရေဝင်ရေထွက်မှုများ၊ မြစ်ကြမ်းခင်း Bed Level များအား စဉ်ဆက်မပြတ် သုတေသနပြုမှတ်တမ်းတင်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ လိုအပ်သည့် ရေကြောင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် နုန်းဆယ်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးခြင်း စသည်ဖြင့် ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးဒဏ်ဖြစ်ပွားမှုကို ကြိုတင်တားဆီးကာကွယ်လျှော့ချခြင်းများဆောင်ရွက်နိုင် . . .**
- ❖ **ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်း ပင်လယ်ရေငန်ဝင်ရောက်မှုမှကာကွယ်နိုင်ရန်နှင့် မြစ်အထက်ပိုင်းမှစီးဆင်းလာသည့်ရေများအားလုံး လူနေထိုင်ရာနေရာများသို့ဝင်ရောက်မှုမရှိဘဲ ရေစီးကြောင်းအတိုင်းစီးဆင်းသွားနိုင်ရေး စနစ်တကျသုတေသနပြုဆောင်ရွက်သွားနိုင်ရန်လို . . .**

☆ **ရှေ့ဖုံးမှအဆက်**

အဆိုပါ ဝေနဲမြစ်ရေကာတာတမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေကြီးရေလျှံမှုများဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ ကူညီကယ်ဆယ်ရေး၊ တာတမံပြုပြင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ**

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဝေနဲမြစ်ရေကာတာတမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေကြီးရေလျှံဖြစ်ပွားမှုဆိုင်ရာများနှင့် တာတမံ၏သမိုင်းကြောင်းဆိုင်ရာများ၊ လေးမျက်နှာမြို့နယ်၊ ဝေနဲတာ တာမိုင် ၂၅/၃ အနီး တာအိတာလျှောဖြစ်ပွားမှုနှင့် သဲဗွက်ဖြစ်ပွားမှုအခြေအနေများ၊ လူနေရပ်ကွက်များ၊ အခြေခံပညာကျောင်းများအတွင်း ရေဝင်ရောက်မှုအခြေအနေများ၊ ရေကြီးရေလျှံမှုစတင်ဖြစ်ပွားချိန်မှစ၍ ဘေးသင့်သူများအား ရှာဖွေကယ်ဆယ်ရေး၊ ဘေးလွတ်ရာကို ရွှေ့ပြောင်းပေးရေး၊ စားရေရိက္ခာများထောက်ပံ့ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မြစ်ရေတိုက်စားပြိုကျမှုမှကာကွယ်ခြင်းတို့ကို အရှိန်အဟုန်မြင့်တာဝန်ယူဆောင်ရွက်လျက်ရှိမှု၊ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ လာရောက်ကြသည့် ပရဟိတကားများအတွက် စက်သုံးဆီများ ဖြန့်ဖြူးဆောင်ရွက်ထားရှိမှု၊ ကျုံပျော်မြို့နယ်အတွင်း ရေဝင်ရောက်လာနိုင်မည့်ကျေးရွာများအား ရေဘေးရှောင်စခန်းများသို့ ကြိုတင်ပြောင်းရွှေ့ပေးနိုင်ရေး အစီအမံရေးဆွဲထားရှိမှု၊ ရေကျသွားသည့်နေရာများမှ စာသင်ကျောင်းများ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်၍ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ရေများပြန်လည်ကျဆင်းလျက်ရှိမှုနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေငန်ဝင်ရောက်သည့်မြစ်ကြီးများနှင့် ရေငန်ဝင်ရောက်မှုအခြေအနေများ၊ ရေငန်ဝင်ရောက်မှုကာကွယ်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမြထွန်းဦး၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများက တမံကျိုးပေါက်မှုဖြစ်စဉ် စတင်ခဲ့သည့် ဇူလိုင်လ(၃၁)ရက်နေ့မှစပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိပြည်ထောင်စုဝန်ကြီးဌာနတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ စေတနာလုပ်အားရှင်များ စုပေါင်းပြီး တုတ်တန်းရိုက်၊ ဝါးထရံကာခြင်း၊ Geobag ချခြင်း၊ ကရိန်းရေယာဉ်ဖြင့် ရေဝင်လမ်းအထက်၌ သဲအိတ်ချခြင်း၊ သံခွဲCB တွဲဖြင့် သဲဖြည့်မြှုပ်ချပြီး ရေဝင်ထိန်းကာကွယ်ခြင်း၊ ပန်းတာ၏ဘယ်ညာတို့တွင် သဲအိတ်ချပိတ်ခြင်းစသည်တို့ကို အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိမှု၊ ရေဘေးသင့်ဒေသများတွင် လှူပ်ရှားဆေးအဖွဲ့များဖြင့် အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ သောက်သုံးရေနှင့် ကျန်းမာရေးနှင့်အညီသန့်ရှင်းသည့်အစားအသောက်များရရှိရေးဆောင်ရွက်ပေးလျက်ရှိမှု၊ လိုအပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းများလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ရေဝင်နစ်မြုပ်ခဲ့သည့် စိုက်ပျိုးလယ်ယာများအားစစ်ဆေး၍ ပြန်လည်စိုက်ပျိုးရန်လိုအပ်သည့် စပါးစိုက်ခင်းများ၌ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး စပါးမျိုးများစုဆောင်း

**စာမျက်နှာ ၆ သို့** ☆

✯ စာမျက်နှာ ၅ မှအဆက်

ထားရှိမှုနှင့် အခြားလိုအပ်သည်များကို ပြင်ဆင်စီမံဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်စက်ယန္တရားများပြင်ဆင်ထားရှိမှု၊ တောင်သူများအနေဖြင့် ရေကျသွားချိန်တွင် အချိန်မီစိုက်ပျိုးနိုင်ရေး မြေပြုပြင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရှိမှု၊ တာတမံများပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် ရေပြန်လည်ကျဆင်းသွားသည့်အချိန်တွင် ရထားလမ်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအပါအဝင်ပို့ဆောင်ရေးလုပ်ငန်းများ မူလအတိုင်း ပြန်လည်ဆောင်ရွက်နိုင်ရေး စီမံထားရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မူလကမ်းရိုးတာနှင့်ဝန်တာ (မြစ်ကျိုးပန်းတာ) တို့တည်ဆောက်ခဲ့မှုနှင့် ပြုပြင်ထိန်းသိမ်းခဲ့မှုအခြေအနေများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ယခင်ကတာကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့မှုအခြေအနေများ၊ ယခုရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ရေဘေးသင့်ပြည်သူများကို ကူညီဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းပြီး **ရေကြီးရေလျှံမှုဖြစ်ပွားသည့်ဒေသများရှိ ပြည်သူများ၏ တစ်ကိုယ်ရေကျန်းမာရေးနှင့် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာရရှိရန်လိုကြောင်း၊ ရေနစ်မြုပ်ပျက်စီးခဲ့သည့် စပါးစိုက်ခင်းများအား ပြန်လည်စိုက်ပျိုးသွားမည်ဆိုပါကလည်း အောင်ရေရှိအောင်ဆောင်ရွက်သွားရန် လိုကြောင်း၊ စပါးပြန်လည်စိုက်ပျိုးရန် စိုက်ပျိုးချိန်အခက်အခဲရှိပါက အခြားသီးနှံများကို စိုက်ပျိုးသွားကြရန်လိုကြောင်း၊ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့်ယန္တရားများကို ကြိုတင်ရွှေ့ပြောင်းထားရန်နှင့်လိုအပ်သည့် စက်သုံးဆီများကိုလည်း ကြိုတင်စုပုံထားရှိသွားရန်လိုကြောင်း၊ တမံနိမ့်ကျပျက်စီးသွားသည့်နေရာအား ယာယီပြန်လည်ထိန်းသိမ်းဆောင်ရွက်ရာတွင် အချိန်တိုအတွင်း အလျင်အမြန်ပြီးစီးအောင် ဝိုင်းဝန်းတိုင်ပင်ဆွေးနွေးပူးပေါင်းဆောင်ရွက်သွားနိုင်ရန်လို**ကြောင်း၊ ရေကြီးရေလျှံမှု အချိန်ကာလကြာမြင့်နေမည်ဆိုပါက လူများ၏ နေထိုင်မှုနှင့်စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်မှုများ ပိုမိုများပြားစေမည်ဖြစ်သဖြင့် ရေကျော်စီးဝင်ခဲ့သည့်ရေများ အမြန်ပြန်လည်ကျဆင်းနိုင်ရေး ရေဆင်းလမ်းကြောင်းများ စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုမိုးရာသီကာလအတွင်း တာတမံမြေနိမ့်ကျမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက်လည်း လိုအပ်သည့်မြေပြင်ကွင်းဆင်းစစ်ဆေးတိုင်းတာခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုတင်ဆောင်ရွက်သွားရန်လိုကြောင်း ဖြည့်စွက်မှာကြားသည်။

### သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးနိုင်ရေးနှင့် ပထဝီဝင်အနေအထားအရ ပေးအပ်ထားသည့် အရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချနိုင်ရေး

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မကြာသေးမီကာလအတွင်းက ဝန်ရေကာတာနိမ့်ကျ၍ ရေကျော်စီးဝင်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လူသားတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ကို ရှောင်လွှဲ၍ မရနိုင်သော်လည်း လူတို့၏လုပ်ဆောင်ချက်များဖြင့် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကိုအတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ပြီး သဘာဝဘေးအန္တရာယ် မလွဲမသွေ ရင်ဆိုင်ကြုံတွေ့လာရပါကလည်း ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုမည်ကဲ့သို့အဆင့်အလိုက် ဆောင်ရွက်ရမည်ကိုလည်း သိရှိနားလည်ကြရန်လိုကြောင်း၊ မိမိယခုလာရောက်ခဲ့ခြင်းသည်လည်း ယခုကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်ကိုကျော်လွှားနိုင်ရေး မည်သို့ဆောင်ရွက်ရမည်ကို သိရှိလို၍ လာရောက်ကြည့်ရှုစစ်ဆေးခြင်းပင်ဖြစ်ကြောင်း၊ **မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းများအားလုံး၏ ရေစီးရေလာမှုနှင့် ရေဝင်ရေထွက်မှုများ၊ မြစ်ကြမ်းခင်း Bed Level များအား စဉ်ဆက်မပြတ် သုတေသနပြုမှတ်တမ်းတင်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ လိုအပ်သည့် ရေကြောင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် နုန်းဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည်ဖြင့်ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးဒဏ်ဖြစ်ပွားမှုကို ကြိုတင်တားဆီးကာကွယ်လျှော့ချခြင်းများဆောင်ရွက်နိုင်**ကြောင်း၊ သို့ဖြစ်၍ ဆည်မြောင်းနှင့်ရေအရင်းအမြစ်ထိန်းသိမ်းရေးဆိုင်ရာတာဝန်ရှိသူများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျစဉ်ဆက်မပြတ် လေ့လာဆန်းသစ်သုံးသပ်စောင့်ကြည့်ဆောင်ရွက်နေကြရန်လိုကြောင်း။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်း ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်နှင့် မြစ်အထက်ပိုင်းမှစီးဆင်းလာသည့် ရေများအားလုံး လူနေထိုင်ရာနေရာများသို့ဝင်ရောက်မှုမရှိဘဲ ရေစီးကြောင်းအတိုင်း စီးဆင်းသွားနိုင်ရေး စနစ်တကျသုတေသနပြုဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ မြစ်ချောင်းများ၏မြစ်ကြမ်းခင်း Bed Level များကို စောင့်ကြည့်ပြုပြင်ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက ရေငန်ဝင်ရောက်မှုများကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ရေငန်ဝင်ရောက်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် ရေငန်တားတာများ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ မြစ်ချောင်းများ၌ Low Head Dam များဆောက်လုပ်ခြင်းဖြင့်လည်း ရေငန်ဝင်ရောက်မှုကို လျှော့ချနိုင်ကြောင်း၊ မြေအနိမ့်အမြင့်အပေါ်မူတည်၍ အပိုင်းလိုက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ငွေကြေးကုန်ကျမှုများပြားနိုင်သော်လည်း ရေရှည်တွင်ပြန်လည်ရရှိမည့်အကျိုးကျေးဇူးများကိုကြည့်၍ စနစ်တကျတွက်ချက်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း။

ပုသိမ်မြစ်နှင့်ပတ်သက်၍ ရှေးယခင်က ပုသိမ်မြစ်အတွင်းသို့ သင်္ဘောကြီးများ ဝင်ထွက်သွားလာဆိုက်ရောက်နိုင်ခဲ့ကြောင်း၊ ယခုအခါ Bed Level များမြင့်တက်လာမှုကြောင့် သင်္ဘောကြီးများဝင်ရောက်နိုင်မှု နည်းပါးလာကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများကို ပုသိမ်မြစ်ကြောင်းမှတစ်ဆင့်သင်္ဘောကြီးများဖြင့် သယ်ယူပို့ဆောင်နိုင်ကြောင်း၊ အလားတူ ပြည်တွင်းအတွက်လိုအပ်သည့် ပစ္စည်းများကို ပုသိမ်မြို့ဆိပ်ကမ်းမှတစ်ဆင့် ဆောင်ရွက်နိုင်ခြင်းကြောင့် မိမိတို့နိုင်ငံ၏ ဒုတိယဆိပ်ကမ်းမြို့အဖြစ်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့်သဘာဝမှပေးထားသည့် မြေနှင့်ရေကို အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက အကျိုးကျေးဇူးများစွာရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အဖိုးတန်ရေချိုကို အကျိုးရှိအောင်သုံးစွဲနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးမြေနေရာများသို့ ရေငန်များ ဝင်ရောက်မှုမရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြစ်များအတွင်း သွားလာရေးအတွက် အသုံးပြုနိုင်သကဲ့သို့ မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေချိုများ ရရှိရေးဆောင်ရွက်ရာတွင် မြစ်ချောင်းများအတွင်း ရေငန်ဝင်ရောက်မှုများမရှိအောင် စနစ်တကျဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရေချိုများရရှိစေရေး နွေရာသီကာလတွင် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်သွားနိုင်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်များရှိသကဲ့သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးခြင်းနှင့် တောင်သူများအနေဖြင့် သမဝါယမစနစ်ဖြင့် စုပေါင်းဆောင်ရွက်၍ရကြောင်း၊ **ဧရာဝတီတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ GDP မြင့်မားသည့် တိုင်းဒေသကြီး ၆ ခုတွင် အမြင့်ဆုံးတွင်ရှိ**ကြောင်း၊ ထို့ကြောင့် **ဧရာဝတီတိုင်းဒေသကြီးအတွင်း ရှိပြီးဖြစ်သည့် မြေခံရေခံကောင်းများကို အသုံးချ၍ GDP တိုးတက်မြင့်မားအောင်ဆောင်ရွက်ပြီး ဒေသ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်**သွားကြရန်လိုကြောင်း။

လူသားအရင်းအမြစ်လိုအပ်ချက်နှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပညာတတ်လူသားအရင်းအမြစ်များ လုံလောက်စွာရှိပြီးဖြစ်သဖြင့် လူသားအရင်းအမြစ်များကို အရည်အသွေးပိုမိုမြင့်မားလာစေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကမ္ဘာပေါ်ရှိဖွံ့ဖြိုးသည့်နိုင်ငံများသည် ပညာတတ်များပေါကြွယ်ဝသည့်နိုင်ငံများဖြစ်ကြကြောင်း၊ ထို့ကြောင့် ပညာတတ်များ ပေါကြွယ်ဝစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုသဖြင့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဆယ်စုနှစ်များအလိုက် ပညာရည်မှတ်တမ်းများအား ပြန်လည်သုံးသပ်ကြည့်ရှုရာတွင် မိမိတို့နိုင်ငံ၏ပညာရေးကဏ္ဍတွင် အားနည်းမှုများရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်၏ပညာရေးကဏ္ဍမြင့်မားစေရေး KG+9 အထိ မသင်မနေရစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာအလယ်တန်းအဆင့်ကို ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက အထက်တန်းအဆင့်သို့ ဆက်လက်အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေခံ၊ မြေခံကောင်းများရှိပြီးဖြစ်သဖြင့် အဆိုပါရေခံမြေခံကောင်းများကိုအသုံးချနိုင်ရန်အတွက် ပညာတတ်လူသားအရင်းအမြစ်များကိုမဖြစ်မနေ မွေးထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွင်း ထိပ်တန်းအဆင့်တွင်ရှိသည့် တိုင်းဒေသကြီးတစ်ခုအဖြစ်သို့ ရောက်ရှိလာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း အဘက်ဘက်မှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ဒေသတွင်းနေထိုင်ကြသူများကလည်း ကြိုးစား၍ဒေသတိုးတက်အောင်ဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်ဝိုင်းဝန်းဆောင်ရွက်ကြရာတွင် မိမိတို့ဒေသအလိုက် ပထဝီဝင်အနေအထားအရ ပေးအပ်ထားသည့် အရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချနိုင်ရေးတို့နှင့်ပတ်သက်၍ သာမန်အားဖြင့် စဉ်းစားဆောင်ရွက်၍မရဘဲ အမြင်ကျယ်ကျယ်နှင့် ဘက်ပေါင်းစုံမှ စဉ်းစားတွေးခေါ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်မှ မူဝါဒချမှတ် တွန်းအားပေး၍ ဆောင်ရွက်ခြင်းမျိုးမဖြစ်စေလိုဘဲ မိမိတို့ တာဝန်ယူထားရသည့်ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောင်းရာကောင်းကျိုးများကို လုပ်၍ရသည့်နည်းလမ်းများဖြင့် စေတနာထားကြိုးပမ်းဆောင်ရွက်၍ဒေသနှင့် နိုင်ငံ၏အကျိုးကို ဖော်ဆောင်သွားကြရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့အား ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

PPIB News

# ပေါက်ခေါင်းမြို့နယ်၌ သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းလုပ်ကိုင်သည့် စနစ်ကျသောစိုက်ပျိုးရေးဆောင်ရွက်

ပေါက်ခေါင်း ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်း သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းလုပ်ကိုင်သည့် စနစ်ကျသောစိုက်ပျိုးရေးဆောင်ရွက်ခြင်းအခမ်းအနားကို ဩဂုတ်လ ၇ ရက်က ဝက်တိုးကျေးရွာ၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးသန်းထူးအောင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး ငွေကျပ် ၆၀၃ သိန်းနှင့်ညီမျှသော မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးအပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ယခုဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးအတွင်း သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းလုပ်ကိုင်သည့် စနစ်ကျသောစိုက်ပျိုးရေး (Cooperative-Based Farming Project) အဖြစ် မြို့နယ်နှစ်မြို့နယ်၊ သမဝါယမအသင်းသုံးသင်း၊ အသင်းသားတောင်သူ ၁၁၂ ဦးပိုင်ဆိုင်သည့် လယ်ယာမြေ ၃၁၃ ဒသမ ၅ ဧကကို Pilot Project အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပေါက်ခေါင်းမြို့နယ် ဝက်တိုးကျေးရွာအုပ်စု ရတနာတိုးမျိုးစေ့ထုတ်သမဝါယမအသင်းလီမိတက် အသင်းသားတောင်သူ ၅၃ ဦးပိုင်ဆိုင်သည့် ကွင်းအမှတ်(၆၉၉)ရှိ တစ်ဆက်တည်း လယ်ယာမြေ ၁၀၀ ဒသမ ၅ ဧက၌ အောင်နိုင်သစ္စာကုမ္ပဏီနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်များဖြင့် မိုးစပါးများ စိုက်ပျိုးခဲ့သည်။

အဆိုပါစနစ်ကျသော စိုက်ပျိုးရေးလုပ်ကိုင်ရာ၌ တောင်သူတစ်ဦးတစ်ယောက်တည်း စနစ်မကျသော စိုက်ပျိုးမှုမှသည် တောင်သူများပူးပေါင်း၍ ၎င်းတို့ပိုင်ဆိုင်သည့် တစ်ဆက်တည်း လယ်ယာမြေများ၌ စပါးတစ်မျိုးတည်းကိုသာစိုက်ပျိုးကြခြင်း၊ သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းစီမံခန့်ခွဲခြင်း၊ မျိုးနှင့်သွင်းအားစုများ စုပေါင်းဝယ်ယူခြင်း၊ စုပေါင်းထုတ်လုပ်ခြင်း၊ စုပေါင်းပြုပြင်ထုတ်လုပ်ခြင်းနှင့် စုပေါင်းဈေးကွက်ချိတ်ဆက်ရောင်းချနိုင်ခြင်းတို့ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

# ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံစုံ လျာထားကေထက်ပိုမိုစိုက်ပျိုးနိုင်



ပွင့်ဖြူ ဩဂုတ် ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၃၁၉၀၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးခြင်းကို ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယခုအချိန်တွင်မြေပဲ ၆၀၆၅ ဧက၊ နှမ်း ၂၄၇၂ ဧက၊ နေကြာ ၁၁၂ ဧက စုစုပေါင်းဆီထွက်သီးနှံစုံ ၃၁၉၀၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ပွင့်ဖြူမြို့နယ်မှာ ဆီထွက်သီးနှံစုံ ၃၁၉၀၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ မြေပဲ၊ နှမ်း၊ နေကြာဆီထွက်သီးနှံ စိုက်ပျိုးရာမှာလည်း လက်ရှိမှာ ၃၁၉၀၇ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေအလိုက် လျာထားချက်ဧကကိုပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ စိုက်ပျိုးထားတဲ့ ဆီထွက်သီးနှံစိုက်ခင်းတွေကို အထွက်နှုန်းတွေ တိုးတက်စေဖို့၊ ပိုးမွှားရောဂါကင်းရှင်းစေဖို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသည် ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများကို စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧကပန်းတိုင်အထွက်နှုန်းများရရှိစေရေးအတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ GAP စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများနှင့် ဆက်စပ်သူများအားလုံးအနေဖြင့် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်မြော်တွေးလျက် နိုင်ငံအတွင်း စားသုံးဆီဖူလုံရေးနှင့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်ပြသ

အောင်လံ ဩဂုတ် ၈

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ မိဘပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူလူငယ်များ သဘာဝဘေးအန္တရာယ်များ အကြောင်းသိရှိပြီး ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်စေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးနံရံကပ်စာစောင်ပြသခြင်းကို ဩဂုတ်လ ၇ ရက် ညနေပိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ဆောင်ရွက်သည်။

အဆိုပါအသိပညာပေးနံရံကပ်စာစောင်တွင် ရေကြီးရေလျှံမှုမဖြစ်ပေါ်မီ ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ ရေဘေးကြုံတွေ့နေရစဉ်အတွင်း ဘေးကင်းရာသို့ ရွှေ့ပြောင်းခြင်းနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ ရေကြီးမှုအပြီးတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအန္တရာယ်နှင့် ကျန်းမာရေးသတိပြုရမည့်အချက်များ၊ လျှပ်စီးလက်နေစဉ်အတွင်း ဝပ်ကာ၊ ကိုင်စနစ်ဖြင့် မိမိကိုယ်ကိုအကာအကွယ်ပေးရမည့်နည်းလမ်းများ၊ နေအိမ်အတွင်း/အပြင်ရောက်ရှိနေစဉ် ပြုလုပ်ရမည့်အချက်များ၊ လျှပ်စီးပြီးနောက် နောက်ဆက်တွဲအန္တရာယ်များကို သတိပြုရန်နှင့် ကြိုတင်ပြင်ဆင်စုဆောင်းထားရမည့် အရေးပေါ်အသက်ကယ်ပစ္စည်းများ အစရှိသည့်အကြောင်းအရာများကို ရုပ်ပုံများ၊ စာသားများဖြင့် ပြသဆောင်ရွက်ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)



# ဒေးဒရဲမြို့နယ်၌ မိုးစပါးအထွက်နှုန်းတိုးတက်စေရေး မျိုးစေ့ချကိရိယာအသုံးပြု၍ မျိုးစေ့ချစိုက်ပျိုးပွဲကျင်းပ

ဒေးဒရဲ ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ဧကများတွင် တစ်ဧက စပါးအထွက်နှုန်း ပိုမိုတိုးတက်စေရေး၊ ကြဲခင်းစနစ်ပပျောက်စေရေး၊ လယ်ယာလုပ်သားရှားပါးမှုနှင့် ကောက်စိုက်စရိတ်ကြီးမြင့်သည့် အခက်အခဲများကျော်လွှား၍ ကုန်ကျစရိတ်သက်သာပြီး အချိန်တိုအတွင်း ပြီးစီးနိုင်သော မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနည်းစနစ်ကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးရာသီ၌ မျိုးစေ့ချကိရိယာ (Drum Seeder)အသုံးပြု၍ မျိုးစေ့ချစိုက်ပျိုးပွဲ အခမ်းအနားကို ဩဂုတ်လ ၇ ရက် နံနက်ပိုင်းတွင် ချောင်းဖျားကျေးရွာအုပ်စု ကွင်းအမှတ်(၂၅၂)ရှိ တောင်သူ ဦးထွန်းမြင့်အောင်၏ မိုးစပါးစိုက်ပျိုးလယ်မြေ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်မောင်မောင်နှင့်ဝန်ထမ်းများ၊ အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းရှိ စိုက်ပျိုးရေးအထူးပြု ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံတောင်သူများက မျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါမျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့် စပါးမျိုးစေ့ချစိုက်ပျိုးခြင်းဖြင့် စပါးကြဲခင်းထက် မျိုးစေ့နှုန်းလျှော့ချနိုင်ခြင်း၊ ပျိုးနုတ်ရန် မလိုအပ်ခြင်းကြောင့် ပျိုးပင်ထိခိုက်မှုသက်သာစေခြင်း၊ အမြစ်ကြီးထွားဖွံ့ဖြိုးမှု စောစီးစွာရရှိစေခြင်း၊ ရေကြီးနစ်မြုပ်ခြင်းနှင့် ရေဝပ်ဒဏ်ကို ပိုမိုခံနိုင်ရည်ရှိစေခြင်း၊ အသုံးပြုမြေဩဇာ၏ အကျိုးသက်ရောက်နိုင်စွမ်း ပိုမိုကြာမြင့်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

အေဇာလင်း

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

## ပြောလိုက်ပါ့ မြစ်သံလွင်

❐ တောတန်းက ခွေချင်ခွေ
တောင်တွေက မတ်ချင်မတ်။
ပြည့်တွက်တာ နှလုံးသွင်းလို့
အားတင်း ကျော်ဖြတ်။

❐ လှိုင်းဂယက် ထန်ချင်ထန်
ရေစီးသံ ကြမ်းချင်ကြမ်း။
ပြည့်တွက်တာ နှလုံးသွင်းလို့
အားတင်းဖြတ်သန်း။

❐ မကြောက်ရွံ့ ဆယ်ကမ္ဘာ
မြန်မာတို့ ဇာတိသွေး။
ပြည်ချစ်မောင် ဇာနည်ဖွား
စစ်သားတဲ့ လေး။

❐ ကိုယ်ကျိုးလည်း ဘယ်မမင်
ထာဝစဉ် အောင်ပွဲ။
သေပေစေ ရင်မြေကတုတ်
မဆုတ်နစ် ဖွဲ။

❐ တစ်တောင်ကျော် တစ်တောင်တက်
ခရီးဆက် ခဲ့ရာတွင်။
ဒို့ရှမ်းမြေ တောင်ပြာတန်း
လှမ်းခဲ့သည်ပင်။
ထင်ရှူးနံ့ ချိုလွင်လွင်
ချယ်ရီပင် အလှဆန်း။
မြစ်သံလွင် ကြည်ကြည်အေးနဲ့
တေးသံက လွှမ်း။

❐ အို...အချင်း မြစ်သံလွင်...။
ဇာတိမြေ တစ်နယ်ကျေးဆီက
မွေးမိကို သံချိုနှော
ပြောလိုက်စေချင်။
"မေ့သားကြီး လူညိုယဉ်
စစ်မြေတွင် မာပါရဲ့။
အောင်ပွဲက ထာဝစဉ်
စစ်မြေတွင် သာပါရဲ့။
ပြည့်တွက် တာဝန်ကျေဖို့
အားသစ် တဝေဝေမို့
အောင်သပြေ ညောင်ရေအေးရယ်နဲ့
အောင်ပါစေ ဆုချွေပေးပါလို့
မွေးမိကို သံချိုနှော
ပြောလိုက်ပါကွယ့်"။ ။

မြင်းမူမောင်နိုင်မိုး

# ဆေးဖက်ဝင်ရွှေပဲသီးအကြောင်းသိကောင်းစရာ



### ရွှေပဲသီး

ရွှေပဲသီး၏ ချိုမြိန်သောအရသာကြောင့် ကလေး၊ လူကြီးမရွေး ကြိုက်နှစ်သက်ကြသည်။ ရွှေပဲသီးသည် ခူးဆွတ်ပြီးပြီးချင်း ပဲတောင့်ရှည်များကဲ့သို့ အခွံခွာစရာမလိုဘဲ အခွံရော အစေ့ပါ အတောင့်လိုက် အစိမ်းလိုက်ဖြစ်စေ၊ ချက်ပြုတ်၍ဖြစ်စေ စားသုံးနိုင်ပြီး အခွံပွပွထူထူလေးနှင့် ချိုပြီး ကြွပ်ရွနေသည်မှာ ရွှေပဲသီး၏ထူးခြားချက်ဖြစ်သည်။ ရွှေပဲသီးသည် တစ်နှစ်ခံသစ်ပျော့ပင်အမျိုးအစားဖြစ်ပြီး အာရှ၊ အာဖရိက၊ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့၌ အများဆုံးစိုက်ပျိုးကြသည်။ အလွန်အရသာရှိပြီး အာဟာရပြည့်ဝသည့် ရွှေပဲသီး၏ အင်္ဂလိပ်အမည်မှာ Sugar Snap Pea သို့မဟုတ် Snap Pea သို့မဟုတ် Garden pea ဖြစ်ပြီး ရွှေပဲသီး၏သိပ္ပံအမည်မှာ Pisum Sativum Var Macrocarpum ဖြစ်သည်။ ရွှေပဲသီးသည် မျိုးရင်း Fabaceae(ယခင် Legumi-nosae) ပဲမျိုးရင်းဝင်ဖြစ်ပြီး ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပဲလွှမ်းတို့နှင့် မျိုးရင်းတူဖြစ်သည်။

### ရွှေပဲသီးစိုက်ပျိုးမှုပုံစံ

ရွှေပဲသီးက အေးမြသည့်ရာသီဥတုကို နှစ်သက်ပြီး မြန်မာနိုင်ငံ၌ ဆောင်းတွင်းကာလများနှင့် ရှမ်းပြည်နယ်ကဲ့သို့ အေးသောဒေသများတွင် အောင်မြင်ဖြစ်ထွန်းသည်။ နွယ်ပင်ဖြစ်သောကြောင့် စိုက်ပျိုးသည့်အခါ စင် သို့မဟုတ် တိုင်ထောင်ပေးရသည်။ အပင်အခြေအနေအပေါ်မူတည်၍ မှိုသတ်ဆေးများကို သင့်တော်သလို သုံးစွဲပေးရသော်လည်း နူးညံ့သော ရွှေပဲသီးပင်အတွက် ပြင်းထန်သည့် ပိုးသတ်ဆေးမျိုး မသုံးစွဲသင့်ဘဲ စနစ်တကျချိန်ဆသုံးစွဲရမည်။ အပင်ငယ်စဉ်တွင် ပျ၊ ဖြုတ်စိမ်း၊ လေးပိုးတို့ကို သတိထားနှိမ်နင်းရပြီး အသီးများတွင် စုပ်စားပိုးဝင်သွားပါက အသီးများမလှဘဲ တွန့်ကောက်တတ်သည်။

### ရွှေပဲသီးစားသုံးမှုပုံစံ

ပုံမှန်ပဲတောင့်ရှည်သီးများကဲ့သို့ အခွံခွာစရာမလိုဘဲ အခွံရော အစေ့ပါ အတောင့်လိုက်စားနိုင်သည်။ ရွှေပဲသီးကို အသုပ်များတွင် ထည့်စားခြင်း၊ အစိမ်းလိုက်စားခြင်းအပြင် ကြက်သွန်ဖြူ၊ မှို၊ မုန်လာဥနီ၊ ပုစွန် သို့မဟုတ် အသားတစ်မျိုးမျိုးနှင့် ကြော်စားခြင်း၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်တွင် ထည့်ကြော်ခြင်း၊ ရေနွေးပူပူတွင် မိနစ်ပိုင်းခန့်စိမ်ပြီး အချဉ်ရည်နှင့်တို့စားခြင်းတို့ ပြုလုပ်စားသောက်ကြသည်။

### ရွှေပဲသီးကိုအာဟာရမပျက်အောင် ချက်စားနည်းများ

ရွှေပဲသီးကို ၃ နာရီမှ ၆ နာရီခန့် ရေထဲတွင်စိမ်ထားခြင်းဖြင့် အစာကြေလွယ်စေခြင်း၊ အာဟာရစုပ်ယူမှုတိုးတက်စေခြင်းနှင့် ဗီတာမင်မပျက်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိစေသည်။ မီးဖြင့် အချိန်ကြာကြာချက်ခြင်းဖြင့် ဗီတာမင်-B နှင့် ဗီတာမင်-C များ ပျက်လွယ်သောကြောင့် အချိန်မကြာစေရန် သတိပြုချက်ပြုတ်သင့်သည်။ ဆီမလိုဘဲ ပေါင်းချက်ခြင်းဖြင့် အာဟာရဆုံးရှုံးမှုနည်းသည့် အကျိုးကျေးဇူးရရှိနိုင်သည်။ ကျန်းမာရေးအတွက် အကောင်းဆုံးနည်းလမ်းတစ်ခုမှာ ရေစိမ်ပြီး ၁ ရက်မှ ၂ ရက်ထားကာ အပင်ပေါက်ဖြစ်လာပြီးမှ စားခြင်းဖြင့် ဗီတာမင်-C တိုးတက်ခြင်း၊ Protein quality ပိုကောင်းလာခြင်း၊ အစာကြေလွယ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်သည်။ ရွှေပဲသီးကို ဆီအလွန်အကျွံသုံးပြီးချက်ပြုတ်ပါက ကယ်လိုရီမြင့်တက်သွားနိုင်ပြီး ကျန်းမာရေးအကျိုးကျေးဇူးများ လျော့နည်းနိုင်သောကြောင့် ဆီနည်းနည်းဖြင့် သာချက်စားသင့်သည်။ ဟင်းချက်ခါစတွင် ဆားထည့်လျှင် မနူးလွယ်သောကြောင့် နူးပြီးနောက်ဆုံးမှ ဆားထည့်ရမည်။

> **"ရွှေပဲသီးသည် ပရိုတင်း၊ ဗီတာမင်နှင့် သတ္တုဓာတ်များစွာ ပါဝင်ပြီး အာဟာရမြင့်ခြင်း၊ အစာခြေစနစ်ကောင်းမွန်ခြင်း၊ အရိုးနှင့် ကြွက်သားဖွံ့ဖြိုးမှုကိုအထောက်အကူပြုခြင်း၊ နှလုံးနှင့်သွေးလည်ပတ်မှုကို ကောင်းမွန်စေခြင်း၊ သွေးချိုထိန်းညှိနိုင်ခြင်း၊ ကိုယ်အလေးချိန်ထိန်းနိုင်ခြင်း၊ အာဟာရပြည့်ဝပြီး အဆီနည်းသော အစားအစာဖြစ်ခြင်းတို့ကြောင့် နေ့စဉ်စားနေကျဟင်းတစ်ခွက်အနေဖြင့် ပုံမှန်အတိုင်းစားသုံးပါက ကျန်းမာရေးအတွက် အထူးသင့်လျော်သည့် သီးနှံတစ်မျိုးဖြစ် . . ."**

### ရွှေပဲသီးမှရရှိနိုင်သော အာဟာရတန်ဖိုးများ

ရွှေပဲသီးတွင် ကယ်လိုရီပါဝင်မှုနည်းပါးပြီး ခန္ဓာကိုယ်အတွက် အကျိုးပြုသည့် အမျှင်ဓာတ်၊ ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်၊ ဗီတာမင်-B၊ ဖောလိတ်၊ ကယ်လ်စီယမ်၊ ပိုတက်ဆီယမ်၊ သံဓာတ် စသည်ဖြင့် ဗီတာမင်နှင့် သတ္တုဓာတ်များကြွယ်ဝစွာပါဝင်ပြီး အဆီ၊ ကိုလက်စထရော၊ ဆိုဒီယမ် အနည်းငယ်သာပါဝင်သောကြောင့် နှလုံးကျန်းမာရေး၊ အရိုးနှင့်ကြွက်သားဖွံ့ဖြိုးမှု၊ သွေးသန့်စင်မှုအတွက် အထူးသင့်လျော်သည်။ ထို့ပြင် ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးကာ အသားအရေကို ကြည်လင်စေသည့် ဗီတာမင်-C ၊ အရိုးအဆစ်များကိုသန်မာစေပြီး သွေးခဲစနစ်ကိုကူညီပေးသည့် ဗီတာမင် -K ၊ အစာခြေစနစ်ကို ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးသည့် အမျှင်ဓာတ်၊ တခြားဓာတ်များဖြစ်သည့် ဗီတာမင်-A ၊ ဖောလစ်အက်စစ်၊ မဂ္ဂနီဆီယမ်နှင့်သံဓာတ်များလည်း ကြွယ်ဝစွာပါဝင်ပြီး ခန္ဓာကိုယ်အတွက် အာဟာရပြည့်ဝစေသည်။

### အရိုးအဆစ်များကိုသန်မာစေသော ရွှေပဲသီး

ရွှေပဲသီးတွင် ဗီတာမင်-K ပါဝင်သောကြောင့် အရိုးအဆစ်များကိုသန်မာစေပြီး သွေးခဲစနစ်ကိုကူညီပေးသည်။

### ဝမ်းချုပ်ခြင်းမှကာကွယ်ပေးသော ရွှေပဲသီး

ရွှေပဲသီးတွင် အမျှင်ဓာတ် ပါဝင်သောကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းမှကာကွယ်ပေးကာ အစာအိမ်နှင့် အူလမ်းကြောင်းကျန်းမာရေး ကောင်းမွန်စေသည်။

### ကိုယ်အလေးချိန်ထိန်းညှိပေးနိုင်သော ရွှေပဲသီး

ရွှေပဲသီးတွင် အမျှင်ဓာတ်များပြီး ကယ်လိုရီနည်းသောကြောင့် ဗိုက်ပြည့်လွယ်စေပြီး ကိုယ်အလေးချိန်ထိန်းညှိရာတွင် အထောက်အကူပြုပြီး အစာစားချင်စိတ်ကိုလျော့နည်းစေသည်။

### နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးသောရွှေပဲသီး

ရွှေပဲသီးတွင် ကိုလက်စထရောပမာဏကိုလျှော့ချပေးနိုင်သည့် အမျှင်ဓာတ်ပါဝင်သောကြောင့် သွေးဖိအားကို ထိန်းညှိကူညီပြီး နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးသည်။

### သွေးချိုထိန်းညှိပေးသောရွှေပဲသီး

ရွှေပဲသီးသည် Glycemic Index (GI) နည်းပါးသည့် အစားအစာဖြစ်သောကြောင့် သွေးတွင်းသကြားဓာတ်ကို ရုတ်တရက်မြင့်တက်မသွားစေဘဲ တည်ငြိမ်စေပြီး သွေးချိုရောဂါရှိသူများအတွက် သင့်တော်သည်။

### ကိုယ်ခံအားမြှင့်တင်ပေးသောရွှေပဲသီး

ရွှေပဲသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သောကြောင့် ကိုယ်ခံအားကို မြှင့်တင်ပေးသည်။

### ဆီးချိုရောဂါကိုထိန်းချုပ်ပေးသော ရွှေပဲသီး

ဆီးချိုရောဂါဝေဒနာရှင်များအနေဖြင့် ဆီးချိုရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ ရှောင်ကြဉ်ရသည့် အစားအစာများပြားပြီး ရွေးချယ်စားသုံးရန် အစားအစာအမျိုးအစားနည်းပါးလှသော်လည်း ရွှေပဲသီးက ဆီးချိုရောဂါဝေဒနာရှင်များအတွက် သင့်တော်ပြီး ကောင်းကျိုးများစွာပေးနိုင်သည်။ ရွှေပဲသီးသည် ကယ်လိုရီပါဝင်မှုနည်းပါးသည့် ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သောကြောင့် Diet Plan များတွင် အများဆုံးထည့်သွင်းစားသုံးလေ့ရှိကြသည်။ ရွှေပဲသီးပန်းကန်လုံး ခပ်ကြီးကြီးတစ်လုံးစာတွင် ကယ်လိုရီ ၃၀ ခန့်သာပါဝင်ပြီး အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် ဆီးချိုကိုထိန်းချုပ်ပေးနိုင်သည်။ အသားစားသုံးမှုနည်းပါးသည့်သူများကို အာဟာရပညာရှင်များ အကြံပြုစားသုံးစေသည့် အစားအစာများတွင် ရွှေပဲသီးသည် တစ်ခုအပါအဝင်ဖြစ်သည်။ ပရိုတင်းဓာတ်သည် ဆီးချိုရောဂါဝေဒနာရှင်များ အပါအဝင် သာမန်လူများအတွက်ပါ အရေးကြီးသည့် အာဟာရဓာတ်တစ်မျိုးဖြစ်သည်။

### သွေးအားနည်းရောဂါကို ကာကွယ်ပေးနိုင်သော ရွှေပဲသီး

ရွှေပဲသီးတွင် အစားအစာများမှ သံဓာတ်စုပ်ယူမှုကို အထောက်အကူဖြစ်စေသည့်အပြင် ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေသည့် ဗီတာမင်-C ပါဝင်မှုနှုန်းများပြားခြင်းကြောင့် အနာကျက်မြန်စေသည့်အပြင် သွေးအားနည်းရောဂါကိုပါ ကာကွယ်ပေးနိုင်သည်။

### သွေးတိုးရောဂါကို ကာကွယ်ပေးနိုင်သော ရွှေပဲသီး

ရွှေပဲသီးတွင် ပိုတက်ဆီယမ်ဓာတ် ကြွယ်ဝစွာပါဝင်သောကြောင့် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်သည့်အပြင် သွေးဖိအားမြင့်တက်ခြင်းကိုလည်း ထိန်းချုပ်ပေးနိုင်သောကြောင့် သွေးတိုးရောဂါကို ကာကွယ်ပေးနိုင်သည်။

### ဆိုးကျိုးအနည်းငယ်ရှိသောရွှေပဲသီး

ရွှေပဲသီးသည်သဘာဝအတိုင်း အာဟာရပြည့်ဝသည့် အသီးအနှံဖြစ်သောကြောင့် စားသုံးလျှင် ဘေးဥပဒ်ဆိုးကျိုးမရှိသော်လည်း တန်ဆေးလွန်ဘေး ဆိုသကဲ့သို့ စားသုံးမှုပုံစံမမှန်လျှင်ဖြစ်စေ၊ ခန္ဓာကိုယ်ကျန်းမာရေးအခြေအနေအပေါ် မူတည်ပြီးဖြစ်စေ သတိထားရမည့်ဘေးထွက်ဆိုးကျိုးအနည်းငယ်ရှိသည်။

### ရေနွေးဖြောစားသင့်သော ရွှေပဲသီး

ရွှေပဲသီးတွင် လက်တင်ဟုခေါ်သည့် ပရိုတင်းတစ်မျိုးပါဝင်သောကြောင့် ရွှေပဲသီးကို အစိမ်းလိုက် အများကြီးစားမိလျှင် လက်တင်ဓာတ်ကြောင့် ဗိုက်ပွခြင်း၊ လေအောင့်ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်းနှင့် မအီမသာဖြစ်ခြင်း တွေ့ကြုံရတတ်သည်။ ထို့ကြောင့် ချက်ပြုတ်ခြင်း သို့မဟုတ် ရေနွေးဖြောခြင်းဖြင့် အဆိုပါလေပွစေသည့်ဓာတ်များကို လုံးဝပျက်ပြယ်သွားစေသည်။

### ယူရစ်အက်စစ်တက်ပြီး အဆစ်အမျက် ကိုက်ခဲစေနိုင်သော ရွှေပဲသီး

ပဲအမျိုးအစားအများစုတွင် Purine ဓာတ်ပါဝင်မှု မြင့်မားသောကြောင့် ခန္ဓာကိုယ်တွင်း၌ Purine ဓာတ်များလာသည့်အခါ ယူရစ်အက်စစ်အဖြစ် ပြောင်းလဲသွားသည်။ သာမန်လူများအတွက် ပြဿနာမရှိသော်လည်း ဂေါက်ရောဂါရှိသူများနှင့် သွေးတွင်းယူရစ်အက်ဆစ် မြင့်မားသောကြောင့် အဆစ်အမျက်ကိုက်ခဲတတ်သူများအနေဖြင့် ရွှေပဲသီးကို အလွန်အကျွံမစားသင့်ပေ။

### ကျောက်ကပ်ရောဂါအခံရှိသူများ သတိထားသင့်သော ရွှေပဲသီး

ရွှေပဲသီးတွင် Oxalate ဓာတ် အနည်းငယ်ပါဝင်သောကြောင့် ခန္ဓာကိုယ်တွင်း၌ Oxalate ဓာတ်များ ပုံမှန်ထက်များလာပါက ကျောက်ကပ်တွင်ကျောက်တည်ခြင်းကို ဖြစ်စေနိုင်သောကြောင့် ကျောက်ကပ်ကျောက်တည်ဖူးသူများ သို့မဟုတ် ကျောက်ကပ်အားနည်းသူများအနေဖြင့် အနည်းငယ်သာ စားသုံးသင့်သည်။

### သွေးကျဲဆေးသောက်နေရသူများ သတိထားသင့်သောရွှေပဲသီး

ရွှေပဲသီးတွင် သွေးခဲစနစ်ကိုကူညီပေးသည့် သဘာဝရှိသော ဗီတာမင် -K ကြွယ်ဝစွာပါဝင်သောကြောင့် နှလုံးရောဂါ သို့မဟုတ် သွေးကြောပိတ်ရောဂါကြောင့် သွေးကျဲဆေး ပုံမှန်သောက်နေရသူများအနေဖြင့် ရွှေပဲသီးကို များစွာစားသုံးမိပါက ဆေး၏အာနိသင်ကို အနှောင့်အယှက်ဖြစ်စေနိုင်သည်။

### ရွှေပဲသီးအနှစ်ချုပ်

ရွှေပဲသီးသည် ပရိုတင်း၊ ဗီတာမင်နှင့် သတ္တုဓာတ်များစွာပါဝင်ပြီး အာဟာရမြင့်ခြင်း၊ အစာခြေစနစ်ကောင်းမွန်ခြင်း၊ အရိုးနှင့် ကြွက်သားဖွံ့ဖြိုးမှုကိုအထောက်အကူပြုခြင်း၊ နှလုံးနှင့်သွေးလည်ပတ်မှုကိုကောင်းမွန်စေခြင်း၊ သွေးချိုထိန်းညှိနိုင်ခြင်း၊ ကိုယ်အလေးချိန်ထိန်းနိုင်ခြင်း၊ အာဟာရပြည့်ဝပြီး အဆီနည်းသော အစားအစာဖြစ်ခြင်းတို့ကြောင့် နေ့စဉ်စားနေကျဟင်းတစ်ခွက်အနေဖြင့် ပုံမှန်အတိုင်းစားသုံးပါက ကျန်းမာရေးအတွက် အထူးသင့်လျော်သည့် သီးနှံတစ်မျိုးဖြစ်သည်။ သို့သော် ဂေါက်ရောဂါ၊ ကျောက်ကပ်ရောဂါအခံရှိသူများ၊ သွေးကျဲဆေးသောက်သုံးသူများ၊ အစိမ်းလိုက်စားသုံးသူများနှင့် အလွန်အကျွံစားသုံးသောသူများ အနည်းငယ်ချင့်ချိန်စားသုံးပေးခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူဖြစ်စေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာလပြည့်ခင်**

# ကျောက်ဆည်မြို့နယ်၌ စားသုံးဆီဖူလုံပိုလျှံရေးအတွက် ဆီထွက်သီးနှံဧက ၃၀၀၀ ကျော် စိုက်ပျိုး



**ကျောက်ဆည် ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ စားသုံးဆီ ဖူလုံပိုလျှံရေးအတွက် ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ဆီထွက်သီးနှံဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးနေကြာသီးနှံများစိုက်ရာ၌ ဆည်ရေသောက်၊ မိုးကောင်းရေသောက် စနစ်များဖြင့် ဒေသအလိုက် ကြဲပက်စိုက်ပျိုးခြင်း၊ အတန်းချစိုက်ပျိုးခြင်း အမျိုးမျိုးစိုက်ပျိုးကြကြောင်း၊ အတန်းချစနစ်ဖြင့် စိုက်ပျိုးမည်ဆိုပါက ပင်ကြားတန်းကြား ၁၅ လက်မ ခန့်အကွာ စိုက်ပျိုးသည့်အတွက် ပေါင်းမြက်ရှင်းလင်းခြင်းနှင့် မြေဆွရာ၌ လွယ်ကူသည့်အတွက် အပင်ဖြစ်ထွန်းမှုနှင့် အထွက်နှုန်းကောင်းမွန်ကြောင်း၊ မိုးနေကြာ တစ်ဧက အထွက်နှုန်းမှာ မြေအမျိုးအစားနှင့် ရာသီဥတုအပေါ်မူတည်၍ တစ်ဧက ၁၅ တင်းမှ ၂၅ တင်းကျော် ထွက်ရှိကြောင်း သံရွာကျေးရွာမှ နေကြာစိုက်တောင်သူ ဦးမျိုးထွန်းက ပြောသည်။

ကျောက်ဆည်မြို့နယ်၌ ဒေသတွင်း စားသုံးဆီ ဖူလုံပိုလျှံရေးအတွက် မိုးနေကြာသီးနှံအပြင် မိုးမြေပဲ ၁၂၉ ဧက၊ မိုးနှမ်း ဧက ၁၂၄၀ စိုက်ပျိုးထားကြောင်း သိရသည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့် မြေပဲ တို့ကိုစားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည် ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိမည်ဖြစ် ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

# ဂန့်ဂေါမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ဂန့်ဂေါ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတများပြည့်ဝကာ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ၇ ရက် နံနက်ပိုင်းတွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (စည်ပင်သာယာ)ကျောင်း၌ ကျင်းပကြောင်း သိရသည်။




အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနေမျိုးသူရက စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပမှ အသိပညာဗဟုသုတများရရှိစေမည့် သုတ/ရသ စာအုပ်စာပေများကိုပါ ဖတ်ရှုလေ့လာကြရန်လိုအပ်ကြောင်း၊ စာပေဖတ်ရှုသည့်အတွက် အကျိုးအကြောင်းနှင့် အဆိုးအကောင်းများကို ဝေဖန်ပိုင်းခြားတတ်လာစေမည်ဖြစ်ကြောင်း တို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**

## မြန်မာ့မြေမှာ လှဝေဖြာလျက်

❍ မြန်မာ့မြေမှာ၊ လှဝေဖြာလျက်
စည်လာမပျက်၊ မင်္ဂလာဖက်၍
တွဲယှက်တူယှဉ်၊ ပြစ်မမြင်ဘဲ
ချစ်ခင်ရှင်လန်း၊ အပြုံးပန်းဖြင့်
ငြိမ်းချမ်းသည့်မူ၊ ချစ်ကြည်ဖြူကာ
ညီတူရိုင်းပင်း သစ္စာခင်း။
ပြည်သူသွေးချင်း မေတ္တာနှင်း။

❍ မြန်မာ့မြေမှာ၊ လှဝေဖြာလျက်
မြန်မာသမိုင်း၊ ဂုဏ်မရိုင်းဖို့
တံတိုင်းခတ်ထား၊ သွေးစည်းအားဖြင့်
ပလွှားနိုင်ယူ၊ ဘုံရန်သူကို
ညီတူတိုက်ထုတ်၊ ရန်မျိုးဖြုတ်မည်
ကြိုးကုတ်ဖွဲ့သန်၊ စိတ်ရင်းမှန်စေ
တို့မြန်ပြည်တွက် ကြိုးစားလျက်။
မနေးမြန်ချီတက် ရှေ့သို့ဆက်။

❍ ရေမြေအလှ၊ သဘာဝနှင့်
သယံဇာတ၊ ထာဝရဖြင့်
ဗုဒ္ဓတရား၊ စည်ပြန့်ပွားလျက်
အများပြည်သူ၊ ချစ်ကြည်ဖြူရင်း
ရည်တူသဒ္ဓါ၊ စိတ်ရင်းသာသည်
မြန်မာပီပီ၊ ဘာမထီတည့်
သာကီနွယ်မျိုး အသရေတိုး။
မြန်ပြည်ကြွယ်ဖြိုး ဘုန်းတန်ခိုး။ ။

**ကိုရွှေတောသား(ဆင်ကူး)**

# စစ်ကိုင်းမြို့နယ်၌ မိုးနှမ်းဧက ၂၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးနှမ်းဧက ၂၄၆၃၃ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလမှ စတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ဧက ၂၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် စစ်ကိုင်းမြို့နယ်မှာ မိုးနှမ်းဧက ၂၄၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၂၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧက ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးနေတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်” ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

စစ်ကိုင်းမြို့နယ်၌ မိုးနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်း ပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့်အတွက် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်သည်။ ဆီထွက်သီးနှံများ အများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေး ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းစားသုံးဆီ ဖူလုံမှုကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **(၄၀၉)**

## MWD Variety Channel ၉-၈-၂၀၂၆ (တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | မှတ်သားလေ့လာ အိမ်တွင်းမှုပညာ |
| ၂။ | ၁၀:၃၀ | ရောင်စုံပျံ့သင်းစာပန်းခင်း |
| ၃။ | ၁၁:၄၅ | နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင်ထူးချွန်ထင်ရှားတပ်မတော်သားအားကစားသမားများ |
| ၄။ | ၁၄:၂၀ | တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက် |

--------------------------------

## MWD Education, Knowledge & Sports Channel

၉-၈-၂၀၂၆(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ မှ ၁၀:၀၀ | Grade-12 မြန်မာစာ၊အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ |
| ၂။ | ၁၂:၀၀ မှ ၁၄:၀၀ | Grade-12 ရူပဗေဒ၊ ဇီဝဗေဒ |
| ၃။ | ၁၆:၀၀ မှ ၁၇:၀၁ | Grade-12 ဇီဝဗေဒ၊ ပထဝီဝင် |
| ၄။ | ၁၇:၀၁ မှ ၁၈:၂၅ | Grade-12 သမိုင်း၊ဘောဂဗေဒ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၉-၈-၂၀၂၆(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ |
| ၂။ | ၁၀:၄၀ | နိပါတ်တော်လာသိမှတ်စရာ |
| ၃။ | ၁၃:၃၀ | Music Crazy |
| ၄။ | ၁၄:၅၅ | Sporty Zone |
| ၅။ | ၁၈:၂၀ | Relaxing Moment |
| ၆။ | ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

# မွေးကင်းစမှ အသက်ငါးနှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေး

ဂန့်ဂေါ ဩဂုတ် ၈

ကျန်းမာရေးဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ်လ ၇ ရက်က မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခြင်းကို မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ရှိ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဆောင်ရွက်သည်။

မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးရာတွင် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေး၊ ပိုလီယိုအကြောသေကာကွယ်ဆေး (သောက်ဆေး၊ ထိုးဆေး)၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး (ငါးမျိုးစပ်ကာကွယ်ဆေး) များကို ကလေးများ၏အသက်အရွယ်အပိုင်းအခြားအလိုက် သတ်မှတ်အကြိမ်ရေအတိုင်း ထိုးနှံတိုက်ကျွေးပေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။



ထိုသို့ ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးရာသို့ ဂန့်ဂေါမြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ အနောက်ဂန့်ဂေါ၊ ပျား၊ အုတ်လှ၊ တောင်ပြင်၊ လုံဟော၊ ဇီးပြား၊ ရောင်နက်၊ ပြစ်မ၊ စိုင်ဒူး၊ ခေါင်းတုံ၊ လက်ပန်၊ ဘော်ပြင်း၊ သာလင်း၊ တောင်ယာပြင်၊ တောင်ခင်ရန်း၊ ရွှေတောင်နှင့် ကန်ကျေးရွာ၊ ထီးလင်းမြို့နယ်အတွင်းရှိ ရေမျက်နီ၊ ပြင်ဘ၊ အုံးနှောက်၊ ရှော်ဖြူပင်၊ ကျောချောင်း၊ မျက်မြောင်၊ ဇင်းဇယ်နှင့် ကျူတာကျေးရွာတို့မှ ပြည်သူများ လာရောက်ထိုးနှံကြကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**

# စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

မြိတ် ဩဂုတ် ၈

ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတ တိုးပွားလာစေရန်နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများကို သိရှိနားလည်စေရန် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ်လ ၇ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ (တာဝန်ပေး) ဒေါ်ချိုချိုစန်းက စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ အသိပညာ ဗဟုသုတရာမှီးခြင်းဖြင့် အနာဂတ်ဘဝဖွံ့ဖြိုးတိုးတက်မှုများ၊ ကလေးသူငယ်အခွင့်အရေးများနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ/ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား တက်ကြွစွာဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

# လှိုင်းဘွဲ့မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်

လှိုင်းဘွဲ့ ဩဂုတ် ၈

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကော့လန်စူးကျေးရွာနှင့် လှကဇိုင်းကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဩဂုတ်လ ၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော့လန်စူးကျေးရွာနှင့် လှကဇိုင်းကျေးရွာတို့ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ/မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကော့လန်စူးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်းအသင်းသား ၃၁ ဦးအတွက် ငွေကျပ် ၆၇၂ သိန်း၊ လှကဇိုင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်းအသင်းသား ၃၈ ဦးအတွက် ငွေကျပ် ၅၇၈ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုကိုစိုး(ကျေးလက်)**

# ရန်ကုန်တိုင်းဒေသကြီး၌ ယခုနှစ် ခြောက်လတာ ကာလအတွင်း ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၁၉၀ ကျော်ရှိ

ရန်ကုန် ဩဂုတ် ၈

ယခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ ခြောက်လတာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၁၉၀ ကျော်ရှိကြောင်း သိရသည်။

ယင်းကာလအတွင်း ယာဉ်မတော်တဆမှု ၃၆၀ ရှိခဲ့ပြီး ၄၄၄ ဦး ဒဏ်ရာရရှိကာ သေဆုံးသူ ၁၉၁ ဦးရှိခဲ့သည်။ ၂၀၂၅ ခုနှစ် ကာလတူက ယာဉ်မတော်တဆမှု ၃၈၆ ကြိမ်ရှိခဲ့သော်လည်း ဒဏ်ရာရရှိသူ ၃၉၆ ဦးနှင့် သေဆုံးသူ ၁၇၈ ဦးသာရှိသည့်အတွက် ယခုနှစ် ယာဉ်မတော်တဆမှုဖြစ်စဉ်တွင် သေဆုံးသူနှင့် ဒဏ်ရာရရှိသူ ပိုမိုများပြားခဲ့သည်။

ယခုနှစ်တွင် နိုင်ငံတစ်ဝန်း ယာဉ်မတော်တဆမှုဖြစ်ပွားရာ၌ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ အများဆုံးဖြစ်ပွားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ လူသေဆုံးမှုအများဆုံးဖြစ်ခဲ့သည်။

ယခုနှစ် ခြောက်လတာကာလအတွင်း နိုင်ငံတစ်ဝန်း ယာဉ်မတော်တဆမှုဖြစ်စဉ် ၁၆၈၆ ကြိမ်ဖြစ်ပွားခဲ့ပြီး အဆိုပါယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရရှိသူ ၂၃၇၁ ဦးနှင့် သေဆုံးသူ ၉၃၂ ဦးရှိခဲ့သည်။

ယာဉ်မတော်တဆမှုများ လျော့နည်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စနစ်တကျလိုက်နာကြရန်နှင့် ဘေးကင်းလုံခြုံရေးကို အထူးဂရုပြုကြရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**ဝန်းရံခဲ**

# တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်စေရန် လူသုံးကုန်နှင့်အလှကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်လှစ်

မြိတ် ဩဂုတ် ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဂတ်ကျေးရွာအုပ်စု ရေမြစ်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာပေးသင်တန်းကို ဩဂုတ်လ ၇ ရက်က ဖွင့်လှစ်သည်။

ရှေးဦးစွာ မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်သူသူစံက သင်တန်းဖွင့်အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကိုပေးအပ်ရာ ကျေးရွာတာဝန်ခံဦးသိန်းစိုးက လက်ခံရယူသည်။

အဆိုပါ လူသုံးကုန်နှင့်အလှကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာပေးသင်တန်းသို့ ရေမြစ်ကြီးကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး ဆပ်ပြာဆီ၊ ဆပ်ပြာခဲ၊ Scrub အမျိုးမျိုးနှင့် ဆံသားအားဖြည့်ဆီအပါအဝင် စုစုပေါင်းဘာသာရပ် ၂၀ မျိုးကို သင်ထောက်ကူပစ္စည်းအစုံအလင်ဖြင့် ဩဂုတ်လ ၇ ရက်မှ ၁၁ ရက်အထိ သင်ကြားပေးလျက်ရှိသည်။


ယင်းသင်တန်းကို ပြည်တွင်းမှ အလွယ်တကူရရှိနိုင်သည့် ကုန်ပစ္စည်းများအားအခြေခံ၍ လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများအဖြစ် နည်းစနစ်တကျထုတ်လုပ်လာနိုင်ကာ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်လာနိုင်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခုအဖြစ် ထုတ်ကုန်အသစ်များ ပေါ်ထွက်လာစေရန်၊ လူသုံးကုန်ထုတ်လုပ်နည်းပညာများ ဖြန့်ဝေခြင်းဖြင့် အသေးစား စက်မှုလက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ထူထောင်လုပ်ကိုင်လာနိုင်စေရန်နှင့် လုပ်ငန်းမှတ်ပုံတင်များ တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။



**မြင့်ဦး(မြိတ်)**

# လွှမ်းခြုံအောင်မြင် ခရီးစဉ်မှသည် ယုံကြည်လျှောက်လှမ်း အနာဂတ်လမ်းသို့

ကေဇက်ဟိန်း(PPIB)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းအမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်း ဆူရာဆာကျာနှင့် (၇-၈-၂၀၂၆) ရက်က တွေ့ဆုံဆွေးနွေးစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ ထိုင်းနိုင်ငံ( Official Visit) ခရီးစဉ်ဟာ အောင်မြင်စွာပြီးမြောက်ခဲ့ပါတယ်။ မိဘတွေ အပြင်သွားတဲ့အခါ မိသားစုတွေအတွက် တစ်စုံတစ်ခုဝယ်လာစမြဲဆိုတဲ့ သဘာဝအတိုင်း သမ္မတကြီးရဲ့ ပြည်ပခရီးစဉ်များနောက်ကွယ်မှာ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးအတွက် မြားမြောင်တဲ့ အကျိုးရလဒ်ကောင်းတွေကိုဖော်ဆောင်လာခဲ့တာကိုလည်း အားလုံးတွေ့မြင်ကြရမှာဖြစ်ပါတယ်။ ကဲ စာဖတ်သူတို့ရေ ခရီးစဉ်ဒုတိယရက်ကို ဆက်ကြပါဦးစို့ဗျာ။

နိုင်ငံတော်အကြီးအကဲအနေနဲ့ ဒုတိယ ခရီးစဉ်ရက်မှာ ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်း ဆူရာဆာကျာနဲ့ တွေ့ဆုံခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ခရီးစဉ်တိုင်းမှာ ဥပဒေပြုရေး မဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ကဏ္ဍပူးပေါင်းမှုကိုလည်း မဖြစ်မနေ အလေးထား ဆောင်ရွက်ပေးနေတာကို တွေ့မြင်ရတယ်။ ပြည်ပခရီးစဉ်တိုင်းကို ပြန်ကြည့်ရင် နိုင်ငံတစ်နိုင်ငံရဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ နှစ်နိုင်ငံတပ်မတော်ကဏ္ဍ စတဲ့ ပင်မဒေါက်တိုင်တွေအတွက် အမြဲမပြတ် ဂရုတစိုက် လေ့လာဆောင်ရွက်ခဲ့သလို အခြားသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စွမ်းအင်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍစတဲ့ကဏ္ဍစုံကိုလည်း မဖြစ်မနေ လေ့လာဖော်ဆောင်လျက်ရှိတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ နိုင်ငံတော်နဲ့ နိုင်ငံသူနိုင်ငံသားတွေအပေါ်ထားရှိတဲ့ စိတ်စေတနာနဲ့ ဆန္ဒတွေအဖြစ် တွေ့မြင်ကြရမှာပါ။

ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌ မစ္စတာမုံခွန်း ဆူရာဆာကျာနဲ့ တွေ့ဆုံစဉ်မှာတော့ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဖော်ဆောင် ဆောင်ရွက်သွားမှု၊ ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ဆောင်ရွက်သွားမှု၊ လွှတ်တော်အသီးသီးတွင် အမျိုးသမီးများပါဝင်မှုကဏ္ဍတိုးမြှင့်ဆောင်ရွက်သွားမှု၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မှု၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူညစ်ညမ်းမှုနှင့် မြစ်ရေညစ်ညမ်းမှုကိစ္စတို့ကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာများအပေါ် ဆွေးနွေးညှိနှိုင်းအောင်မြင်ခဲ့မှုတွေကို အပြန်အလှန်သုံးသပ်ဆွေးနွေးခဲ့ကြပါတယ်။

**“ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာအလုပ်သမားများ၏အခွင့်အရေးများပြည့်ဝစွာရရှိစေရေး၊ ဥပဒေနှင့်အညီ အကာအကွယ်ပေးရေးတို့နှင့်ပတ်သက်၍လည်း ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုကြောင်း”**

ဒီတောင်းဆိုမှုကို ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့တင်မက ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌနဲ့ တွေ့ဆုံစဉ်မှာလည်း ကြားသိခဲ့ရပါတယ်။ စာရေးသူကိုမှင်တက်မိစေခဲ့တဲ့ စကားတစ်ခွန်းလို့ဆိုရပါမယ်။ နိုင်ငံအတွက်အရေးကြီးတဲ့ ကိစ္စရပ်တွေ ပြည့်နှက်နေတဲ့ကြားကပဲ ထိုင်းရောက် မြန်မာလူမျိုးတွေကို မှတ်မှတ်ရရရှိနေတာဟာ အကြီးအကဲရင်ထဲက လေးနက်မှုသတိတရရှိမှုတွေပါပဲ။ “အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေခြင်း”ဆိုတာဟာ စကားလုံးတစ်လုံးထက် ပိုပြီးနက်ရှိုင်းပါတယ်။

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားဆိုရာမှာ ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်မှာ နိုင်ငံရေးဝါဒမှိုင်းကြောင့် ရွှေ့ပြောင်းလာခဲ့သူတွေအပါအဝင် မြန်မာအလုပ်သမားများထိ အကျုံးဝင်ပါတယ်။ သူတို့စိတ်ထဲမည်သို့ရှိပါစေ၊ နိုင်ငံအကြီးအကဲကတော့ **“ဒါဟာ ကျွန်တော့်သားသမီးလေးတွေပါဗျာ၊ သူတို့လေးတွေကို စောင့်ရှောက်ပေးပါ”** ဆိုတဲ့ သဘောသက်ရောက်ပါတယ်။ မိဘတိုင်းရဲ့ရင်ထဲမှာ အမြဲကိန်းအောင်းနေတတ်တဲ့မေတ္တာစကား၊ကရုဏာစကားပါပဲ။ ဒါတွေကို ထိုင်းနိုင်ငံမှာရောက်နေတဲ့ မြန်မာလူမျိုးအားလုံးကြားသိနိုင်ပါစေ၊ ဘယ်သူတရားပျက်ပျက်ကိုယ်မပျက်ပါဘူး၊ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတယ်၊ သားသမီးဆိုး ပစ်ရိုးထုံးစံမရှိဆိုတဲ့စကားအတိုင်းပါပဲ။ နိုင်ငံတော်အကြီးအကဲရဲ့ ရင်ဝယ်သားသဖွယ်စိတ်ထားကို အမှတ်မထင်တွေ့မြင်ရပါတယ်။

ပြည်ပခရီးစဉ်တိုင်းမှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေကို အမြဲမပြတ်ဖိတ်ခေါ်တယ်။ ပြည်တွင်းမှာ ပညာရည်မြင့်မားရေးကတစ်ဆင့် အတတ်ပညာပြည့်ဝတဲ့ လူသားအရင်းအမြစ်တွေ ဖော်ဆောင်ကြိုးပမ်းနေတယ်။ ဝင်ရောက်လာမယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ လိုအပ်တဲ့ ပညာတတ် လူသားအရင်းအမြစ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိအောင်ဆောင်ရွက်ပေးမယ်။ နည်းပညာကျွမ်းကျင်သူကတစ်ဆင့် ပြည်တွင်းလုပ်ငန်းရှင်တွေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးချင်တယ်။ ပြည်ပထွက်အလုပ်လုပ်သူတွေကြောင့် ဆုံးရှုံးနေတဲ့ နိုင်ငံအတွက် လူသားအရင်းအမြစ်တွေကို နိုင်ငံတော်မှာ ပြန်လည်ပိုင်ဆိုင်စေချင်တယ်။ ဒါကလည်း နိုင်ငံတော်အကြီးအကဲရဲ့ ရေရှည်အတွက် မျှော်မှန်းချက်တစ်ခုသာဖြစ်ပါတယ်။ **စာမျက်နှာ ၁၂ သို့ ➜**




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၇-၈-၂၀၂၆) ရက်က ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၇-၈-၂၀၂၆) ရက်က သံရုံးသို့ စာရွက်စာတမ်းအထောက်အထားဆိုင်ရာကိစ္စရပ်များလာရောက်ဆောင်ရွက်နေကြသည့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား (၇-၈-၂၀၂၆) ရက်က ထိုင်းအမျိုးသားလွှတ်တော်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက နှစ်နိုင်ငံအလံများဝှေ့ယမ်း၍ လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၇-၈-၂၀၂၆) ရက်က မြဘုရားကျောင်းဆောင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

→ စာမျက်နှာ ၁၁ မှအဆက်

မှန်းဆရင်မြင်နိုင်ပါတယ်။ မှတ်မှတ်ရရ စကားတစ်ခွန်းက စာရေးသူနှလုံးသားကို အမှတ်တရအဖြစ် ငြိတွယ်သွားခဲ့ပြန်ပါတယ်။

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာသံရုံးကို ခရီးဆက်ခဲ့ပါတယ်။ မြန်မာသံရုံးမှာတော့ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းတွေ၊ မိသားစုဝင်တွေနဲ့ ပညာတော်သင်သင်တန်းသားတွေနဲ့ တွေ့ဆုံခဲ့ပါသေးတယ်။

တွေ့ဆုံစဉ်မှာလည်း တိုးတက်နေတဲ့ ပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံ၊ အသိပညာတွေကို အမှန်တကယ်သိရှိတတ်ကျွမ်းနားလည်အောင် သင်ယူလေ့လာသွားကြဖို့၊ ဘာသာစကားကိုလည်း မိမိတို့လာရောက်တာဝန်ထမ်းဆောင်ရသည့်ကာလအတွင်း တတ်မြောက်အောင် လေ့လာသင်ယူကြဖို့၊ တာဝန်ထမ်းဆောင်ရင်းနှင့် မိမိဘဝတိုးတက်မှုမှသည် နိုင်ငံတော်တိုးတက်စေဖို့၊ နှစ်နိုင်ငံအတွက် အကျိုးရှိစေမယ့် အခြေအနေကောင်းတွေ ကြိုးစားဆောင်ရွက်ကြဖို့ကို အဓိကထား မှာကြားခဲ့ပါတယ်။

ဒါ့အပြင် သံတမန်ဆက်ဆံရေးရဲ့ အရေးပါမှု၊ သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများအနေနဲ့ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံ့အကျိုးစီးပွားတိုးတက်ကြိုးပမ်းဆောင်ရွက်သွားကြဖို့၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရဖို့ မိသားစုအချင်းချင်း ဖေးမပြီး စည်းစည်းလုံးလုံးနဲ့ နေထိုင်သွားကြဖို့ကိုလည်း အလေးထား မှာကြားခဲ့ပါတယ်။

အလျဉ်းသင့်တယ်လို့ ဆိုရမှာပါပဲ။ သံရုံးမှာ စာရွက်စာတမ်းလာရောက်လုပ်နေတဲ့ မြန်မာလူမျိုးများနဲ့လည်း တိုက်တိုက်ဆိုင်ဆိုင် တွေ့ဖြစ်ခဲ့ပါသေးတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့ ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားတွေကိုအားပေးစကားပြောပြီး ဘယ်လိုအခက်အခဲရှိရှိ သံရုံး၊စစ်သံရုံးတွေမှာအချိန်မရွေးအကူအညီတောင်းဖို့ တခုတ်တရမှာခဲ့ပါသေးတယ်။ ဘယ်သို့ပင်ရောက်နေပါစေ မြန်မာလူမျိုးအားလုံးအတွက် မြန်မာနိုင်ငံတော်ဟာ အမြဲအရိပ်လိုရှိနေတယ်ဆိုတဲ့ အသိကို ပြသနိုင်ခဲ့တာပဲဖြစ်ပါတယ်။ အဝေးရောက် မြန်မာလူမျိုးများအားလုံးအနေနဲ့လည်း နိုင်ငံတော်ရဲ့တန်ဖိုး၊ နိုင်ငံတော်အကြီးအကဲရဲ့ စေတနာကို သိဖို့မြင်ဖို့ လိုအပ်ပါတယ်။


မြဘုရားသို့ဆီ ခရီးဆက်ခဲ့ပြန်ပါပြီ။ မြဘုရားကတော့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်းမှာ တည်ရှိပါတယ်။ နိုင်ငံတော်အကြီးအကဲက မြဘုရားဆောင်အတွင်းက ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီးတွေ ဆက်ကပ်လှူဒါန်းပြီး အလှူငွေနဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားသည့် စကျင်ကျောက်ဆင်းတုတော်မြတ်ကိုလည်း လှူဒါန်းခဲ့ပါသေးတယ်။

ဆက်လက်ပြီး နိုင်ငံတော်အကြီးအကဲက ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်းရှိ Dusit Maha Prasat Throne Hall ၌ ထိုင်းဘုရင်မင်းမြတ်၏မယ်တော်မိဖုရားကြီး Queen Sirikit အား အောက်မေ့သတိရခြင်းအထိမ်းအမှတ်အဖြစ် လွမ်းသူ့ပန်းခွေချခြင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားတဲ့ စကျင်ကျောက်ဆင်းတုတော်မြတ်အား လှူဒါန်းပေးအပ်ခြင်း၊Piman Rattaya Throne Hall ရှိ ထိုင်းဘုရင်မင်းမြတ်၏ သမီးတော်မင်းသမီးကြီး Princess Bajrakitiyabha တို့အား အောက်မေ့သတိရ လွမ်းသူ့ပန်းခွေချခြင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားတဲ့ စကျင်ကျောက် ဆင်းတုတော်မြတ်အား လှူဒါန်းပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ သာသနာတော်ပြန့်ပွားရေးဆောင်ရွက်မှုတစ်ခုပါပဲ။ ရှေးဘုရင်တွေ အဆက်ဆက်ကတည်းက သာသနာတော်ပြန့်ပွားရေးကို ဆောင်ရွက်ခဲ့တာလည်း မဟုတ်ပါလား။

ထိုင်းနိုင်ငံခရီးစဉ်ကတော့ အောင်မြင်စွာပြီးမြောက်ခဲ့ပါပြီ။ အမိမြန်မာနိုင်ငံတော်ဆီ ပြန်ရပါတော့မယ်။ ကြည်လင်တဲ့ ရာသီဥတုနဲ့အတူ လေဆိပ်တစ်ခွင်ဟာ ငြိမ်းချမ်းသာယာလို့နေပါတယ်။ နှစ်နိုင်ငံအလံတွေ တလူလူလွင့်ထူထားမှုနဲ့အတူ အပြာရောင်နောက်ခံကားချပ်ကြီးပေါ်မှာတော့ နှစ်နိုင်ငံအလံတော်တံဆိပ်နဲ့ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နွေးထွေးလှိုက်လှဲစွာကြိုဆိုပါ၏" ဆိုတဲ့ ခံ့ညားထည်ဝါစွာ ကြိုဆိုထားမှုကိုလည်း တွေ့ရပါတယ်။ ကော်ဇောနီရဲ့ တစ်ဖက်တစ်ချက်မှာ ထိုင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ကလည်း အလေးပြုနှုတ်ဆက်လျက်ရှိပါတယ်။

နှစ်နိုင်ငံအကြီးအကဲ နှစ်ဦးဟာ မိတ်ဆွေစစ်တို့မည်သည် သူ့အကျိုးကိုယ့်အကျိုးအတွက်အတ္တ၊ပရမ္မတအောင် တွေးခေါ်ဆက်ဆံဆောင်ရွက်တတ်ကြစမြဲပါ။ ကြုံတွေ့လာတဲ့ဒေသတွင်းအခက်အခဲ၊ နှစ်နိုင်ငံရဲ့ အဟန့်အတားမှန်သမျှကို နားလည်မှု၊ ဖေးမမှု၊ ခွင့်လွှတ်မှုတွေနဲ့ ဆောင်ရွက်နေမှု၊ နိုင်ငံတော်ရဲ့ဥပဒေပြုရေးမဏ္ဍိုင်ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်တဲ့ နိုင်ငံ့စီးပွားရေးအခွင့်အလမ်းဖွံ့ဖြိုးတိုးတက်မှု၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ရဲ့စွမ်းအင်ကဏ္ဍ၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ စတဲ့ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုတွေကို ချပြဆွေးနွေးနိုင်ခဲ့ပြီး အောင်မြင်တဲ့ ရလဒ်တွေပိုင်ဆိုင်ခဲ့တဲ့ ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါပြီ။ ဒါ့အပြင် ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများ၊ မြန်မာနိုင်ငံသားများကို စောင့်ရှောက်နိုင်ဖို့အတွက်လည်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အကြီးအကဲရဲ့ ပြည်ပခရီးစဉ်တိုင်းဟာ လှမ်းတိုင်းတင့်တဲ့ ခြေလှမ်းများသဖွယ်ပါပဲ။

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ တိမ်တိုက်များကြားကို ထိုးဖောက်ရင်း အမိမြန်မာနိုင်ငံရဲ့ လေဆိပ်ကို ဆင်းသက်ရောက်ရှိခဲ့ပါပြီ။ အကြီးအကဲရဲ့ အပြုံးနဲ့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား (၇-၈-၂၀၂၆) ရက်က ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် ဦးဆောင်သည့် ထိုင်းနိုင်ငံအဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရင်းနှီးနွေးထွေးစွာပို့ဆောင်နှုတ်ဆက်ကြစဉ်။

ကော်ဇောနီခင်းထားရာ လှေကားလမ်း တစ်လျှောက် အပြုံးကိုယ်စီနဲ့ တည်ငြိမ်စွာ လျှောက်လှမ်းလာပါတယ်။ အကြီးအကဲတို့ရဲ့ အပြုံးများဟာ နှစ်နိုင်ငံချစ်ကြည်ရေး အစွန့်ရှည်မှုကိုသာမက ယခုခရီးစဉ်ရဲ့ အောင်မြင်မှု ရလဒ်များနဲ့ နှစ်ပြည်ထောင်ပြည်သူများရဲ့ အနာဂတ်အကျိုးကိုဖော်ညွှန်းသက်သေပြလျက်ရှိပါတယ်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်က လေယာဉ်ပေါ်တက်ခါနီးထိ မိမိတို့နိုင်ငံအကြီးအကဲကို လိုက်ပါပို့ဆောင်ပေးပါတယ်။ လေယာဉ်အတက်လှေကားအရင်းမှာ ထိုင်းနိုင်ငံဝန်ကြီးချုပ်ရဲ့ နိုင်ငံတော်အကြီးအကဲလက်ကို ကျစ်လျစ်စွာဆုပ်ကိုင်ပြီး နှုတ်ဆက်တဲ့ဟန်ကလည်း နှစ်နိုင်ငံခေါင်းဆောင်ချင်း၊ နှစ်နိုင်ငံအစိုးရချင်း၊ နှစ်နိုင်ငံပြည်သူချင်း ထာဝရ ကျစ်လျစ်ခိုင်မာတဲ့ တွဲလက်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှုတွေရဲ့ အနာဂတ်စာမျက်နှာများအဖြစ် တွေ့မြင်ရမှာလည်း ဖြစ်ပါတယ်။ လက်တွဲကြိုးပမ်းဆောင်ရွက်နိုင်ရပါမယ်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ အထူးလေယာဉ်ပေါ်ကို ရောက်ရှိသွားခဲ့ပါပြီ။ မကြာမီဆိုသလိုပဲ လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ အမိမြန်မာနိုင်ငံဆီသို့ ဦးတည်ပျံသန်းလို့ နေပါတော့တယ်။

နိုင်ငံတော်အကြီးအကဲရဲ့ သမ္မတတာဝန်ယူပြီးချိန်မှစပြီး စတုတ္ထမြောက်ပြည်ပခရီးစဉ်ဖြစ်တဲ့ ထိုင်းနိုင်ငံ (Official Visit) ခရီးစဉ်ဟာ အောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါပြီ။ နိုင်ငံတော်ရဲ့ ဒီမိုကရေစီလျှောက်လှမ်းနေမှုနိုင်ငံရေးခရီး၊နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေရဲ့ လက်တွေ့ကျကျ ဖော်ဆောင်နေမှု၊ တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေတဲ့ အွန်လိုင်းလိမ်လည်မှုနဲ့ မူးယစ်ဆေးဝါးဆိုင်ရာလုပ်ငန်းများတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် လက်ပြနှုတ်ဆက်မှုတွေ၊ခရီးဦးကြိုပြုနေတဲ့ ဒုတိယသမ္မတဦးဆောင်တဲ့ အစိုးရအဖွဲ့ တာဝန်ရှိသူတွေ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်တဲ့ အဆင့်မြင့် တပ်မတော်အရာရှိကြီးများရဲ့ ကြိုဆိုနှုတ်ဆက်နေဟန်များကလည်း ခရီးစဉ်ရဲ့ အောင်မြင်မှုရလဒ်၊ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဆိုတဲ့ စုစည်းညီညွတ်မှုအားတို့ကို ဖော်ညွှန်းနေလျက်ရှိပါတယ်။

ခရီးစဉ်တိုင်းအောင်မြင်မှုများနဲ့အတူ နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ နိုင်ငံတော်အစိုးရအနေနဲ့လည်း ပိုင်ဆိုင်လာတဲ့ အောင်မြင်မှုများနဲ့အတူ မိမိနိုင်ငံ့အရေးအတွက် နိုင်ငံ့စာမျက်နှာသစ်မှသည် အာဆီယံဒေသတွင်း၊ ကမ္ဘာ့မျက်နှာစာထိတိုင် ယုံကြည်စွာဆက်လက်လျှောက်လှမ်းသွားပေဦးမည်ဟု ရေးသားကာသီစာပန်းချီအဖြစ် ခြယ်မှုန်းလိုက်ရပါတော့သည်။ ။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

# မြို့သန့်ရှင်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

လွိုင်ကော် ဩဂုတ် ၈

ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက်ရှိ လွိုင်ကော်နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကျောင်းဝင်းအတွင်းအပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သွားရောက်ကြည့်ရှုအားပေးပြီး အသင်းတော်အဆောက်အအုံပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ပြည်နယ်မြေစာရင်းရုံး ပေ ၁၀၀၊ ၅၆ ပေ သံကူကွန်ကရစ်တစ်ထပ်အဆောက်အအုံအသစ်ဆောက်လုပ်နေမှု၊ ဒေါနိုးကူးရပ်ကွက်နှင့် မင်းစုရပ်ကွက်ရှိ အနိမ့်ပိုင်းရေဝပ်ဧရိယာမှ ရေစုပ်ထုတ်ရန်အတွက် မူလရေစက်ရုံအားတိုးချဲ့၍ 50HP မော်တာနှစ်လုံးတပ်ဆင်ခြင်း၊ ၆ လက်မ ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဒေါနိုးကူးရပ်ကွက် ရွှေတဆုပ်လမ်းနှင့် တောင်ထိပ်ပန်းလမ်းဆုံတွင်160 kAA ထရန်စဖော်မာတစ်လုံးတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးကာလုပ်ငန်းများ အမြန်စတင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အခြေခံပညာကျောင်းများ၊ ဘုရားစေတီများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၈

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ လဲချားမြို့နယ်နှင့် မိုးနဲမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ မှော်ဘီမြို့အပါအဝင် မြို့နယ် (၄)မြို့နယ်တို့ရှိ ဘုရားစေတီများ၊ အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံတို့တွင် ပတ်ဝန်းကျင်သန့်ရှင်း သာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများနေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၅၄)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ကျင်းပပြုလုပ်

နေပြည်တော် ဩဂုတ် ၈

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၅၄) နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို တိုင်းစစ်ဌာနချုပ်၊ စစ်ရေးပြကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ မိန့်ခွန်းပြောကြားပြီး စစ်ရေးပြတပ်ခွဲများက စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့နောက် ဆုချီးမြှင့်ခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပွဲကို ဆက်လက်ပြုလုပ်ရာ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး အိမ်ထောင်သည်စိုက်ပျိုးရေးအကောင်းဆုံးဆု၊ မွေးမြူရေးအကောင်းဆုံးဆုနှင့်လိုင်းသန့်ရှင်းရေးအကောင်းဆုံးဆုရရှိသူများအား ဆုများအသီးသီးပေးအပ် ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ်၏ (၅၄) နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဆုရရှိကြသူများအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင်နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအားလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၈

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "James Yar Kot" Facebook အကောင့်နှင့် " Anna Moe " Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ စမ်းချောင်းပေါက်ကျေးရွာနေ ရာကုပ်(ခ)ဂျိမ်းရာကုပ်အား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မှော်ဘီမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## ကျွန်းလှမြို့ ရေဘေးသင့်ပြည်သူများအတွက် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့ငွေပေးအပ်

မုံရွာ ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ သစ်ရာမြိုင်ရပ်ကွက်၌ ရေဝင်ရောက်သဖြင့် ယာယီနေအိမ်စွန့်ခွာ ပြည်သူများအတွက် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့သည့် ငွေကျပ် ၁၅၆၅၀၀၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ယမန်နေ့ နံနက်ပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကန့်ဘလူခရိုင် ကျွန်းလှမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုအခြေအနေများကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးနှင့် တိုင်းဒေသကြီးဝန်ကြီးများက လိုက်လံကြည့်ရှုကြပြီး ရေများဝင်ရောက်နေသည့် သစ်ရာမြိုင်ရပ်ကွက်ရှိ ယာယီနေအိမ်စွန့်ခွာ ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပြည်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကျွန်းလှမြို့ပေါ်ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ ရပ်ကွက်များအတွင်း ရောက်ရှိနေသည့် မိုးရေများအား ရေစီးဆင်းမှုကောင်းမွန်စေရန်အတွက် ရပ်ကွက်နေပြည်သူများ အတူတကွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့ပြင် အစိုးရစက်မှု၊ လက်မှုသိပ္ပံ(ကန့်ဘလူ)၌ ကျောင်းသား၊ ကျောင်းသူများ သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်မှု အခြေအနေနှင့် သင်တန်းခန်းမအတွင်း သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျောင်းဆောင်ကြံ့ခိုင်မှုနှင့် စာကြည့်တိုက် တို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဖလမ်းမြို့ ဒေသခံနေအိမ်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်



ဖလမ်း ဩဂုတ် ၈

ချင်းပြည်နယ် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဒေသခံနေအိမ်များ ပြန်လည်ပြုပြင်ရန် ဘိလပ်မြေ၊ သွပ်နှင့် သွပ်ရိုက်သံများကို ပျက်စီးဆုံးရှုံးမှုအလိုက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဖလမ်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ကျော်စွာဦးသည် ပြည်နယ်ဝန်ကြီးများ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အဖွဲ့ဝင်များနှင့်အတူ ကြည့်ရှုအားပေးသည်။

အလားတူ ရှုခင်းသာလမ်းနှင့် ကြွန်ဘိခ်လမ်းတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်နေမှု၊ လွတ်လပ်ရေး ဆုတောင်းပြည့်စေတီနှင့် မဟာဗောဓိညောင်ပင်စေတီတော် ပရိဝုဏ်အတွင်းနှင့် စေတီပတ်ဝန်းကျင်ရှိ အမှိုက်သရိုက်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှု၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဌာနဆိုင်ရာ ဝန်ထမ်းအိမ်ရာနှင့် ဒေသခံပြည်သူများ၏ နေအိမ်များ ပြုပြင်နေမှုကို ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေသည့် နယ်မြေခံတပ်မှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများကို မုန့်နှင့် အချိုရည်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

## မိုးစပါးဆင်းသုခ မျိုးစေ့ထုတ်စံပြကွက် စိုက်ပျိုးခြင်းသရုပ်ပြသ



ကော့ကရိတ် ဩဂုတ် ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်စေရေး၊ မျိုးကောင်းမျိုးသန့်များပွားများ စိုက်ပျိုးနိုင်စေရေးအတွက် ကော့ကရိတ်မြို့ အမှတ်(၆)ရပ်ကွက်၊ တောင်သူ ဦးဘမြိုင်၏ ၅ ဧကအကျယ်ရှိ လယ်မြေ၌ ယမန်နေ့က မိုးစပါးဆင်းသုခ မျိုးစေ့ထုတ်စံပြကွက် စိုက်ပျိုးသရုပ်ပြသဆောင်ရွက်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တောင်သူများတက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

အဆိုပါ မိုးစပါးစိုက်ပျိုးဆောင်ရွက်နေခြင်းအား ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက သတ်မှတ်ကောက်ကွက် ပြည့်မီစေရန် စံကွက်တိုင်းတာမှုအား သရုပ်ပြစစ်ဆေးဆောင်ရွက်ခဲ့ကြပြီး လာရောက်ကြည့်ရှုကြသည့် တောင်သူများအား စပါးမျိုးစေ့ပွားများထုတ်လုပ်နည်းလက်ကမ်းစာစောင်များအား အခမဲ့ဖြန့်ဝေဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**(၄၀၆)**

## လီဆူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

တောင်ကြီး ဩဂုတ် ၈

လီဆူတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက တောင်ကြီးမြို့နယ် အေးသာယာမြို့ တိုင်းရင်းသားစင်တာ၌ကျင်းပရာ ရှမ်းပြည်နယ်တွင်နေထိုင်သည့် တိုင်းရင်းသားလူမျိုးများအနေဖြင့် ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများမတူညီသော်လည်း တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်မှု၊ အပြန်အလှန်ယုံကြည်မှု၊ ချစ်ခင်လေးစားမှုနှင့် ရိုင်းပင်းကူညီမှုရှိရန် အလွန်အရေးကြီးပါကြောင်း ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက မှာကြားခဲ့သည်။

အစည်းအဝေးသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူး၊ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်ရှိ လီဆူတိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်ငွေလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လီဆူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ လီဆူတိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့မှ တိုင်းရင်းသူလေးများက ကပြ၊ သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၈-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၈၄၀ | ၃၉၉၅ | ၃၉၄၅ | ၃၈၅၅ | ၄၀၀၀ | ၄၀၁၅ | ၄၀၄၅ | ၃၉၂၅ | ၄၂၉၅ | ၄၃၂၅ | ၃၉၄၅ | ၄၀၅၅ | ၄၀၃၅ | ၃၉၉၅ | ၄၀၀၅ | ၄၂၃၅ |
| 95 Ron | ၃၉၅၀ | ၄၁၀၅ | ၄၀၅၅ | ၃၉၆၅ | ၄၁၁၀ | ၄၁၂၅ | ၄၁၆၀ | ၄၀၃၅ | ၄၄၀၅ | ၄၄၃၅ | ၄၀၅၅ | ၄၁၅၅ | ၄၁၅၀ | ၄၁၀၅ | ၄၁၁၅ | ၄၃၄၅ |
| HSD (500 ppm) | ၄၁၅၅ | ၄၃၀၀ | ၄၂၅၅ | ၄၁၇၀ | ၄၃၀၅ | ၄၃၂၀ | ၄၃၅၀ | ၄၂၃၅ | - | ၄၆၀၅ | ၄၂၅၅ | ၄၇၉၀ | ၄၃၄၀ | ၄၃၀၀ | ၄၃၁၀ | ၄၅၃၀ |
| HSD (50 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၀ | ၅၂၅၅ | ၅၁၃၅ | ၅၅၀၅ | ၅၅၃၀ | ၅၁၅၅ | ၅၃၅၅ | ၅၂၄၅ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |
| HSD (10 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၀ | ၅၂၅၅ | ၅၁၃၅ | | ၅၅၃၀ | ၅၁၅၅ | ၅၃၅၅ | ၅၂၄၅ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၆၃၈ | ၃၇၄၅ |
| 95 Ron | ၃၇၄၅ | ၃၈၅၄ |
| HSD (500 ppm) | ၃၉၅၅ | ၄၀၆၃ |
| HSD (50 ppm) | ၄၈၀၈ | ၄၉၃၄ |
| HSD (10 ppm) | ၄၈၀၈ | ၄၉၃၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ၈-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

⊃ စာမျက်နှာ ၁၇ မှအဆက်

ဂုဏ်ယူဖွယ်တွေ့မြင်ရပြီး ထိုသို့လှူဒါန်းမှုများ၊ စေတနာသဒ္ဓါတရားများ၏ အကျိုးကို မုချခံစားရမည်ဖြစ်ကြောင်း၊ မွန်မြတ်သည့်စိတ်ကိုအရင်းခံ၍ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ကောင်းမွန်သည့်အကျိုးကို မလွဲမသွေခံစားရမည်ဖြစ်ကြောင်း၊ ယနေ့လှူဒါန်းသည့် အလှူရှင်များသည်လည်း စေတနာအရင်းခံ၍လှူဒါန်းခြင်းဖြစ်သဖြင့် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်ပြီး ဗုဒ္ဓဘာသာအယူအဆအရလည်း ကောင်းမွန်သည့်ဆောင်ရွက်မှုဖြစ်ရန် ကောင်းမွန်သည့် အကျိုးရလဒ်များကိုပြန်လည်ခံစားရမည်ဖြစ်ကြောင်း။

ဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရပြီးနောက်ပိုင်းတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုအချိန်ပေး၍ ဆောင်ရွက်ကြရပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများကို မိမိတို့အနေဖြင့် ယခုအချိန်အထိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေရဆဲဖြစ်ကြောင်း၊ အလားတူ အခြားအကြောင်းအမျိုးမျိုးကြောင့် မြို့ပြကျေးရွာများရှိ အခြေခံအဆောက်အဦများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုလာရောက်လှူဒါန်းကြသူအများစုသည်



ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးထံ အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းထံ အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။

စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသူများဖြစ်ကြပြီး စီးပွားရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် မိမိအကျိုးနှင့် နိုင်ငံတော်၏အကျိုးကိုတစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများအနေဖြင့်လည်း နိုင်ငံ့စီးပွားတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ်အတွင်း ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ စေတနာရှင်၊ အလှူရှင်များ၊ အသင်းအဖွဲ့များက အလှူငွေများပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်သမ္မတက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ထို့နောက် စေတနာရှင်၊ အလှူရှင်များ၊ အသင်းအဖွဲ့များက အလှူငွေများဆက်လက်ပေးအပ်လှူဒါန်းကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ ပုသိမ်မြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် စုစုပေါင်းအလှူငွေ ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

PPIB News





ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

⇛ ရှေ့ဖုံးမှအဆက်

တပ်မတော်အပေါ် ထားရှိသောစေတနာနှင့် တပ်မတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ရည်မှန်းချက်များကိုသိရှိစေရန်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များဖြစ်ပေါ်လာစေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို အထောက်အကူပြုစေရန်နှင့် နိုင်ငံ့အကျိုးသယ်ပိုးရွက်ဆောင်လိုသည့် ရည်မှန်းချက်ကောင်းများထားရှိတတ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ပေးမှုကြောင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ဇေယျာသီရိမြို့နယ်ရှိအခြေခံပညာအလယ်တန်းကျောင်း(လေသာ)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင် ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကိုရှင်းလင်းပြောကြားပြီး ပြခန်းများအလိုက် တာဝန်ရှိသူများက တပ်မတော်(ကြည်း)ပြကွက်၊ တပ်မတော် (ရေ) ပြကွက်၊ တပ်မတော်(လေ)ပြကွက်များ၌ ခင်းကျင်းပြသထားမှုများကို အသေးစိတ်လိုက်လံရှင်းလင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာမှတ်သားကြည့်ရှု၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်တွင် ခင်းကျင်းပြသထားသည့်ပြင်ပပြကွက်များဖြစ်သည့် တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာယာဉ်များ၊ တပ်မတော် (ရေ) ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် လက်နက်များ၊ တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲကြားသိခဲ့ရပါတယ်-

“ဇေယျာသီရိမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အ.လ.က (လေသာ) မှ အလယ်တန်းပြဆရာမ ဒေါ်နန်းခင်နှင်းမှုံ ဖြစ်ပါတယ်ရှင့်။ ယခုလို စစ်သမိုင်းပြတိုက်ကို ကျောင်းသား၊ ကျောင်းသူများနဲ့တကွ လာရောက်၍ လေ့လာခွင့်ရတဲ့အတွက် အများကြီးပဲဝမ်းသာဂုဏ်ယူမိပါတယ်ရှင့်။ လေ့လာခွင့်ရတဲ့အတွက်ကြောင့်မို့လို့ မြန်မာ့သမိုင်းကြောင်းတစ်လျှောက်မှာ ရှိနေတဲ့ တပ်မတော်ရဲ့ကြိုးစားဆောင်ရွက်ခဲ့သော လွတ်လပ်ရေးသမိုင်းဝင်များကိုလည်းကောင်း၊ ပထမမြန်မာနိုင်ငံတော်မှစ၍ ယခုလက်ရှိအထိကို ကျွန်မတို့နိုင်ငံကို



တိုးတက်အောင် ဆောင်ရွက်ပေးခဲ့သော မင်းအဆက်ဆက်နဲ့တကွ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ရှိသော စိတ်ဓာတ်တွေကိုလည်း ရရှိစေပါတယ်ရှင့်။ စည်းလုံးညီညွတ်မှုရှိပြီးတော့မှ လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်တဲ့ စိတ်ဓာတ်တွေလည်း အများကြီးပဲရရှိစေပါတယ်ရှင့်။ မျိုးချစ်စိတ်ကို သူတို့ကိုပေးတဲ့အတွက်ကြောင့်လည်း ကျောင်းသား၊ ကျောင်းသူလေးတွေဟာ နောင်တစ်ချိန်မှာ ကျွန်မတို့နိုင်ငံရဲ့ နိုင်ငံ့ခေါင်းဆောင်ကောင်းတွေ အများကြီး ပေါ်ထွန်းလာနိုင်တဲ့အတွက်ကြောင့်လည်း အများကြီးဝမ်းသာဂုဏ်ယူမိပါတယ်ရှင့်။ အခုလို လေ့လာခွင့်ရရှိတဲ့အတွက် ကျွန်မတို့ကျောင်းတွေမှာသမိုင်းသင်ကြားရတဲ့အခါမှာ ကျောင်းသား၊ ကျောင်းသူလေးများဟာ လက်တွေ့မြင်ခွင့်၊ သိခွင့်ရရှိပြီးတော့မှ မိမိရဲ့ သင်ခန်းစာတွေအတွက်လည်း ပိုပြီးတော့မှ အထောက်အကူတွေ အများကြီးဖြစ်ပါတယ်ရှင့်။ နောင်တစ်ချိန်မှာလည်း တိုင်းပြည်အတွက်ကို နိုင်ငံ့ခေါင်းဆောင်တွေအများကြီးပေါ်ထွန်းဖို့အတွက်လည်း မျှော်လင့်ပါတယ်ရှင့်။ ကျောင်းသား၊ ကျောင်းသူလေးတွေကို ဗဟုသုတတွေ၊ ပြင်ပဗဟုသုတတွေကို ပေးတဲ့အတွက်ကြောင့်မို့လို့လည်း အားလုံးကိုကျေးဇူးအများကြီးတင်ပါတယ်ရှင့်” ဟုပြောသည်။

“ကျွန်တော်ကတော့ အခြေခံပညာအလယ်တန်းကျောင်း အ.လ.က (လေသာ) မှာ ပညာသင်ကြားနေတဲ့ Grade – 7 ကျောင်းသားလေး မောင်သော်ကောင်း



မြတ်ဖြစ်ပါတယ်။ အခုလို တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရတဲ့အတွက် အရမ်းကိုပျော်ရွှင်မိပြီး အရင်ခေတ်က လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့တဲ့ အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်းကိုလည်း သိရှိခဲ့ရပါတယ်။ ကျွန်တော်ကြီးလာတဲ့အခါကျရင် မြန်မာနိုင်ငံအတွက် အကျိုးပြုရမယ့် သားကောင်းရတနာတစ်ယောက်ဖြစ်ချင်ပါတယ်။ ဒီစစ်သမိုင်းပြတိုက်ကို လေ့လာရေးခရီးအတွက်စီစဉ်ပေးတဲ့ တာဝန်ရှိသူအားလုံးကို အရမ်းကျေးဇူးတင်မိပါတယ်” ဟုပြောသည်။ (၁၀၀)





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။

❖ **နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးဒဏ်ခံစားရသည့်ဒေသများကို အလျင်အမြန်ကွင်းဆင်းကြည့်ရှုပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ရေကြီးရေလျှံမှု စတင်ဖြစ်ပွားချိန်ကတည်းက ဘေးသင့်သူများအား ရှာဖွေကယ်ဆယ်ရေး၊ ဘေးလွတ်ရာကို ရွှေ့ပြောင်းပေးရေး၊ စားရေရိက္ခာများထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မြစ်ရေတိုက်စားပြိုကျမှုမှကာကွယ်ခြင်းတို့ကို အရှိန်အဟုန်မြှင့်တာဝန်ယူဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရ . . .**

⊃ **ကျောဖုံးမှအဆက်**

ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရေဘေးကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုအခြေအနေများ၊ ရှာဖွေကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို မှတ်တမ်းတင်ထားသည့် "သဘာဝဘေးအန္တရာယ်ကို စုပေါင်းစွမ်းအားနဲ့ ကျော်ဖြတ်ကြမယ်" Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့်အခမ်းအနားသည်ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးဒုက္ခကြုံတွေ့နေရသည့်ပြည်သူများကို စေတနာရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည့် မင်္ဂလာရှိသော အခမ်းအနားတစ်ခုဖြစ်ပါကြောင်း။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေးမျက်နှာမြို့နယ်၊ ငဝန်တာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှတစ်ဆင့်ထူးပေါက်ပြီး ရေဖြတ်သန်းစီးဆင်းခြင်းကြောင့် တာတမံနိမ့်ကျရေကျော်စီးဝင်ခဲ့၍ လေးမျက်နှာမြို့ပေါ် ရပ်ကွက်(၅)ခုနှင့် ကျေးရွာ(၁၃၈)ရွာမှ အိမ်ထောင်စုကိုးထောင်ကျော်၊ လူဦးရေသုံးသောင်းကိုးထောင်ကျော် ရေဘေးသင့်ခဲ့ပြီး ကယ်ဆယ်ရေးစခန်း (၁၇)ခု ဖွင့်လှစ်ထားသည့်အခြေအနေဖြစ်ပါကြောင်း။

ကျိုးပေါက်မှုဖြစ်စဉ် စတင်ခဲ့သည့် ဇူလိုင်လ (၃၁) ရက်မှစပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိပြည်ထောင်စုဝန်ကြီးဌာနတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ စေတနာလုပ်အားရှင်များစုပေါင်းပြီး တုတ်တန်းရိုက်၊ ဝါးထရံကာခြင်း၊ Geobag ချခြင်း၊ ကရိန်းရေယာဉ်ဖြင့် ရေဝင်လမ်းအထက်၌ သဲအိတ်ချခြင်း၊ သံခွံ CB တွဲဖြင့် သဲဖြည့်မြှုပ်ချပြီး ရေဝင်ထိန်းကာကွယ်ခြင်း၊ ပန်းတာ၏ဘယ်ညာတို့တွင် သဲအိတ်ချပိတ်ခြင်း စသည်တို့ကို အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လာမည့်ရက်များတွင်လည်း သစ်သား/သံကိုယ်ထည်စက်လှေ (၃) စင်းကို သဲဖြည့်ရေမြှုပ်ပြီး ရေစီးကြောင်းတားဆီးခြင်း၊ မြှုပ်ထားသည့် စက်လှေများပေါ်ကို သဲအိတ်ကြီးများ ထပ်ဖြည့်ချခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြစ်ရေကျချိန်တွင် ပန်းတာကို မိုးတွင်းကာလထိန်းသိမ်းနိုင်ရေးဆောင်ရွက်ရန်စီမံထားရှိပြီး ပွင့်လင်းရာသီရောက်ရှိချိန်တွင် အခိုင်အမာမြေဖို့ခြင်းများကို ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ပိုမိုခိုင်ခံ့စေရေး ပန်းတာ၏ ရေကျော်ဝင်ရောက်နေသည့်နေရာတွင် ၁၂ မီတာအရှည်ရှိသည့် Steel Sheet Pile များကို အလျား ပေ ၈၉၀ ခန့် အခုံးပုံ Pile ရိုက်သည့်လုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးဒဏ်ခံစားရသည့်ဒေသများကို အလျင်အမြန်ကွင်းဆင်းကြည့်ရှုပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ရေကြီးရေလျှံမှု စတင်ဖြစ်ပွားချိန်ကတည်းက ဘေးသင့်သူများအား ရှာဖွေကယ်ဆယ်ရေး၊ ဘေးလွတ်ရာကိုရွှေ့ပြောင်းပေးရေး၊ စားရေရိက္ခာများထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မြစ်ရေတိုက်စားပြိုကျမှုမှကာကွယ်ခြင်းတို့ကို အရှိန်အဟုန်မြှင့်တာဝန်ယူဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများလှူဒါန်းသည့် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။

❖ **ယနေ့အလှူငွေပေးအပ်ပွဲတွင် စေတနာရှင်ပြည်သူများမှ ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ကိုပေးအပ်လှူဒါန်းခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရကိုယ်စား၊ ရေဘေးသင့်ပြည်သူများ၏ကိုယ်စား ကျေးဇူးတင် . . .**

❖ **သဘာဝဘေးဒဏ်များကို ကာကွယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျစောင့်ကြည့်လေ့လာသုံးသပ်ဆန်းစစ်ဆောင်ရွက်သွားရမည်ဖြစ်၊ နောင်အနာဂတ်တွင် ရေကြီးရေလျှံမှုများလျှော့ချနိုင်ရေး စနစ်တကျသုံးသပ်တွက်ချက်၍ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လို . . .**

မိမိတို့ အစိုးရတာဝန်ယူစဉ်အချိန်ကပင် စီးပွားရေးကဏ္ဍနှင့် ပတ်သက်လာပါက **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့** ဟူသည့် မူဝါဒကိုချမှတ်လုပ်ဆောင်နေကြောင်း၊ **နိုင်ငံတော်၏စီးပွားရေးမြှင့်တင်ရန် လုပ်ဆောင်ရာတွင် ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်များကြောင့် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်သည်ဆိုသည်ကို အမြဲသတိပြုရန် မိမိအနေဖြင့်** ကြုံတွေ့နေရသည့် ဘေးအန္တရာယ်များအပြင် နောင်ဖြစ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်များအတွက်ပါ ကြိုတင်ထည့်သွင်းတွက်ဆပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အနာဂတ်အတွက် တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုရေဘေးကို အစိုးရ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးထံ အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။

**မကြာခဏ အသိပေးမှာကြားထားပြီး**ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝန်းကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှု အစရှိသည့် အမျိုးမျိုးသော အကြောင်းအရာများကြောင့် ယခုကဲ့သို့ကိစ္စရပ်များရှိနေဦးမည်ဖြစ်ကြောင်း၊ ရှိလာသည့်အခါတွင်လည်း ထိခိုက်ပျက်စီးမှုများ လျော့နည်းသည်ထက်လျော့နည်းစေရေး နောက်ပိုင်းတွင် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး၏အဓိကရည်မှန်းချက်ဖြစ်သည့် ဘေးဒဏ်များမှ ကြံ့ကြံ့ခံနိုင်ရမည်ဟူသည့် အနေအထားအထိရောက်အောင် မိမိတို့အားလုံးအတူတကွ ဝိုင်းဝန်းဆောင်ရွက်ကြရန် ထပ်လောင်းမှာကြားလိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်သည့်အခါတွင်လည်း လက်ရှိစေတနာရှင်၊ အလှူရှင်များနှင့် ပြည်သူများအတူ ဝိုင်းဝန်းပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရမည်လည်းဖြစ်ကြောင်း။

မိမိတို့ မြန်မာလူမျိုးများ၏ နှလုံးသားထဲတွင် **လှူလှူချင် မလျော့၊ မျှလှူချင်မကုန်**ဟူသော စိတ်ဓာတ်သည် အမြဲရှင်သန်နေတတ်ကြပါကြောင်း၊ မိမိတို့တွင် အနည်းငယ်သာရှိနေစေကာမူ လိုအပ်နေသူများအား မျှဝေပေးရန် ဝန်မလေးကြသည်မှာလည်း မြန်မာတို့၏ ချီးကျူးဖွယ်ဓလေ့တစ်ခုဖြစ်ပါကြောင်း၊ ယနေ့ အလှူငွေပေးအပ်ပွဲတွင်ဆိုပါကလည်း စေတနာရှင်ပြည်သူများမှ ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရကိုယ်စား၊ ရေဘေးသင့်ပြည်သူများ၏ကိုယ်စား ကျေးဇူးတင်ပါကြောင်းနှင့် မှတ်တမ်းတင်ပါကြောင်းကို ပြောကြားလိုကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီထံ အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။

သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာသည့်အခါတိုင်း မြန်မာပြည်အနှံ့မှ ပြည်သူများအနေဖြင့် ဘေးသင့်သူများကို စိတ်တူကိုယ်တူ စုပေါင်းလှူဒါန်း ကူညီကြသည်ကိုလည်း မြင်တွေ့ရပြီး ပေးကမ်းခြင်းဆိုသည်မှာ ပစ္စည်းတန်ဖိုးထက်မေတ္တာတန်ဖိုးကို ပိုမိုမြင့်မားစေပြီး လူမှုအသိုင်းအဝိုင်းကိုလည်း ပိုမိုနွေးထွေးခိုင်မာစေသည့် အင်အားတစ်ရပ်ဖြစ်လာစေပါကြောင်း။

ယခုရင်ဆိုင်ကြုံတွေ့ရသည့်ရေကြီးရေလျှံမှုတုံ့ပြန်ရေးလုပ်ငန်းများသာမက ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအထိ အားတက်သရောထောက်ပံ့လှူဒါန်းပေးကြသည့် စေတနာရှင်၊ အလှူရှင်များ၊ အဖွဲ့အစည်းများ၊ တစ်ဦးချင်းလူပုဂ္ဂိုလ်များအားလုံးနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်မှုများအပေါ် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်နှင့်ရေဘေးသင့်ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းနှင့်လှူဒါန်းမှုများအပေါ် လေးစားစွာမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဖြည့်စွက်ပြောကြားရာတွင် မိမိအနေဖြင့် ယခုအခမ်းအနားသို့မလာရောက်မီ ရေဘေးဒဏ်ကြုံတွေ့ခံစားနေရသည့် လေးမျက်နှာမြို့နယ်အတွင်းရှိရေဘေးသင့်နေရာများသို့ ရဟတ်ယာဉ်ဖြင့်သွားရောက်ခဲ့သော်လည်း ရာသီဥတုအခြေအနေမပေးသဖြင့် ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်တို့၏ မြေပြင်အခြေအနေကို ရဟတ်ယာဉ်ပေါ်မှသာကြည့်ရှုခဲ့ရကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ လူတို့၏ကြိုတင်ပြင်ဆင်မှုများဖြင့် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုများလျော့ပါးအောင်ဆောင်ရွက်နိုင်ကြောင်း၊ ယခင်ကလည်း ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများနှင့် မုန်တိုင်းတိုက်ခတ်မှုများကြောင့် ထိခိုက်သေကျေမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ သဘာဝဘေးဒဏ်များကို ကာကွယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျစောင့်ကြည့်လေ့လာသုံးသပ်ဆန်းစစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုလာရောက်လှူဒါန်းကြသည့် အလှူရှင်များသည် ဧရာဝတီတိုင်းမှသာမက အခြားဒေသများမှလည်း ပါဝင်ကြောင်း၊ ယခင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးကွင်း၊ ရေနက်ကွင်းများကို စိုက်ပျိုးမြေများအဖြစ် ဖော်ထုတ်ဆောင်ရွက်ခဲ့ကြောင်း၊ ရေထိန်းတမံတည်ဆောက်သင့်သည့်နေရာများ၌ ရေထိန်းတမံများ တည်ဆောက်၍ ရေဝင်ရောက်မှုကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ နောင်အနာဂတ်တွင် ရေကြီးရေလျှံမှုများလျှော့ချနိုင်ရေး စနစ်တကျသုံးသပ်တွက်ချက်၍ ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့ မြန်မာနိုင်ငံသား တိုင်းရင်းသားများအနေဖြင့် မိမိတို့ရှိသည့်အတိုင်းအတာများဖြင့် လှူဒါန်းလိုသည့်စိတ်များ၊ ကူညီလိုကြသည့်စိတ်များ ကိုယ်စီရှိကြသည်ကို

**စာမျက်နှာ ၁၅ သို့ ➲**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President U Min Aung Hlaing gives guidance at a meeting on rescue, relief and rehabilitation efforts concerning the flooding caused by the lowering of the Ngawun River embankment in Laymyethna Township, Ayeyawady Region



President U Min Aung Hlaing delivers an address at the meeting to operate rescue, relief and rehabilitation against the overflow of Ngawun River.

NAY PYI TAW August 8

Heavy rainfall caused a breach in the sandbar beneath the Ngawun River embankment in Laymyethna Township, Ayeyawady Region, allowing water to flow through and resulting in a section of the embankment being lowered. As flooding occurred in wards in urban areas and surrounding villages of Laymyethna Township, and villages in Hinthada, Yekyi and Kyonpyaw townships, intensive rescue and relief operations are being carried out.

A meeting to operate rescue, relief and rehabilitation against the overflow of Ngawun River due to flow of water over the lowered embankment took place at the Ayeyawady Region government office in Pathein this morning, attended by President of the Republic of the Union of Myanmar U Min Aung Hlaing who gave necessary guidance.

Also present at the meeting were Commander-in-Chief of Defence Services General Ye Win Oo, Union Ministers U Khin Maung Yi, U Mya Tun Oo, Dr Thet Khaing Win, U Min Naung, U Myo Thant and Dr Soe Win, Ayeyawady Region Chief Minister U Aye Kyaw, senior military officers from the Office of the Commander-in-Chief, the commander of South-west Command, deputy ministers, and officials from the regional government.

**Presenting reports on occurrences of floods, operating rescue and relief, maintaining the embankment and carrying out rehabilitation measures**

The Ayeyawady Region Chief Minister reported to the President on the overflow of water due to lowering the embankment of Ngawun River and causing flooding, facts about the embankment, erosion at milepost 25/3 of the Ngawun embankment in Laymyethna Township, muddy measures, inundation in residential areas and basic education schools, evacuation of people to the safer places since occurrence of flooding, supply of food and healthcare services to the people, intensifying prevention of bank erosion, continuous rescue and relief measures for the flood-hit people, distribution of fuel for vehicles from charity organizations leading to the relief camps, plans formulated in advance to evacuate people from the villages in Kyonpyaw Township facing likelihood of flooding, efforts to reopen schools after carrying out sanitation in the water receded areas, recession of water, inflow of seawater to the rivers in Ayeyawady Region, situation of flowing seawater, and prevention of inflowing seawater.

Union Ministers U Min Naung, Dr Thet Khiang Win, U Mya Tun Oo, U Myo Thant and Dr Soe Win and officials reported on the intensive measures being undertaken since 31 July, when the embankment breach first occurred, in cooperation with the Ayeyawady Region Government, relevant Union ministries and departments, local residents and volunteer workers. These measures include installing supports and bamboo fencing, placing geobags and sandbags above the water-inlet channel using crane vessels, filling and filling sand using steel-hulled CB barges to control and prevent water ingress, and blocking both sides of the breached embankment with sandbags. They also reported on activities of mobile medical teams providing timely healthcare services for the people in flood-affected areas, measures to ensure access to safe drinking water and hygienically prepared food, and adequate supplies of necessary medicines and medical equipment, storage of quality paddy seeds to be replanted in the necessary farmlands after inspecting the flooded farmlands, carrying out necessary measures, preparation of machiney for resuming the agricultural tasks, proper plans for farmers to make preparations for regrowing crops in time when water recedes, participation of personnel from relevant ministries in repairing the embankments, restoration fo transport services including maintenance of railways.

**Giving additional guidance**

In response to the reports, the President asked questions about the construction, repair and maintenance of the original riverside embankment and the Ngawun embankment (the breached section), previous flooding in Ayeyawady Region caused by embankment breaches, the extent of damage caused by the current flooding, and the assistance being provided to flood-affected people. Speaking on the occasion, the President stressed the need to ensure that people in the flooded areas have adequate access to personal healthcare and clean drinking water. If flooded and damaged paddy fields are to be replanted, sufficient irrigation water should be ensured. If there are difficulties in replanting paddy within the appropriate cultivation period, other crops should be grown instead. The necessary machinery should be moved to the affected areas in advance to enable timely cultivation, and that the required fuel should likewise be stockpiled beforehand. Regarding the temporary rehabilitation of the lowered and damaged section of the embankment, the President stressed the need for all concerned to consult, coordinate and cooperate closely so that the work can be completed as quickly as possible. Prolonged flooding would cause greater impacts on people's livelihoods and agricultural activities. Therefore, systematic drainage channels should be arranged to ensure that the floodwaters that have overflowed into the affected areas recede as quickly as possible. The relevant authorities should conduct necessary field inspections, surveys and measurements in advance to prevent further incidents of embankment subsidence during the current monsoon season.

**Preventing natural disasters and efficiently utilizing geographically provided resources**

Following this, the President delivered remarks, noting that flooding had occurred recently due to the erosion and lowering of the Ngawun River embankment, which led to water overflowing. He stated that while humans cannot avoid natural disasters entirely, human actions can help prevent and mitigate them to a certain extent. Should a natural disaster inevitably occur, it is essential to understand how to execute relief and rehabilitation efforts step-by-step. He explained that his

See Page - 19

From Page - 18

current visit was aimed at inspecting and learning how to overcome the ongoing natural disaster. He emphasized that natural disaster damage caused by flooding can be prevented and minimized through continuous research, recording, and analysis of water flow, inflow, and outflow, as well as the bed levels of all rivers, tributaries, and creeks, along with performing necessary navigational maintenance and dredging operations. Therefore, officials responsible for irrigation and water resources conservation need to systematically, continuously, and innovatively monitor and assess these factors nationwide.

Systematic research must be conducted to prevent saltwater intrusion in the Ayeyawady Delta region and to ensure that all water flowing from upstream moves along natural watercourses without entering residential areas. By monitoring, maintaining, and repairing riverbed levels, saltwater intrusion can be reduced to a certain degree, as saltwater intrusion damages agricultural activities. Consequently, constructing saltwater control embankments and building low-head dams in rivers and creeks can also help reduce saltwater intrusion. These measures should be implemented in stages based on land elevation. Although financial costs may be high, the work should be calculated and executed systematically considering the long-term benefits to be gained.

Regarding the Pathein River, large ships were able to enter and dock in the past. However, due to the rise in riverbed levels, fewer large ships can enter today. Products from the Ayeyawady Region can be transported by large vessels via the Pathein River route, and similarly, items required for the country can be processed through the Port of Pathein. Therefore, efforts should be made to develop it as the nation's second port city.

He added that if our country can efficiently utilize the land and water provided by nature, substantial benefits will be achieved. Efforts must be made to use valuable freshwater productively and to prevent saltwater from entering agricultural lands. Rivers can be used for transportation, and agricultural activities can succeed through river water-pumping projects. In securing the freshwater needed for agriculture, systematic measures must be taken to prevent saltwater from intruding into rivers and creeks. To obtain freshwater during the summer season, solar-powered electric river water-pumping operations can be implemented.

In carrying out these tasks, some aspects can be implemented by the Union Government, while others can be handled by the Region Government or collectively by farmers through a cooperative system. The Ayeyawady Region stands at the top among the six regions with high GDP in our country. Therefore, efforts should be made to boost GDP and advance local economic development by utilizing the favourable soil and water conditions already present in the region.

Regarding human resource needs, the Ayeyawady Region already has a sufficient number of educated human resources, so efforts must be made to enhance their quality. Developed countries around the world are those rich in educated citizens. Therefore, everyone must collaborate to cultivate educated people and support education. Looking back at education records over the past decades reveals weaknesses in the country's education sector. Thus, the government is implementing a compulsory education system up to KG+9 to raise the nation's education standards. Once the middle school level is fully implemented nationwide, efforts will continue to upgrade to the high school level. Because the Ayeyawady Region possesses good soil and water conditions, it is imperative to produce educated human resources to utilize these assets. Doing so will enable it to become one of the top regions in the country. While the State is providing support from all sides, local residents must also work hard to develop their region.

In working together to develop the nation and efficiently utilize resources provided by local geography, standard thinking is insufficient; people must think broadly and consider all angles. In doing so, he urged that rather than relying solely on policies and drives set at the Union level, local officials should work with goodwill using available methods to promote local development and act in the best interests of both the region and the country.

Afterward, the President, accompanied by his entourage, conducted an aerial inspection of Kangyidaunt, Ngapudaw, and Thabaung townships in the Ayeyawady Region by helicopter and gave necessary directives to responsible officials. **Myawady**



Union Minister U Min Naung accepts cash donation from a well-wisher.



Union Minister U Myo Thant accepts a cash donation from a well-wisher.

From Page - 21

ness to donate and help to their own extent and they will surely be able to enjoy the outcome of their donation and generosity. As they are doing so out of their noble enthusiasm, they will surely be able to merit of good deeds. As donors today are offering their help out of willingness to do so, it is a meritorious deed and in Buddhism, it is a meritorious deed that deserves good consequences.

In the aftermath of natural disasters, rehabilitation tasks must be carried out and we are still implementing rehabilitation tasks after the Mandalay earthquake. Rehabilitation tasks must be carried out for damage to urban and rural infrastructure. Most of the donors are business entrepreneurs and they are urged to serve the interests of their own and of the State in one way or another by further exerting efforts. As the government has been exerting efforts for stability of the country, the people are required to make concerted efforts for economic development of the country.

Then, the President accepted the cash donations of families of the Tatmadaw (Army, Navy, and Air), states and regions, well-wishers, donors and organizations and presented certificates of honor to them.

Afterward, well-wishers, donors, and organizations presented cash donations to Commander-in-Chief of Defence Services General Ye Win Oo and union ministers U Khin Maung Yi, U Mya Tun Oo, Dr Thet Khing Win, U Min Naung, U Myo Thant and Dr Soe Win, who presented certificates of honor to them.

At today's cash donation ceremony held in the Pathein city hall for relief and rehabilitation of flood-hit areas in Laymyethna Township in Hinthada District in Ayeyawady Region, well-wishers donated more than Ks- 23.324 billion.

**Myawady**



Union Minister Dr Soe Win accepts a cash donation from a well-wisher.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Spain fires back at Italy over entry checks



MADRID August 8

Spain imposed reciprocal entry checks on Saturday on people traveling from fellow EU and NATO member Italy – in response to border controls introduced by Rome following a massive influx of migrants into Ceuta, a Spanish enclave in Morocco.

The border controls on Italy, which are in response to "the persistent irregular migratory pressure affecting the transalpine country," will be in effect from midnight Saturday until September 7, the Spanish Interior Ministry said in a statement. Border agents will check passports, nationality, and visas for Italian passengers and visitors from other countries arriving from Italy.

Around 72,000 people illegally entered Ceuta last week in a matter of hours, reigniting fears of a new migrant crisis in Europe. Although the majority have since been sent back, between 3,000 and 5,000 migrants remain on Spanish territory, according to local officials.

The surge came shortly after Spain's Supreme Court ruled that migrants intercepted at sea while trying to swim into Ceuta or Melilla could not be immediately deported. According to Reuters, migrants were also encouraged by misleading viral videos on social media.

Several EU leaders responded to the incident by calling for Spain to be excluded from the bloc's Schengen borderless travel zone. On August 1, Italy introduced temporary border controls on travelers arriving from Spain. Prime Minister Giorgia Meloni said the measure was adopted to "safeguard national security and prevent possible repercussions."

On Friday, the Spanish government slammed the decision as "unfair and discriminatory" and called on Rome to "treat Spaniards in the same way as other European citizens."

"If it fails to do so by the end of Sunday, August 9, Spain will be forced to adopt proportionate measures to protect the interests and dignity of its citizens," the government said in a statement on its website. It argued that Ceuta's special status prevents irregular migrants from freely entering the Schengen Area, while Spain has in the past taken in some of the migrants who arrived on Italian shores or were rescued in the Mediterranean Sea.

The dispute highlights the rift between Meloni's center-right government and the left-wing government of Spanish Prime Minister Pedro Sanchez. Meloni has cultivated a warm relationship with US President Donald Trump, who in recent years has heavily criticized Sanchez for refusing to raise Spain's defense spending to 5 percent of GDP and for being a vocal opponent of Trump's war with Iran. **RT**

# Two trains collide east of Zagreb, 20 injured

ZAGREB August 8

A passenger train and a freight train collided on Saturday morning near Skrinjari, about 60 kilometers east of the Croatian capital Zagreb, leaving six passengers severely injured and 14 others with minor injuries.

The crash occurred at approximately 10:05 a.m. local time (0805 GMT) on a section of the track between the Sveti Ivan Zabno and Gradec stations, according to the national broadcaster Croatian Radiotelevision (HRT).

There were 28 people aboard the passenger train when the collision happened, including 26 passengers, a train driver and a conductor. The impact left several carriages of the train severely damaged.

Emergency medical personnel and firefighters rushed to the scene shortly after the collision, while police cordoned off the area. The railway line was temporarily closed to all traffic.

The Croatian Ministry of Health confirmed later in the day that a total of 20 people were injured. All the wounded have been transported to hospitals in nearby major cities for treatment.

An investigation into the cause of the collision is underway. **Xinhua**

# Lao NA president passes away


VIENTIANE August 8

Laos' National Assembly President Xaysomphone Phomvihane passed away at 11:18 a.m. local time on Saturday at the age of 70 after battling with severe vasculitis, Pasaxon newspaper reported.

To honor his contributions and express their deepest condolences, the Lao People's Revolutionary Party Central Committee and the government have agreed to observe a five-day national mourning period from August 9 to 13. Xaysomphone was a prominent leader who had devoted his life to the revolutionary cause of the Party, national development, and the well-being of the Lao people, said the report.

His death is a great loss to the Lao Party, the country, and its people, it added. **Xinhua**

# Death toll of Thai school shooting rises to 9 after death of 12-year-old girl




BANGKOK August 8

The death toll of a school shooting in Thailand's Nonthaburi Province on Friday has risen to nine, authorities said on Saturday.

Citing the ministry of public health, the province's public relations department said in a Facebook post that as of 16:00 local time on Saturday, the shooting has caused nine deaths, with 14 people still hospitalized.

It was reported that a 12-year-old girl died after being sent to the hospital. Debsirin Nonthaburi School, the victim's school and the incident site, expressed condolences to the student on social media.

Thai police summoned several students and teachers from the school on Saturday to investigate the 14-year-old gunman's motive and the source of the ammunition, saying that a press conference will be held on Sunday to announce the preliminary investigation results.

Previous reports revealed that the attack left eight people dead, including the gunman and his grandparents. **Xinhua**

# Death toll from Japan's Kumamoto earthquake rises to 39

TOKYO August 8

The death toll from the powerful earthquake that struck southwestern Japan's Kumamoto Prefecture on July 28 has risen to 39, while more than 6,500 people remain in evacuation shelters, the prefectural government said Saturday.

Of the 39 fatalities, 36 were directly caused by the 7.1-magnitude tremor, while one fatality, apparently due to heat stroke, is believed to be related to the disaster. The circumstances surrounding the other two deaths are still being examined for possible links to the quake.

So far, the earthquake has resulted in 205 casualties in the prefecture, including 23 people who sustained severe injuries.

The powerful Kumamoto earthquake registered a maximum of 7 on Japan's seismic intensity scale in the hardest-hit areas, a level at which people cannot remain standing or move without crawling and may be thrown through the air.

**Xinhua**

# Well-wishers present cash donations for rescue, relief and rehabilitation at the flood-hit areas in Laymyethna Township, Hinthada District, Ayeyawady Region

NAY PYI TAW August 8

Well-wishers presented cash donations for rescue, relief and rehabilitation at the flood-hit areas in Laymyethna Township, Hinthada District, Ayeyawady Region, at a ceremony held at Pathein city hall this afternoon, attended by President of the Republic of the Union of Myanmar U Min Aung Hlaing, who accepted the donations.

Also present were Commander-in-Chief of Defence Services General Ye Win Oo, union ministers, U Khin Maung Yi, U Mya Tun Oo, Dr Thet Khaing Win, U Min Naung, U Myo Thant, Dr Soe Win, Ayeyawady Region Chief Minister U Aye Kyaw, senior military officers from the Office of the Commander-in-Chief, the Southwest Command commander, deputy ministers and officials, officials of Region government, well-wishers, region-level departmental personnel, social organizations and town elders.

The President and attendees watched a video clip “Let’s overcome the natural disasters with collective efforts” on the flood disaster, search, rescue operations and aid distribution.



President of the Republic of the Union of Myanmar U Min Aung Hlaing accepts cash donation from a well-wisher.

In his speech, the President said that it is an auspicious ceremony in which well-wishers donated financial and material aids for the victims of floods caused by heavy rains in Laymyethna Township, Hinthada District, Ayeyawady Region.

Due to water rushing and passing through a sand boil via the sand vein of the oxbow lake beneath the Ngawun Dam in Laymyethna Township, which was triggered by downpours on 30th night, July 2026, the embankment subsided and water overflowed, submerging five urban wards, and 138 villages. Seventeen relief camps have been opened so far for over 39,000 flood victims.

Since the time the disaster hit, officials of Ayeyawady Region government and relevant union ministries, local people, volunteers have been collectively erecting emergency flood barriers, bamboo walls, laying geo-bags, laying sand bags with cranes at the upper reaches of water intake, laying sand as an embankment by steel CBs to control the water inflow, blocking the both sides of setback levee with sand bags, with energetic efforts. In the coming days, three wooden/steel motor schooners loaded with sand will be sunk to block water flowand more sand bags will be laid on the sunken boats. Arrangements are underway to control the setback levee during the monsoon when the river recedes. Earth filling must be carried out to reinforce the setback levee. Curve shape steel sheet piling is in progress at the 12 over topped areas of the setback levee, with a length of about 890 feet.

The government is swiftly conducting field surveys at the inundated areas and carrying out relief and rescue undertakings in time. The Ayeyawady Region government has been accelerating its search and rescue operations, conducting safe resettling, food provision and healthcare programs, and protecting bank erosion since the disaster broke out.

From the time it started assuming the duties, the government is implementing the policy -- **Let us encourage production for prosperity of the Nation. Time and again, the President has warned the country to be aware of the fact that natural disasters can harm the national development undertakings.** But the natural disasters will remain because of the climate change and environmental deterioration, the world including is facing. In order to lessen the damages to the most possible degree, inclusive efforts must be made to reach the level of having total resilience against disasters, the main goal of the global countries including Myanmar. Possible future disasters and long-term durability must also be taken into account in carrying out rehabilitation activities in accord with the set standard.



President of the Republic of the Union of Myanmar U Min Aung Hlaing accepts cash donation from a well-wisher.

The current disaster must be overcome through collective efforts of the government, ministries, organizations, social welfare associations, well-wishers and the public.

Normally, the mindset that **giving does not diminish, and sharing does not deplete** is always strong in the hearts of Myanmar people. The willingness to share their wealth, although it may be small, is a laudable spirit of Myanmar people.On behalf of the government and the flood victims, he thanked the well-wishers who donated over Ks-23.324 billion at the ceremony.

It can be seen that the people of Myanmar across the country collectively donate cash and kind to victims in one accord whenever the country faces natural disasters and donation becomes a force that raises the value of loving kindness rather than that of the things donated and warmly strengthens the society.

I would like to express thanks to well-wishers, donors, organizations and individuals that enthusiastically donated for and supported the response to the current floods as well as rehabilitation and reconstruction tasks for their cooperation. I am expressing thanks on behalf of the State and flood victims and their generosity will be documented respectfully.

Moreover, the President made additional remarks, saying I visited flood-affected areas in Laymyethna Township by helicopter before attending the ceremony but was forced to learn the situation on the ground in Kangyidaunt, Ngapudaw and Thabaung townships by helicopter due to unfavorable weather conditions. In connection with natural disasters, damage and losses of life can be reduced by preparations of humans. Previously, Ayeyawady Region suffered damage and losses of life due to floods and storms. To prevent the affects of natural disasters, preparation tasks must be carried out by systematically monitoring and analyzing the situation. Well-wishers who have come to donate are not only from Ayeyawady Region but also from other regions. Farmland was developed in flooded fields and areas. It is necessary to control the inflow of water by building embankments where they should be in place and tasks must be carried out for proper drainage to reduce floods in the future.

It can proudly be seen that Myanmar nationals have willing-

See Page - 19►►

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY
2026
DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား "

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | |
|---|---|
| ပထမပတ် | - မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - အသက်(၅)နှစ်အောက်ကလေးများနှင့် ကျောင်းသား လူငယ်များအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| စတုတ္ထပတ် | - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# ငွေဆောင်မြို့၌ တောင်သူများစိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းစစ်ဆေး

ငွေဆောင် ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့၌ တောင်သူများ စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု၊ စိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးရန်ကျန်ရှိမှုအခြေအနေများကို ယမန်နေ့က သက်ဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငွေဆောင်မြို့ အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းကိုနှင့် တာဝန်ရှိသူများသည် မိုးစပါးစိုက်ကွက်များအတွင်း မိုးစပါးမျိုးကွဲများအလိုက် စိုက်ပျိုးပြီးစီးမှု၊ ဆက်လက်စိုက်ပျိုးနေမှု၊ ပျိုးထောင်ထားရှိမှု၊ စိုက်ခင်းများအတွင်း ရေရရှိမှုနှင့် ရေထုတ်နုတ်မှု၊ စပါးပင်အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများနှင့် စပါးပင်များတွင် ပိုးမွှားရောဂါကျရောက်မှု ရှိ၊ မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် မြို့အုပ်ချုပ်ရေးမှူးက ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ ဒေသတွင်း ဆန်စပါးဖူလုံရေးနှင့် ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ စနစ်တကျအသုံးပြုရေး၊ ကြွဲခင်းများပပျောက်စေရေး၊ ပိုးမွှားအန္တရာယ်ကာကွယ်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျစနစ်တကျသုံးစွဲရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ဆွေးနွေးမှာကြားသည်။ ထို့ပြင် မိုးရာသီအတွင်း စိုက်ခင်းများတွင် ရေဝင်ရောက်မှု၊ ရေကြီးနစ်မြုပ်မှုနှင့် ပိုးမွှားကျရောက်မှုများ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာဌာနများနှင့် အချိန်မီချိတ်ဆက်၍ လိုအပ်သော ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကျော်လင်းဦး(ပြန်/ဆက်)

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၈

ယနေ့နံနက် ၁၀ နာရီ ၀၅ မိနစ် ၄၃ စက္ကန့်အချိန်တွင် နေပြည်တော် မြေငလျင်စခန်းမှ မြောက်ဘက် ၁၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပုဗ္ဗသီရိမြို့နယ်၏ အနောက်မြောက်ဘက် ၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၉၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၄ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၁ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

(မိုး/ဇလ)

# ကျွန်းစုမြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ်တုံ့ပြန်ရေး ဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်

ကျွန်းစု ဩဂုတ် ၈

မိုးရာသီတွင် မုန်တိုင်းဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရေး ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့၏ကြီးကြပ်မှုဖြင့် မုန်တိုင်းဘေးအန္တရာယ်တုံ့ပြန်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ယမန်နေ့က ကျွန်းစုမြို့ရှိ တနင်္သာရီခန်းမ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းနိုင်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းပြောကြားသည်။


ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက လူနာသယ်ဆောင်နည်းများ၊ ရှေးဦးသူနာပြုစုနည်းများကို သရုပ်ပြသင်ကြားပေးရာ ကျောင်းသား၊ ကျောင်းသူများက လက်တွေ့ပါဝင်ဆောင်ရွက်ကြသည်။

ဆက်လက်၍ မြေပြင်နှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုအနေဖြင့် မုန်တိုင်းအန္တရာယ်သတိပေးအရောင်အဆင့်များ ထုတ်ပြန်နှိုးဆော်ခြင်း၊ ပြည်သူများအား လုံခြုံသည့်နေရာများသို့ ပြောင်းရွှေ့နေရာချထားပေးခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများနှင့်ရေနစ်မြုပ်နေသူများအား ရှာဖွေကယ်ဆယ်၍ ရှေးဦးပြုစုကုသခြင်းနှင့် လူနာတင်ယာဉ်များဖြင့် ဆေးရုံသို့ပို့ဆောင်ခြင်းတို့ကို လက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်ကြသည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်မှုကို ဌာနဆိုင်ရာများပါဝင်သော သက်ဆိုင်ရာကော်မတီများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ လူနာတင်ယာဉ်တစ်စီးနှင့် အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် ဆောင်ရွက်ကြရာ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

# မိုးလေဝသ သတင်း




# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၈

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲကျော်အလိုတွင် ရောက်ရှိနေသည်။အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ မင်းကင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန်၊ ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)



# ဟောင်ကောင်မှာ အသက် ၁၆ နှစ်အောက်ကလေးတွေကို ဆိုရှယ်မီဒီယာအသုံးပြုခွင့်တားမြစ်ဖို့ စီစဉ်နေ

**ဟောင်ကောင်၊ ပြည်တွင်းရေး**

ဟောင်ကောင်ဒေသမှာ အသက် ၁၆ နှစ်အောက်ရှိကလေးတွေကို ဆိုရှယ်မီဒီယာအသုံးပြုခွင့်တားမြစ်နိုင်ရေးအတွက်စီစဉ်မှုတစ်ခုအနေနဲ့ ဥပဒေပြဋ္ဌာန်းပေးဖို့ ပညာရေးဆိုင်ရာပညာရှင်တွေနဲ့ ဥပဒေပြုအမတ်တွေကတောင်းဆိုလိုက်ကြပါတယ်။

ဩဂုတ်လ ၈ ရက်မှာလုပ်တဲ့ ပညာရှင်များရဲ့ဆွေးနွေးပွဲတစ်ခုမှာ ဆိုရှယ်မီဒီယာစွဲလမ်းမှုဟာ နောက်ပြန်လှည့်လို့မရနိုင်တဲ့ ထိခိုက်မှုမျိုး ဖြစ်စေတာကြောင့် နောက်မျိုးဆက်သစ်တွေကိုကာကွယ်ဖို့ အစိုးရအနေနဲ့ စနစ်တကျအရေးယူဆောင်ရွက်သင့်တယ်လို့ ထောက်ပြထားပါတယ်။

အသက် ၁၆ နှစ်အောက် ကလေးတွေ ဆိုရှယ်မီဒီယာသုံးစွဲမှုကန့်သတ်ဖို့ ပြုလုပ်ခဲ့တဲ့ ဒီဆွေးနွေးပွဲမှာ ပညာရှင်များစွာက အင်တာနက်ပေါ်မှာမြင်တွေ့နေရတဲ့ အနိုင်ကျင့်မှုများနဲ့ မသမာမှုဆိုင်ရာအကြောင်းအရာတွေရန်မှ ကလေးတွေကို ကာကွယ်ပေးနိုင်ဖို့ တရားဝင် ဥပဒေတစ်ရပ်လိုအပ်နေပြီလို့ အလေးအနက်ပြောခဲ့တာပါ။

ဆိုရှယ်မီဒီယာကိုစွဲလမ်းမှုဟာ လက်ရှိပညာရေးကဏ္ဍမှာ ရင်ဆိုင်နေရတဲ့ အကြီးမားဆုံးပြဿနာဖြစ်ပြီး ဥပဒေပြဋ္ဌာန်းခြင်းမရှိပါက ကလေးတွေရဲ့အနာဂတ်ထိခိုက်နိုင်တယ်လို့ ကျောင်းအုပ်ကြီးများအသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ လီလီယန်ချန်းက ပြောပါတယ်။ ဆိုရှယ်မီဒီယာစွဲလမ်းရင် ပင်လယ်ထဲမှာ သံလိုက်အိမ်မြှောင်ပျောက်ဆုံးသွားသလို ဝေဖန်ပိုင်းခြားနိုင်စွမ်းပျက်စီးသွားတတ်တာကြောင့် ဥပဒေအရထိန်းချုပ်မှသာ ကလေးတွေကိုညစ်ညမ်းစာပေနဲ့ ဆိုက်ဘာအနိုင်ကျင့်မှုများမှ အကာအကွယ်ပေးနိုင်မှာဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ထားပါတယ်။

ဟောင်ကောင်ပြည်သူ ၆၁ ရာခိုင်နှုန်းကျော်နဲ့ မိဘ ၇၆ ရာခိုင်နှုန်းကျော်က ဒီလိုဥပဒေကိုထောက်ခံကြပြီး ဩစတြေးလျအပါအဝင် အခြားနိုင်ငံတကာစံနှုန်းအတိုင်း ဟောင်ကောင်မှာ အကောင်အထည်ဖော်ဖို့ တိုက်တွန်းနေပါတယ်။ **Ref: SCMP**

# ဒေါဖင်မုန်တိုင်း အိုကီနာဝါကိုဝင်ရောက် တရုတ်ကိုဆက်လက်ဦးတည်

**တိုကျို၊ ရာသီဥတု**

ဂျပန်နိုင်ငံ အိုကီနာဝါဒေသကို ဩဂုတ်လ ၈ ရက်က ဒေါဖင်မုန်တိုင်းဝင်ရောက်တိုက်ခတ်သွားတဲ့အတွက် ထိခိုက်ဒဏ်ရာရရှိသူတွေရှိပြီး လျှပ်စစ်မီးပြတ်တောက်မှုနဲ့လည်းကြုံတွေ့နေရပါတယ်။ မုန်တိုင်းက တရုတ်နိုင်ငံကို ဆက်လက်ဦးတည်နေတဲ့အတွက် အရှေ့ဘက်ကမ်းရိုးတန်း ဒေသတွေမှာ ဆိပ်ကမ်းတွေကိုပိတ်ထားပြီး လေကြောင်းလိုင်းတွေရပ်ဆိုင်းခြင်းအပါအဝင် ကြိုတင်ကာကွယ်ရေး အရေးပေါ်စီမံချက်တွေကို စတင်ဆောင်ရွက်နေပါတယ်။

မုန်တိုင်းကြောင့် ဂျပန်နိုင်ငံ အိုကီနာဝါနဲ့ ကာဂိုရှီးမားဒေသတို့မှာ လေပြင်းထန်စွာတိုက်ခတ်ကာ မိုးသည်းထန်စွာရွာသွန်းပြီး လူခြောက်ဦး ထိခိုက်ဒဏ်ရာရခဲ့ပါတယ်။ ဒါ့အပြင် နေအိမ်နဲ့ အဆောက်အအုံပေါင်း ၅၀၀၀၀ ကျော်မှာ လျှပ်စစ်မီးပြတ်တောက်သွားပါတယ်။ မုန်တိုင်းရဲ့ ဗဟိုချက်အနီးမှာ တစ်နာရီကို ၁၆၂ ကီလိုမီတာမှ ၂၁၆ ကီလိုမီတာအထိ လေပြင်းတိုက်ခတ်လျက်ရှိပြီး ခရီးစဉ်အများအပြားကိုလည်း ဖျက်သိမ်းခဲ့ရပါတယ်။

မုန်တိုင်းဟာ တရုတ်နိုင်ငံကို ဩဂုတ်လ ၉ ရက်ညပိုင်းနဲ့ ၁၀ ရက်နံနက်ပိုင်းတို့ကြားမှာ ကျဲကျန်းပြည်နယ်နဲ့ ဖူကျန့်ပြည်နယ်ကမ်းရိုးတန်းတို့ကြားကနေ ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းထားတာကြောင့် ဒုတိယအမြင့်ဆုံးအဆင့် သတိပေးချက်ဖြစ်တဲ့ လိမ္မော်ရောင်အဆင့် မုန်တိုင်းသတိပေးချက် ထုတ်ပြန်ထားပါတယ်။ တစ်ချိန်တည်းမှာပဲ တရုတ်နိုင်ငံအရှေ့ဘက်ကမ်းရိုးတန်းရှိ ဒေသများမှာ ဆိပ်ကမ်းလုပ်ငန်းစဉ်များ၊ ကူးတို့သင်္ဘောလိုင်းများ၊ ငါးဖမ်းလှေများကို ရပ်နားစေခဲ့သလို နင်ဘိုအပြည်ပြည်ဆိုင်ရာ လေဆိပ်ရဲ့ လေကြောင်းလိုင်းအားလုံးကိုလည်း ရပ်ဆိုင်းထားပါတယ်။

**Ref: ST**



# ထိုင်းစာသင်ကျောင်း သေနတ်ပစ်ခတ်မှုမှာ သေဆုံးသူနောက်တစ်ဦး တိုးလာ

**ဗန်ကောက်၊ ရာဇဝတ်မှု**

ထိုင်းနိုင်ငံ နွန်သဘူရီရှိစာသင်ကျောင်းတစ်ကျောင်းမှာ ဩဂုတ်လ ၇ ရက်က ဖြစ်ပွားတဲ့သေနတ်ပစ်ခတ်မှုကြောင့်သေဆုံးသူနောက်ထပ်တစ်ဦးတိုးလာတဲ့အတွက် သေဆုံးသူစုစုပေါင်း ကိုးဦးအထိရှိလာပြီလို့ ရဲတပ်ဖွဲ့က ဩဂုတ်လ ၈ ရက်မှာထုတ်ပြန်ထားပါတယ်။

ကနဦးမှာ သေဆုံးသူရှစ်ဦးပဲရှိတာပါ။ ဒဏ်ရာရရှိသူအယောက် ၃၀ ရှိပါတယ်။ ဒဏ်ရာရရှိပြီးဆေးရုံတက်နေရသူတွေထဲက အသက် ၁၂ နှစ်ရှိ ကလေးတစ်ဦးဟာ ဩဂုတ်လ ၈ ရက်မှာရရှိထားတဲ့ဒဏ်ရာနဲ့ပဲ သေဆုံးသွားတဲ့အတွက် ဒီဖြစ်စဉ်မှာ သေဆုံးသူတိုးလာတာဖြစ်တယ်လို့ ရဲတပ်ဖွဲ့ကဆိုပါတယ်။ လက်ရှိအချိန်အထိ ဒဏ်ရာရရှိပြီးဆေးရုံတက်နေရသူ ၁၄ ဦးရှိနေဆဲဖြစ်ပါတယ်။ ဖြစ်စဉ်က အသက် ၁၄ နှစ်ရှိ ကျောင်းသားတစ်ဦးက သူ့အဘိုးအဘွားများကိုပစ်ခတ်ပြီးနောက် စာသင်ကျောင်းအတွင်းပစ်ခတ်မှုလုပ်ခဲ့တာဖြစ်ပါတယ်။

**Ref: Xinhua**

# တရုတ်က လပေါ်ရှိသုတေသနစခန်းတွေအတွက် စက်ရုပ်ခွေးများကိုအသုံးပြုလာနိုင်



**ပေကျင်း၊ အာကာသ**

တရုတ်နိုင်ငံက အနာဂတ်မှာအကောင်အထည်ဖော်မယ့် လပေါ်ရှိသုတေသနစခန်းတွေမှာ လုံခြုံရေးစောင့်ရှောက်ဖို့နဲ့ ကင်းလှည့်ဖို့ အသိဉာဏ်မြင့် စက်ရုပ်ခွေးတွေကို အသုံးပြုသွားနိုင်တယ်လို့ တရုတ်အာကာသသိပ္ပံပညာရှင်တွေက ပြောပါတယ်။

တရုတ်အာကာသနည်းပညာအကယ်ဒမီမှ သုတေသနပညာရှင်တွေရေးဆွဲတဲ့ အနာဂတ်စီမံကိန်းအရ လပေါ်မှာအာကာသယာဉ်မှူးသုံးဦးနဲ့အတူ အသိဉာဏ်မြင့် စက်ရုပ်ခွေးတွေ ပူးတွဲတာဝန်ထမ်းဆောင်သွားမှာဖြစ်ပါတယ်။ လမျက်နှာပြင်ပေါ် စူးစမ်းလေ့လာရေးလုပ်ချိန်မှာ စက်ရုပ်ခွေးနှစ်ကောင်ကို အာကာသယာဉ်မှူးတစ်ဦးကထိန်းချုပ်မောင်းနှင်ပြီး အန္တရာယ်တွေကို ကြိုတင်လေ့လာတာ၊ နမူနာတွေကောက်ယူတာနဲ့ စွမ်းအင်ရှာဖွေတာတွေကို ကူညီပေးသွားမှာပါ။

ကျန်တဲ့ အာကာသယာဉ်မှူးနှစ်ဦးထဲက တစ်ဦးက အသေးစိတ်သိပ္ပံနည်းကျစမ်းသပ်မှုတွေနဲ့ ကျောက်နမူနာစုဆောင်းတာကိုလုပ်ဆောင်မှာဖြစ်ပြီး နောက်တစ်ဦးကတော့ အာကာသယာဉ်ပေါ်ကနေတစ်ဆင့် ထိန်းချုပ်စနစ်တွေကို စီမံခန့်ခွဲသွားမှာပါ။

ဒါ့အပြင် ဒီစက်ရုပ်တွေဟာ လပေါ်မှာ ရေနဲ့ သတ္တုတူးဖော်တာ၊ အာကာသစခန်းပတ်ဝန်းကျင် လုံခြုံရေးစစ်ဆေးတာ၊ အပူချိန်နဲ့ လေထုထိန်းညှိတာ စတဲ့အလုပ်တွေကိုလည်း လုပ်ဆောင်သွားမှာပါ။ အထီးကျန်ဆန်လှတဲ့ လရဲ့ပတ်ဝန်းကျင်မှာ အာကာသယာဉ်မှူးတွေရဲ့ စိတ်ဖိစီးမှုလျော့ကျစေဖို့အတွက် ဒီစက်ရုပ်ခွေးတွေက စကားပြောဖော်လုပ်ပေးတာတွေကိုပါဆောင်ရွက်ပေးနိုင်မယ်လို့သိရပါတယ်။ **Ref: SCMP**

# ရုရှားက ယူကရိန်းရှိ လက်နက်စက်ရုံနဲ့ ဆီဂိုဒေါင်တစ်ခုကို တိကျလက်နက်သုံးပြီး တိုက်ခိုက်မှုလုပ်

**မော်စကို၊ စစ်ရေး**

ရုရှားစစ်ဘက်က ယူကရိန်းနိုင်ငံမှာရှိတဲ့ လက်နက်စက်ရုံများနဲ့ ဆီဂိုဒေါင်တစ်ခုတို့ကို တိကျလက်နက်များအသုံးပြုကာ တိုက်ခိုက်မှုဆောင်ရွက်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ်လ ၈ ရက်မှာထုတ်ပြန်ထားပါတယ်။ အဲဒီတိုက်ခိုက်မှုတွေအတွက် မြေပြင်အခြေစိုက်တိကျလက်နက်များကိုအသုံးပြုတာဖြစ်ကြောင်း၊ ကီယက်မြို့ရှိ မြေပြင်ပစ် FP-5 Flamingo အနိမ့်ပျံဒုံးကျည်များအတွက် ထိပ်ဖူးများနဲ့ အစိတ်အပိုင်းများထုတ်လုပ်ရာစက်ရုံကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့တာဖြစ်ကြောင်း ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။

ဒါ့အပြင် ယူကရိန်းစစ်ဘက်အတွက် လောင်စာဆီထောက်ပံ့ပေးလျက်ရှိတဲ့ ဆီဂိုဒေါင်တစ်လုံးကိုလည်း တိုက်ခိုက်ခဲ့တာဖြစ်ပါတယ်။ အဲဒီဆီဂိုဒေါင်ကနေ ရှေ့တန်းရှိစစ်သည်များထံ စက်သုံးဆီများထောက်ပံ့ပေးနေတာဖြစ်တယ်လို့ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။

အခုတိုက်ခိုက်ခဲ့တဲ့ပစ်မှတ်တွေထဲမှာ အိုဒက်ဆာကမ်းရိုးတန်းအရှေ့နဲ့တောင်ဘက်ရှိ ကုန်တင်သင်္ဘောနှစ်စင်းလည်း ပါဝင်တယ်လို့ ဆိုပါတယ်။ တိုက်ခိုက်ခံရတဲ့ ကုန်တင်သင်္ဘောတွေဟာ စစ်လက်နက်ပစ္စည်းများနဲ့ စစ်အသုံးအဆောင်ပစ္စည်းများကို ယူကရိန်းဆိပ်ကမ်းများဆီ သယ်ဆောင်လာနေတဲ့ သင်္ဘောများဖြစ်တယ်လို့ ရုရှားကာကွယ်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်ထဲမှာဖော်ပြထားတာတွေ့ရှိရပါတယ်။

**Ref: RT**



## Xpeng ရဲ့ ရောင်းအားကိုမြှင့်တင်ပေးမယ့် Xpeng G9L

တရုတ်လျှပ်စစ်ကားကုမ္ပဏီတစ်ခုဖြစ်တဲ့ Xpeng က နောက်ဆုံးပေါ်ကမ္ဘာ့အဆင့်မီ SUV ကားအသစ်ဖြစ်တဲ့ Xpeng G9L ကို တရားဝင် ထုတ်ဖော်ပြသလိုက်ပါတယ်။ Xpeng ဟာ Euro NCAP လို ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းတွေနဲ့အညီ ထုတ်လုပ်ထားတဲ့ ကားအသစ်နဲ့အတူ ကမ္ဘာ့ဈေးကွက်ကိုထိုးဖောက်ပြီး ကုမ္ပဏီရဲ့ ရောင်းအားကို ပြန်လည်မြှင့်တင်ဖို့မျှော်လင့်နေတာဖြစ်ပါတယ်။

ဒီကားဟာ အလျား ၂၀၁ ဒသမ ၆ လက်မ အထိ ရှည်လျားပြီး BMW iX5 နဲ့ Tesla Model X တို့ထက်တောင် ပိုမိုကြီးမားတဲ့ လျှပ်စစ် SUV အမျိုးအစားဖြစ်ပါတယ်။ ခရီးသည်ငါးယောက်စီးပုံစံနဲ့ပဲ သီးသန့်ထုတ်လုပ်ထားပြီး ပစ္စည်းတင်ခန်းကို ပိုမိုကျယ်ဝန်းအောင် ဖန်တီးပေးထားပါတယ်။

နည်းပညာပိုင်းမှာတော့ Xpeng ရဲ့ ကိုယ်ပိုင် AI Turing chip လေးလုံးပါဝင်တာကြောင့် ကွန်ပျူတာစွမ်းဆောင်ရည်မြင့်မားပြီး VLA မော်ဒယ်စနစ်နဲ့မောင်းနှင်မှုစနစ်တွေကို ကူညီပေးမှာပါ။ အထင်ရှားဆုံးက ခန္ဓာကိုယ်အလေးချိန်ပြောင်းလဲမှုကို ၂ ဂရမ်အထိ တိတိကျကျသိရှိနိုင်တဲ့ AI ထိုင်ခုံစနစ်နဲ့ တခြားစနစ်တွေလည်း ပါဝင်ပါတယ်။


မြင်းကောင်ရေ ၅၇၇ ကောင်အားအထိ ထွက်ရှိတဲ့ မော်တာနှစ်လုံးတပ်ဆင်ထားပြီး 800V စနစ်နဲ့ ချိတ်ဆက်ထားတာကြောင့် ၉ မိနစ် အမြန်အားသွင်းရုံနဲ့ မိုင် ၂၈၀ စာ ခရီးစဉ်ကို စိတ်ချစွာမောင်းနှင်နိုင်မှာဖြစ်ပါတယ်။ Ref: EA၊ ကိုထက်

## ဝမ်းဗိုက်အဆီများပြီး ဗီတာမင်ဒီနည်းခြင်းက အချိန်မတိုင်မီသေဆုံးမှုကို မြင့်တက်စေနိုင်

အသက် ၅၀ ကျော်အရွယ်ရောက်တဲ့အခါ ဝမ်းဗိုက်မှာအဆီပိုတွေစုနေတာနဲ့ ဗီတာမင်ဒီပမာဏနည်းပါးခြင်းက အချိန်မတိုင်မီသေဆုံးနိုင်ခြေကို ၁၂၃ ရာခိုင်နှုန်းအထိမြင့်တက်စေနိုင်တယ်လို့ ဘရာဇီးမှ သုတေသနပညာရှင်များက သတိပေးလိုက်ပါတယ်။

သုတေသနပညာရှင်များက လူဦးရေ ၅၅၀၀ ကျော်ကို သုတေသနပြုလေ့လာမှုများလုပ်ခဲ့တာပါ။ အဲဒီသုတေသနအရ ဆိုရင်ဝမ်းဗိုက်မှာအဆီပိုတွေစုနေခြင်းသာရှိမယ်ဆိုရင် ဒါမှမဟုတ် ဗီတာမင်ဒီပမာဏနည်းပါးနေမယ်ဆိုရင် အချိန်မတိုင်မီသေဆုံးနိုင်ခြေရှိပေမယ့် သူတို့နှစ်မျိုးစလုံးဖြစ်ပေါ်နေတယ်ဆိုရင်တော့ အချိန်မတိုင်မီသေဆုံးနိုင်ခြေက အလွန်မြင့်တက်သွားတာတွေ့ရပါတယ်။

ဝမ်းဗိုက်မှာ အဆီပိုတွေစုနေတယ်ဆိုတာက အမျိုးသားတွေမှာဆိုရင် ဝမ်းဗိုက်အတိုင်းအတာ ၁၀၂ စင်တီမီတာနဲ့ အမျိုးသမီးတွေမှာဆိုရင် ၈၈ စင်တီမီတာအထက်ရှိနေတာကိုဆိုလိုတာဖြစ်ပါတယ်၊ ဒီလိုမျိုးအဆီပိုတွေစုနေတာက ခန္ဓာကိုယ်အတွင်းရောင်ရမ်းမှုနဲ့ ဇီဝဖြစ်စဉ်ပြဿနာတွေဖြစ်ပေါ်မှုအတွက် အဓိကအကြောင်းရင်းဖြစ်ပါတယ်။ အလားတူ ဗီတာမင်ဒီအားနည်းခြင်းက ကိုယ်တွင်းအင်္ဂါတွေအနေနဲ့လုပ်ငန်းလုပ်ဆောင်နိုင်စွမ်းကိုကျဆင်းစေနိုင်တာဖြစ်ပါတယ်။ Ref: STD ကိုထက်



## ရေငုပ်သင်္ဘောရှာဖွေနိုင်စွမ်း နှစ်ဆမြင့်မားလာတဲ့ ဆိုနာစနစ်

အမေရိကန်စစ်လက်နက်ထုတ်လုပ်ရေးကုမ္ပဏီ Lockheed Martin နဲ့ အမေရိကန်ရေတပ်တို့ဟာ AI နည်းပညာအသုံးပြုရေငုပ်သင်္ဘောရှာဖွေနိုင်စွမ်းကို နှစ်ဆမြှင့်တင်ပေးနိုင်မယ့် ဆိုနာစနစ်အသစ်ကို RIMPAC 2026 စစ်ရေးလေ့ကျင့်မှုအတွင်း အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပါတယ်။

SensorMAX လို့ အမည်ပေးထားတဲ့ ဒီ AI အခြေပြုစနစ်ကို ဟာဝိုင်ယီကမ်းလွန်မှာပြုလုပ်ခဲ့တဲ့ စစ်ရေးလေ့ကျင့်မှုမှာ MH-60R Seahawk ရဟတ်ယာဉ်နှစ်စင်းနဲ့ချိတ်ဆက်စမ်းသပ်ခဲ့တာပါ။ ရဟတ်ယာဉ်တွေက ပင်လယ်ရေအောက် ထဲပစ်ချထားတဲ့ Sonobuoy တွေကနေတစ်ဆင့်ရရှိတဲ့အသံလှိုင်းအချက်အလက်တွေကို AI က တိုက်ရိုက်ခွဲခြမ်းစိတ်ဖြာပြီး ရေငုပ်သင်္ဘောတွေရဲ့ တည်နေရာကို ရှာဖွေပေးတာဖြစ်ပါတယ်။

ဒီစနစ်ရဲ့ အဓိကအားသာချက်က ယခင်စနစ်တွေထက် ပင်လယ်ရေအောက်အသံလှိုင်းစောင့်ကြည့်နိုင်စွမ်း နှစ်ဆပိုမိုမြင့်မားလာပြီး Sonobuoy အချက်အလက်လိုင်းရှစ်လိုင်းအထိ တစ်ပြိုင်နက်တည်းစောင့်ကြည့်နိုင်တာဖြစ်ပါတယ်၊ ဒါ့အပြင် AI မသိသေးတဲ့ အသံလှိုင်းအသစ်တွေ့ရှိပါကလည်း ၅ မိနစ်အတွင်း AI မော်ဒယ်ကို အဆင့်မြှင့်တင်ပြီး ရဟတ်ယာဉ်ဆီကို လုံခြုံစွာပြန်ပေးပို့နိုင်တာကြောင့် ရေငုပ်သင်္ဘောခြိမ်းခြောက်မှုများကို ယခင်ထက် ပိုမိုမြန်ဆန်တိကျစွာ တုံ့ပြန်နိုင်တော့မှာဖြစ်ပါတယ်။ Ref: IE ကိုထက်



## အလိုအလျောက်မောင်းကားများအတွက် Apollo LiDar



အလိုအလျောက် မောင်းနည်းပညာကုမ္ပဏီ AEye ရဲ့ အဆင့်မြင့် Apollo LiDar ဆင်ဆာကို NVIDIA ရဲ့ အလိုအလျောက်မောင်းနှင်ရေး ကွန်ပျူတာပလက်ဖောင်း NVIDIA DRIVE AGX Thor နဲ့ ချိတ်ဆက်အသုံးပြုနိုင်ကြောင်း တရားဝင်စမ်းသပ်အတည်ပြုလိုက်ပါတယ်။

Apollo LiDar ဟာ အကွာအဝေး ၁ ကီလိုမီတာမှာရှိတဲ့ အရာဝတ္ထုတွေကို တိကျစွာထောက်လှမ်းနိုင်တဲ့ နည်းပညာသုံးဆင်ဆာဖြစ်ပြီး ရှေ့လေကာမှန် နောက်ဘက်မှာ သပ်သပ်ရပ်ရပ်တပ်ဆင်နိုင်အောင် ဒီဇိုင်းထုတ်ထားတာပါ။ NVIDIA DriveOS နဲ့ တိုက်ရိုက်ချိတ်ဆက် အလုပ်လုပ်နိုင်တာကြောင့် NVIDIA DRIVE Hyperion ဂေဟစနစ်ထဲမှာ တရားဝင်အသိအမှတ်ပြုဆင်ဆာတစ်ခုဖြစ်လာပါတယ်။

ဒီလိုစနစ်နှစ်ခု အပြန်အလှန်ချိတ်ဆက်နိုင်မှုကြောင့် ကားထုတ်လုပ်သူများအနေနဲ့ အလိုအလျောက်မောင်းစနစ်သုံးယာဉ်တွေ ထုတ်လုပ်ရာမှာ နည်းပညာပိုင်းဆိုင်ရာ စိန်ခေါ်မှုတွေကို လျှော့ချနိုင်မှာဖြစ်ပြီး ထုတ်လုပ်မှုကိုလည်း ပိုမိုမြန်ဆန်စိတ်ချရစေမှာဖြစ်ပါတယ်။

အလွန်ဝေးကွာတဲ့ အကွာအဝေးအထိ တိကျစွာထောက်လှမ်းနိုင်တဲ့ ဆင်ဆာနဲ့ စွမ်းဆောင်ရည်မြင့် AI ကွန်ပျူတာစနစ်တို့ ပေါင်းစပ်လိုက်ခြင်းဟာ အနာဂတ် အလိုအလျောက်မောင်းနှင်မှု နည်းပညာဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ စွမ်းဆောင်ရည်အတွက် သိသာထင်ရှားတဲ့တိုးတက်မှုတစ်ခုဖြစ်ပါတယ်။ Ref: IE ကိုထက်

## အဆင့်မြှင့်တင်ထားတဲ့ 2026 Matebook Fold



နည်းပညာကုမ္ပဏီကြီး Huawei ဟာ သူတို့ရဲ့နောက်ဆုံးပေါ် ခေါက်နိုင်သောလပ်တော့ဖြစ်တဲ့ 2026 Matebook Fold Extraordinary Master Edition ကို Kirin X90 Plus Chipset နဲ့အဆင့်မြှင့်တင်ပြီး တရားဝင်မိတ်ဆက်လိုက်ပါတယ်။

ဒီလပ်တော့မှာ RAM 32GB နဲ့ Storage 2TB အထိရွေးချယ်နိုင်ပြီး အနက်ရောင်၊ ရွှေရောင်နဲ့အဖြူရောင်ဆိုပြီး အရောင်သုံးမျိုးထုတ်လုပ်ထားပါတယ်၊ နောက်ဘက်ပိုင်းမှာ သားရေအတုနဲ့ အလှဆင်ထားပြီး ပတ္တာပိုင်းကိုတော့ နေရာပေါင်းစုံလိုသလိုခေါက်နိုင်တဲ့ ဇာကိုနီယမ်အခြေပြု အရည်ပျော်သတ္တုနဲ့ ပြုလုပ်ထားတာပါ။

မျက်နှာပြင်အနေနဲ့ ၁၈ လက်မရှိတဲ့ Dual-layer LTPO OLED မျက်နှာပြင်ကို ဆက်လက်အသုံးပြုထားပြီး ခေါက်သိမ်းလိုက်ချိန်မှာတော့ ၁၃ လက်မ လပ်တော့တစ်လုံးစာ ပမာဏသာရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် HarmonyOS 6.1 စနစ်၊ AI နည်းပညာသုံးစွမ်းဆောင်ရည်များ၊ ဂြိုဟ်တုဆက်ကြောင်း ချိတ်ဆက်မှုစနစ်နဲ့ စပီကာခြောက်လုံးစနစ်တို့ပါဝင်ပါတယ်။

အခြေခံမော်ဒယ်ဖြစ်တဲ့ RAM 24GB နဲ့ Storage 512GB ပမာဏပါဝင်တဲ့ မော်ဒယ်အတွက် တရုတ်ယွမ်ငွေ ၂၄၉၉၉ ယွမ်နဲ့ စတင်သတ်မှတ်ထားပြီး တရုတ်နိုင်ငံရှိ Huawei ရဲ့ တရားဝင်အွန်လိုင်းစတိုးမှာ ဝယ်ယူနိုင်ပြီဖြစ်ပါတယ်။ Ref: GA ကိုထက်

# ကုန်ကျစရိတ်သက်သာ ဝင်ငွေတိုးပြီး ရေရှည်အကျိုးများစေဖို့ သဘာဝမြေဩဇာသုံးကြစို့

စိုးမိုးဝင်း(စိုက်ပျိုးရေး)

**သီးနှံ** စိုက်ပျိုးထုတ်လုပ်ရာမှာ အကျိုးအမြတ်များပြားစွာရရှိနိုင်စေရန် ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့နည်းရေးနှင့် အထွက်နှုန်းတိုးရေးတို့ကို အဓိကထားဆောင်ရွက်ကြသည်။ တစ်ဖက်အထွက်နှုန်းတိုးရေး နည်းလမ်းများကို ဆောင်ရွက်ရန်အရေးကြီးသကဲ့သို့ ကုန်ကျစရိတ်ချွေတာနိုင်သော နည်းလမ်းများကိုလည်း အလေးထားဆောင်ရွက်ကြရန် လိုအပ်သည်။ တောင်သူများအတွက် အကောင်းဆုံးနည်းလမ်းမှာ ကုန်ကျစရိတ်လျှော့နည်းပြီး အထွက်တိုးစေနိုင်သော စိုက်ပျိုးရေးဆိုင်ရာ အခြေခံနည်းလမ်းများကို လက်တွေ့ကျင့်သုံးဆောင်ရွက်ခြင်းပင်ဖြစ်သည်။



ကုန်ကျစရိတ်ချွေတာနိုင်သောနည်းလမ်းများအနေဖြင့် မြေဆီလွှာကိုကောင်းစွာစီမံခန့်ခွဲခြင်း၊ မျိုးစေ့ကို အကျိုးရှိစွာအသုံးပြုခြင်း၊ ရေကို စနစ်တကျစီမံခန့်ခွဲခြင်း၊ ပိုးမွှားရောဂါကို ဘက်စုံနည်းလမ်းများဖြင့်ကာကွယ်ခြင်း၊ စက်ယန္တရားများနှင့်လုပ်သားများကို အစုအဖွဲ့ဖြင့်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ဤနည်းလမ်းများထဲမှ တောင်သူများ အလွယ်တကူဆောင်ရွက်နိုင်သော နည်းလမ်းတစ်ခုမှာ သဘာဝမြေဩဇာများ အသုံးပြုပြီး မြေဆီလွှာကိုစီမံခန့်ခွဲခြင်းပင်ဖြစ်သည်။

**စိုက်ပျိုးရေးအခြေခံအုတ်မြစ်**

ယနေ့ကမ္ဘာတွင် တိုးတက်နေသော စင်ကာပူနိုင်ငံသည် မြေရှိလျှင်စက်ရုံတည်ဆောက်သည်ဟု ကြားဖူးသည်။ စိုက်ပျိုးရေးနိုင်ငံများအဖို့ မြေတစ်ဧကသည် သီးနှံများစိုက်ပျိုးရန်အတွက် စက်ရုံတစ်ခုပမာဖြစ်သည်။ ကောင်းမွန်သော စက်ရုံအဆောက်အအုံရှိမှ အရည်အသွေးမြင့်မားသော ထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ မြေဆီလွှာကောင်းမွန်မှသာ အရည်အသွေးမြင့်မားသော သီးနှံထွက်ကုန်များကို ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် စက်မှုနိုင်ငံများတွင် စက်ရုံများကို ကောင်းစွာတည်ဆောက်ကြသကဲ့သို့ စိုက်ပျိုးရေးနိုင်ငံများတွင် မြေဆီလွှာများကို ကောင်းစွာပြုပြင်ထိန်းသိမ်းရန် စီမံခန့်ခွဲတတ်ရန်လိုအပ်သည်။ မြေဆီလွှာကို စနစ်တကျ ပြုစုပျိုးထောင်တတ်လျှင် “တစ်နေ့လျှင် ရွှေဥတစ်လုံး တစ်လုံးဥပေးသောငန်း” ကဲ့သို့ မြေတစ်ဧကမှ ရွှေဖြစ်မည့် သီးနှံထွက်ကုန်များနှင့် စီးပွားရေးအခွင့်အလမ်းပေါင်းများစွာကို မကုန်ခန်းနိုင်အောင် ထုတ်ယူနိုင်သည်။ ထို့ကြောင့် မြေဆီလွှာသည် **“စိုက်ပျိုးရေးအခြေခံအုတ်မြစ်”** ဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်။

မြေဆီလွှာသည် အပင်တစ်ပင်ရှင်သန်ကြီးထွားရန်လိုအပ်သော ရေ၊ လေနှင့် မရှိမဖြစ် အာဟာရဓာတ် ၁၇ မျိုးကို ပံ့ပိုးပေးသည်။ မြေဆီလွှာထဲမှာ မျက်စိဖြင့်မမြင်နိုင်သော အကျိုးပြုအဏုဇီဝပိုးမွှားသန်းပေါင်းများစွာ စုဝေးနေထိုင်ပြီး အပင်အတွက် အာဟာရများကို ချက်လုပ်ပေးနေသည်။ ထို့ပြင် မြေဆီလွှာသည် ရေသေအိုင်ကဲ့သို့ သေနေသောအရာမဟုတ်ဘဲ စီးဆင်းနေသော ရေရှင်ကဲ့သို့ သဘာဝအတိုင်း အသက်ရှင်နေကာ ပြုပြင်ပြောင်းလဲနေပြီး အပင်များကို အချိန်ပြည့် စောင့်ရှောက်ပေးနေသော သက်ရှိတစ်ခုဖြစ်သည်။ ထို့ကြောင့် မြေဆီလွှာသည် သီးနှံပင်များ ကြီးထွားရှင်သန်ရန် သဘာဝမှပေးထားသည့် ဖျက်ဆီး၍မရနိုင်သော စွမ်းအားရှိ အရာတစ်ခုဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်မှု၏ ကောင်းမွန်သော သဘာဝအဖော်ဖြစ်သည်။

မြေဆီလွှာထဲတွင် သဘာဝအရရှိနေသော မြေအဆီအနှစ်များဟုခေါ်သည့် အာဟာရဓာတ်များပါဝင်နေသည်။ ထိုရှိရင်းစွဲ သဘာဝမြေအဆီအနှစ်များကို ကုန်ခန်းသွားသည့်အဖြစ်မျိုး မရောက်ရအောင် ထိန်းထိန်းသိမ်းသိမ်းအသုံးပြုရန်မှာ တောင်သူတိုင်း၏တာဝန်ပင်ဖြစ်သည်။ သီးနှံတစ်မျိုး စိုက်ပျိုးပြီးတိုင်း ထိုသီးနှံသည် အပင်ကြီးထွားခြင်း၊ အပွင့်အသီးများ ထုတ်လုပ်ပေးခြင်းတို့ကို လုပ်ဆောင်ရန် မြေဆီလွှာထဲမှ အာဟာရဓာတ်များကို စုပ်ယူသွားသည်။ ထို့ကြောင့် မြေဆီလွှာထဲမှ အာဟာရဓာတ်များကုန်သွားသည်။

ကုန်သွားသော အာဟာရဓာတ်များကို ပြန်လည်ဖြည့်တင်းပေးခြင်းမရှိဘဲ ဆက်လက် စိုက်ပျိုးထုတ်လုပ်နေလျှင် မြေဆီလွှာအတွင်းရှိ ရှိရင်းစွဲသဘာဝမြေအဆီအနှစ်များသည် တဖြည်းဖြည်းကုန်ခန်းလာပြီး တောင်သူများခေါ်ဆိုသည့် မြေပန်းလာသည့်အခြေအနေသို့ ရောက်သွားသည်။ ထို့နောက် ကာလကြာရှည်စွာ ပြန်လည်ဖြည့်တင်းခြင်း မပြုလုပ်လျှင် လုံးဝပြန်လည်ပြုပြင်၍ မရနိုင်သောအခြေအနေသို့ ဆိုက်ရောက်သွားနိုင်သည်။ ထိုအခြေအနေမျိုးကို မြေပျက်သည်ဟုခေါ်ကြသည်။

မြေပျက်လျှင် မည်သည့်သီးနှံမှ စိုက်ပျိုး၍မရတော့ဘဲ မြေရှိပြီးစိုက်မရသည့်အဖြစ်ဆိုးမျိုးကို ကြုံရပေလိမ့်မည်။ ထို့ကြောင့် မြေဆီလွှာမပျက်စီးခင်ရှိရင်းစွဲသဘာဝမြေအဆီအနှစ်များကို ထိန်းသိမ်းနိုင်အောင် မြေဆီလွှာကို ကောင်းစွာစီမံခန့်ခွဲရမည်။ မြေဆီလွှာကို မှန်ကန်သောနည်းလမ်းများဖြင့်ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းခြင်းသည် ရေရှည်ကာလတွင် အကျိုးအမြတ်နှင့်အထွက်နှုန်းကို အာမခံချက်ပေးမည့် ခိုင်မာသော အရင်းအနှီးတစ်ခုဖြစ်သည်။ မြေဆီလွှာစီမံခန့်ခွဲရာတွင် ဓာတ်မြေဩဇာများကို လျှော့ချသုံးစွဲပြီး သဘာဝမြေဩဇာများကို သုံးစွဲရန်လိုအပ်သည်။

**မြေဆီလွှာဆေးစွဲခြင်း**

လူသားတို့တွင် ဆေးစွဲခြင်းဆိုသည်မှာ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို မိမိကိုယ်ကိုမထိန်းချုပ်နိုင်ဘဲ စွဲလမ်းစွာဆက်တိုက်သုံးစွဲနေမိသည့် နာတာရှည်ဦးနှောက်ရောဂါ တစ်မျိုးဖြစ်သည်။ မြေဆီလွှာ ဆေးစွဲခြင်းဆိုသည်မှာ မြေဆီလွှာသည် ရှိရင်းစွဲသဘာဝမြေအဆီအနှစ်များကုန်ခန်းကာ သဘာဝအတိုင်း အာဟာရဓာတ် မချက်လုပ်နိုင်တော့ဘဲ ဓာတ်မြေဩဇာမပါလျှင် မည်သည့်သီးနှံမှ စိုက်မရသည့်အခြေအနေမျိုး ဖြစ်သွားခြင်းကို ဆိုလိုသည်။

**သဘာဝမြေဩဇာသည် ဓာတ်မြေဩဇာကဲ့သို့ သီးနှံပင်များအပေါ် အကျိုးသက်ရောက်မှုပြသခြင်းသည် မမြန်သော်လည်း သဘာဝမြေဩဇာတွင်ပါဝင်သော အာဟာရဓာတ်များသည် တစ်ခါတည်းနှင့်မကုန်ဘဲ ကာလကြာရှည်စွာ အပင်များကို ပံ့ပိုးပေးသည်။**

တောင်သူများသည် သီးနှံအထွက်နှုန်းတိုးရန် ဓာတ်မြေဩဇာကို စတင်သုံးစွဲကြသည်။ ထိုမှတစ်ဆင့် တစ်နှစ်ထက်တစ်နှစ် ဓာတ်မြေဩဇာပိုကျွေးမှ အထွက်နှုန်းတူညီရုံပဲ ရနိုင်တော့သည့်အတွက် ကုန်ကျစရိတ်တက်လာပြီး အကျိုးအမြတ်နည်းလာသည်။ ယခုနှစ်အထွက်နှုန်းတိုးရန် နောင်နှစ်ပေါင်းများစွာ စိုက်ပျိုးရမည့် မြေဆီလွှာ၏အရည်အသွေးကို လဲလှယ်လိုက်ခြင်းဖြစ်သည်။ ဓာတ်မြေဩဇာကို ကာလကြာရှည်စွာ စွဲစွဲမြဲမြဲအသုံးပြုလာသည့်အခါ မြေဆီလွှာဆေးစွဲခြင်းမျိုး ဖြစ်လာပြီး တောင်သူများကို **“အကြွေးသံသရာထဲ ဆွဲသွင်းသည့် ထောင်ချောက်တစ်ခုပမာ”**ဖြစ်လာသည်။

ဓာတ်မြေဩဇာ သုံးစွဲခြင်းသည် ယနေ့ခေတ်လို ဈေးနှုန်းမြင့်မားချိန်တွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်ကိုမြင့်မားစေပြီး သီးနှံထုတ်ကုန်များ ရောင်းချသည့်အခါ အကျိုးအမြတ်ကို နည်းစေသည်။ တန်ဆေးလွန်ဘေး ဆိုသည့်စကားအတိုင်း ဓာတ်မြေဩဇာကို လိုအပ်သည်ထက် ပိုမိုအသုံးပြုလျှင် ပိုသုံးလိုက်သော ဓာတ်မြေဩဇာသည် သီးနှံအထွက်နှုန်းကို တိုးစေခြင်းမရှိဘဲ ပျက်စီးဆုံးရှုံးမှုကိုပင်ဖြစ်စေနိုင်သည်။ သီးနှံအထွက်နှုန်းကိုလည်း ထိခိုက်စေနိုင်သည်။

မြေဆီလွှာထဲကို ထည့်လိုက်သော ဓာတ်မြေဩဇာများကို အပင်များသည် အကုန်မသုံးနိုင်ဘဲ မြေကြီးအတွင်းသို့ စိမ့်ဝင်သွားခြင်းနှင့် ရေနှင့်အတူမျောပါသွားခြင်းတို့ကြောင့် မြေအောက်ရေ၊ ချောင်း၊ မြစ်နှင့် အင်းအိုင်များကို ညစ်ညမ်းစေကာ ရေနေသတ္တဝါများကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ဓာတ်မြေဩဇာသုံးစွဲခြင်းသည် ပတ်ဝန်းကျင်ရှိ ရေထုညစ်ညမ်းမှုကိုဖြစ်စေသည်။

ဓာတ်မြေဩဇာ အလွန်အကျွံသုံးခြင်းသည် မြေဆီလွှာထဲရှိ အကျိုးပြုတီကောင်များ၊ အဏုဇီဝသက်ရှိများနှင့် ရှိရင်းစွဲသဘာဝအာဟာရဓာတ်များကို ထိခိုက်စေနိုင်သည်။ မြေဆီလွှာ၏ ကျန်းမာရေးသည် တဖြည်းဖြည်းဆုတ်ယုတ်လာမည်။ မြေဆီလွှာသည် သဘာဝအတိုင်း အာဟာရမချက်လုပ်နိုင်သည့်အပြင် အကျိုးပြုပိုးကောင်များနှင့် အဏုဇီဝပိုးမွှားများကို သေကျေပျက်စီးစေကာ နောက်ဆုံးတွင် မြေဆီလွှာကို မာကျစ်သွားစေနိုင်သည်။

ဓာတ်မြေဩဇာများကို အဆက်မပြတ်အသုံးပြုနေလျှင် အပင်များသည် ဓာတ်မြေဩဇာမှ ပံ့ပိုးပေးသော အာဟာရဓာတ်များအပေါ်မှာ မှီခိုအားထားမှုဖြစ်ပေါ်လာနိုင်သည်။ သဘာဝအလျောက် မြေဆီလွှာထဲမှ အာဟာရဓာတ်များကို ရယူသုံးစွဲနိုင်မှုနှင့် အသုံးချနိုင်မှုတို့သည် လျော့နည်းလာသည်။ ထို့ပြင် အာဟာရဓာတ်တစ်မျိုးကို လွန်ကဲစွာထည့်ပေးလျှင် အပင်မှ အာဟာရဓာတ်စုပ်ယူရာတွင် မညီမျှမှုကိုဖြစ်စေနိုင်သည်။ ထို့ကြောင့် ဓာတ်မြေဩဇာသည် အချိန်တိုကာလအတွက်သာ ကောင်းမွန်ပြီး ရေရှည်စိုက်ပျိုးရေးကောင်းမွန်မှုကို ထိခိုက်စေနိုင်သည်။

**မြေဆီလွှာရေရှည်အားဆေး**

ဓာတ်မြေဩဇာကဲ့သို့ ခဏတာအာနိသင်ပြခြင်းမျိုးမဟုတ်ဘဲ မြေဆီလွှာ၏ဖွဲ့စည်းပုံကို နှစ်ပေါင်းများစွာ ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းပေးနိုင်သည့်အတွက် မြေဆီလွှာရေရှည်အားဆေးဟု တင်စားခေါ်ဝေါ်သည့်မြေဩဇာမှာ သဘာဝမြေဩဇာဖြစ်သည်။ သဘာဝမြေဩဇာကို အဓိကအားဖြင့် အပင်အခြေခံသဘာဝမြေဩဇာနှင့် တိရစ္ဆာန်အခြေခံသဘာဝမြေဩဇာဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။

အပင်အခြေခံ သဘာဝမြေဩဇာများမှာ အပင်အကြွင်းအကျန်များဖြစ်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ နှမ်းရိုး၊ ပဲရိုး၊ သစ်ရွက်များပါဝင်ပြီး ဝါကြိတ်ဖတ်၊ ပဲဖတ်၊ နှမ်းဖတ် စသည့်စိုက်ပျိုးရေးဘေးထွက်ကုန်ပစ္စည်းများ၊ ဘောစကိုင်း၊ ညံပင်၊ ပဲမျိုးစုံ စသည့် သစ်စိမ်းမြေဩဇာများနှင့် အပင်အကြွင်းအကျန်များကို ဆွေးမြည့်အောင် ပြုလုပ်ထားသော သစ်ဆွေးမြေဩဇာများ စသည်တို့ ပါဝင်သည်။ သဘာဝမြေဩဇာများသည် အပင်ကြီးထွားမှုနှင့် မြေဆီလွှာရှင်သန်မှုတို့ကို ကူညီပေးသည့်အပင်အာဟာရဓာတ်များစွာကို ပံ့ပိုးပေးသည်။

တိရစ္ဆာန်အခြေခံသဘာဝမြေဩဇာများမှာ နွားချေး၊ ကြက်ချေး၊ လင်းနို့ချေး၊ ဆိတ်ချေး စသည့် တိရစ္ဆာန်ချေးများ၊ အရိုးမှုန့်၊ အသားများ၊ သွေးဖတ် စသည့် တိရစ္ဆာန်အကြွင်းအကျန်များ စသည်တို့ ပါဝင်သည်။ တိရစ္ဆာန်အခြေခံသဘာဝမြေဩဇာများသည် အပင်အခြေခံသဘာဝမြေဩဇာများထက် နိုက်ထရိုဂျင်ဓာတ်ကို မြေဆီလွှာထဲသို့ ပိုမိုများပြားစွာထည့်ပေးနိုင်သည်။

တောင်သူတို့သည် ဓာတ်မြေဩဇာ၏ လျင်မြန်သောတုံ့ပြန်မှုကြောင့် ဓာတ်မြေဩဇာကိုသာ အများဆုံးအသုံးပြုနေကြသည်။ ဓာတ်မြေဩဇာ၏ သီးနှံပင်များအပေါ် အကျိုးသက်ရောက်မှုသည် လျင်မြန်သော်လည်း ကာလရှည်ကြာစွာ စွဲစွဲမြဲမြဲအသုံးပြုလျှင် မြေဆီလွှာထဲတွင် ရှိနေသော သဘာဝရှိရင်းစွဲအာဟာရဓာတ်များသည် တဖြည်းဖြည်းလျော့ပါးလာပြီး မြေဆီလွှာပျက်စီးလာနိုင်သည့်အတွက် သဘာဝမြေဩဇာများကို မဖြစ်မနေအသုံးပြုရမည်။


သဘာဝမြေဩဇာသည်ဓာတ်မြေဩဇာကဲ့သို့ သီးနှံပင်များအပေါ် အကျိုးသက်ရောက်မှုပြသခြင်းသည် မမြန်သော်လည်း သဘာဝမြေဩဇာတွင်ပါဝင်သောအာဟာရဓာတ်များသည် တစ်ခါတည်းနှင့်မကုန်ဘဲ ကာလကြာရှည်စွာ အပင်များကို ပံ့ပိုးပေးသည်။ မြေဆီလွှာ၏ဖွဲ့စည်းပုံကို နှစ်ပေါင်းများစွာ ကောင်းမွန်အောင် ထိန်းသိမ်းပေးသည်။ မြေဆီလွှာကို အသက်ဝင်စေသော တီကောင်များနှင့် အကျိုးပြုအဏုဇီဝပိုးမွှားများကို တိုးပွားလာစေရန် အာဟာရကျွေးမွေးပေးသည်။ မြေဆီလွှာ၏ **စာမျက်နှာ ၂၆ သို့** ■

■ စာမျက်နှာ ၂၅ မှအဆက်

ရေထိန်းအားနှင့်အစိုဓာတ်ကို မြှင့်တင်ပေးသည့်အတွက် မိုးခေါင်ရေရှားဒဏ်ကို ခံနိုင်ရည်ရှိစေသည်။ သဘာဝမြေသြဇာများမှ အဓိကအကျိုးပြုသောအချက်မှာ မြေဆီလွှာကို ရေရှည်ကောင်းမွန်အောင် ထိန်းသိမ်းပေးပြီး သီးနှံအထွက်တိုး၍ အရည်အသွေးကိုပါ ကောင်းမွန်စေသောအချက်ဖြစ်သည်။

**အနာဂတ်ကမ္ဘာ မြေဆီလွှာ**

မြေဆီလွှာကိုထိန်းသိမ်းခြင်းသည် မိမိလယ်ယာမြေကိုပျက်စီးမသွားစေဘဲ သားစဉ်မြေးဆက်အထိ ဆက်လက်စိုက်ပျိုးစားသောက်နိုင်မည့် ရွှေမြေအဖြစ် လက်ဆင့်ကမ်းနိုင်ခြင်းဖြစ်သည်။ မိမိလယ်ယာမြေ ပျက်စီးမသွားစေရန်နှင့် ရေရှည်အကျိုးအမြတ် ဆက်လက်ရရှိစေရန် ကြိုတင်ကာကွယ်ထားသည့် အာမခံချက်တစ်ခုလည်းဖြစ်သည်။ ထို့ပြင် မြေဆီလွှာထဲတွင်ရှိနေသည့် တီကောင်များနှင့် အကျိုးပြုအဏုဇီဝပိုးမွှားသန်းပေါင်းများစွာကို မသေကျေအောင် ကာကွယ်စောင့်ရှောက်ရင်းမြေဆီလွှာကို ထာဝရအသက်ရှင်နေအောင် ဆောင်ရွက်ခြင်းမည်၏။ မြေဆီလွှာကို သဘာဝအတိုင်း အာဟာရဓာတ်များ ချက်လုပ်နိုင်စွမ်းကို အမြဲတမ်းမြင့်မားနေအောင် ပြုစုပျိုးထောင်ပေးခြင်းလည်း မည်ပေသည်။




ရေရှည်စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အမြင်အရ မြေဆီလွှာသည် သားစဉ်မြေးဆက်များအတွက် စိုက်ပျိုးထုတ်လုပ်စားသောက်နိုင်မည့် အနာဂတ်ကမ္ဘာဖြစ်သည်။ မိမိစိုက်ပျိုးနေသော မြေဆီလွှာကို ထိန်းသိမ်းခြင်းသည် မိမိလုပ်ငန်းနှင့် သားစဉ်မြေးဆက်များ၏အနာဂတ်ကမ္ဘာကို ထိန်းသိမ်းခြင်းဖြစ်သည့်အတွက် ထိန်းသိမ်းကြရမည့်အဓိကတာဝန်အရှိဆုံးပုဂ္ဂိုလ်မှာ တောင်သူတိုင်း၏တာဝန်ပင်ဖြစ်သည်။



မြေဆီလွှာထိန်းသိမ်းခြင်းနည်းလမ်းများစွာရှိသည့်အနက် ဓာတ်မြေသြဇာကို လျှော့သုံးပြီး သဘာဝမြေသြဇာကို အစဉ်တစိုက်အသုံးပြုခြင်းသည် နည်းလမ်းတစ်ခုဖြစ်သည်။ သဘာဝမြေသြဇာသည် ဓာတ်မြေသြဇာကဲ့သို့ ဈေးကြီးပေးပြီး ဝယ်ယူစရာမလိုဘဲ မိမိတို့အနီးအနားပတ်ဝန်းကျင်တွင်ရှိသော အသုံးမပြုသည့် သီးနှံပင်နှင့် အပင်အကြွင်းအကျန်များ၊ တိရစ္ဆာန်အကြွင်းအကျန်များ၊ အညစ်အကြေးများကို စိုက်ပျိုးရေးလုပ်ငန်းအတွက် အသုံးဝင်အောင်ပြုလုပ်ခြင်းဖြင့် မြေဆီလွှာတွင် ထည့်သွင်းအသုံးပြုနိုင်သည်။ ထို့ကြောင့် သဘာဝမြေသြဇာသည် ဓာတ်မြေသြဇာလောက် ကုန်ကျစရိတ်မများနိုင်ဘဲ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့နည်းစေနိုင်သည်။ သဘာဝမြေသြဇာကို စနစ်တကျအသုံးပြုလျှင် သီးနှံအထွက်တိုးခြင်းနှင့် အရည်အသွေးကောင်းမွန်ခြင်းတို့ကြောင့် ဈေးနှုန်းပိုမိုရရှိကာ ဝင်ငွေလည်းမြင့်မားနိုင်သည်။ သဘာဝမြေသြဇာသည် ကုန်ကျစရိတ်လည်းသက်သာ ဝင်ငွေလည်းတိုးစေနိုင်သည့်အတွက် တောင်သူများ၏ စီးပွားရေးတွက်ခြေကိုက်မှု မြင့်မားလာပြီး လူနေမှုဘဝများလည်း အဆင့်မြင့်လာနိုင်သည်။ ထို့ကြောင့် တောင်သူများအနေဖြင့် ကုန်ကျစရိတ်သက်သာ ဝင်ငွေတိုးပြီး ရေရှည်ကာလအကျိုးများစေဖို့ သဘာဝမြေသြဇာများကို အစဉ်အမြဲသုံးစွဲကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

## ဆေးဝါးကုသမှုခံယူနေသောလူနာများအတွက် စုပေါင်းသွေးလှူဒါန်း

**တောင်ငူ သြဂုတ် ၈**

တောင်ငူခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေရသော လူနာများ အရေးပေါ် သွေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နည်းပညာတက္ကသိုလ် (တောင်ငူ)မှ ဒုတိယပါမောက္ခချုပ်ဒေါက်တာတင်ဝင်းမွန်ဦးဆောင်၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ယမန်နေ့ နံနက်ပိုင်းက စုပေါင်းသွေးလှူဒါန်းပွဲကျင်းပသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းရာတွင် နည်းပညာတက္ကသိုလ် (တောင်ငူ)မှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး တို့က တောင်ငူခရိုင် ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းကြပြီး သွေးလှူဒါန်းပေးခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဝင်းမွန်နှင့် ဆရာ၊ ဆရာမများက အားဖြည့်အချိုရည်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အဆိုပါ သွေးလှူဒါန်းခြင်းသည် ဆေးရုံကြီး၌ အရေးပေါ် သွေးလိုအပ်နေသည့် လူနာများ၊ ခွဲစိတ်ကုသမှုခံယူမည့်သူများနှင့် မီးဖွားမည့်သူများအတွက် အချိန်မီအသက်ကယ်ဆယ်နိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်သည့် လူမှုအကျိုးပြုလုပ်ငန်းတစ်ခုဖြစ်သည်။ နည်းပညာတက္ကသိုလ် (တောင်ငူ) မှ ကျောင်းသား၊ ကျောင်းသူများ အဖွဲ့သည် ပညာသင်နှစ်အလိုက် အရေးပေါ်သွေးလိုအပ်ချက်လျော့ချရေးနှင့် စုပေါင်းသွေးလှူဒါန်းခြင်း ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ (၄၁၀)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၈-၂၀၂၆(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၆:၄၀ | မေတ္တာပို့ |
| ၃။ | ၀၆:၅၅ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၄။ | ၀၇:၀၀ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၅။ | ၀၇:၄၀ | မြန်မာသံစဉ် ချိုနားဝင် |
| ၆။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် |
| ၇။ | ၀၈:၃၀ | Movies and Movies |
| ၈။ | ၀၈:၅၀ | မောင်မယ်လေးများသိစေချင် |
| ၉။ | ၁၃:၄၀ | ဝေမျှဆွေးနွေး လူငယ့်အရေး |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး ဖိတ်ခေါ်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
ရွှေဖီဦး BLACK TEA (နှောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
DOUBLE ELEPHANT
PORTLAND CEMENT
PRODUCT OF MYANMAR
OPC-EN 197-1:2000
CEM-I 42.5N
BLUE DIAMOND CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT
BS 12 : 1996 , 42.5 N
PRODUCT OF MYANMAR
SINCE 1986
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၁ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀


Smart P ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ကြံတောင်သူစီးပွား၊ ပြည်တွင်းသကြား၊
ဝယ်ယူအားပေးကြပါစို့။
WHITE SUGAR
EXPORT QUALITY
INGREDIENT : CANE SUGAR
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်

# ထရန့်ဇွန်စပေါ်လ်အသင်းနှင့်ချုပ်ဆိုသည့်စာချုပ်ပါအချက်အလက်များအရ ဆာလက်ချ်အတွက် ခံစားခွင့်အများအပြားရရှိ



အစွတန်ဘူလ် သြဂုတ် ၈

တူကီယဲထိပ်တန်းကလပ် အသင်းတစ်သင်းဖြစ်သည့် ထရန့်ဇွန်စပေါ်လ်အသင်းနှင့် ဆာလက်ချ်တို့ ချုပ်ဆိုခဲ့သည့် စာချုပ်ပါအချက်အလက်များအရ ဆာလက်ချ်အနေဖြင့် ထရန့်ဇွန်စပေါ်လ်အသင်းထံမှ အကျိုးခံစားခွင့်အများအပြားရရှိခဲ့ကြောင်း သိရသည်။

အသက် ၃၄ နှစ်အရွယ် ဆာလက်ချ်သည် ၂၀၁၇ ခုနှစ်မှစတင်ပြီး လီဗာပူးအသင်းတွင် ဆယ်စုနှစ်တစ်ခုကြာကစားပြီးနောက် ပြီးခဲ့သည့် ဘောလုံးရာသီ အကုန်က အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့သည်။ ထို့နောက် ကလပ်အသင်းလက်မဲ့ ဖြစ်နေရာမှ ထရန့်ဇွန်စပေါ်လ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် နှစ်နှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဆာလက်ချ်သည် ထရန့်ဇွန်စပေါ်လ်အသင်းတွင် မြင့်မားသည့်လုပ်ခလစာဖြစ်သည့် တစ်နှစ်လုပ်ခလစာ ယူရို သန်း ၃၀ ရရှိမည့်အပြင် စာချုပ်လက်မှတ်ထိုးကြေးအဖြစ်လည်း ယူရိုသန်း ၂၀ ရရှိမည်ဖြစ်သည်။ ထို့ပြင် အေးဂျင့်ခအဖြစ်လည်း ယူရို ၁၄ သန်းအထိ ရရှိမည်ဖြစ်ပြီး ၎င်း၏ပုံရိပ်အသုံးပြုခမှလည်း ရာခိုင်နှုန်းတချို့ရရှိမည်ဖြစ်သည်။

တခြားခံစားခွင့်များအဖြစ် ဆာလက်ချ်အနေဖြင့် ဒုဘိုင်းမြို့တွင် ဗီမ်ခံအိမ်တစ်လုံး၊ တူကီယဲနိုင်ငံတွင် ဗီမ်ခံအိမ်တစ်လုံး၊ ၎င်း၏မိဘများအတွက် ဗီမ်ခံအိမ်တစ်လုံး၊ ၎င်း၏ဖခင်၊ မိခင်၊ ညီဖြစ်သူနှင့် ဇနီးတို့အတွက် BMW ဇိမ်ခံကားတစ်စီးစီတို့ကို ရရှိမည်ဖြစ်သည်။

ထို့ပြင် ဆာလက်ချ်သည် အပြောင်းအရွှေ့စာချုပ်မှ နောက်ထပ်ခံစားခွင့်များအနေဖြင့် ၎င်း၏သားသမီးများအတွက် အီဂျစ်နိုင်ငံရှိ ထိပ်တန်းပုဂ္ဂလိကကျောင်းတစ်ကျောင်းတွင် ကျောင်းစရိတ်၊ ၎င်း၏ဇနီးနှင့် သားသမီးများအတွက် လစဉ် အလှပြင်စရိတ်အတွက် ယူရို ၂၅၀၀၀၊ အစားအသောက်စရိတ်အတွက် ယူရို ၃၅၀၀၀၊ ၎င်း၏နေအိမ်တွင် လုံခြုံရေးအပြည့်အစုံထားရှိရန် စသည့်အကျိုးခံစားခွင့်များကိုရရှိမည်ဖြစ်သည်။

ဆာလက်ချ်သည် အစောပိုင်းက ဆော်ဒီထိပ်တန်းကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားရန် နီးစပ်ခဲ့သော်လည်း ထရန့်ဇွန်စပေါ်လ်အသင်းက မက်မောဖွယ်အကျိုးခံစားခွင့်များဖြင့် ကမ်းလှမ်းမှုများလုပ်ဆောင်ပြီးနောက် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref:The Athletic*

## နွေရာသီကစားသမား အပြောင်းအရွှေ့သတင်းအတိုများ

- မန်စီးတီးအသင်းက မာဆေးလ်အသင်းဂိုးသမား ဂျီရိုရူလီကို ခေါ်ယူရန်အတွက် သဘောတူညီမှုရရှိခဲ့ပြီးနောက် လာမည့်ရက်သတ္တပတ်အတွင်း ဆေးစစ်မှုများလုပ်ဆောင်ပြီး စာချုပ်ပါအချက်အလက်အသေးစိတ်ကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။
- မေဂျာလိဂ်ကလပ် အယ်အေလက်ဆီအသင်းက ကိုမိုအသင်းမှ ဝါရင့်ခံစစ်ကစားသမား ဆာဂျီရော်ဘတ်တိုကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်အတွက် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- အက်သလက်တီကိုအသင်းက စပါးအသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသည့် ခံစစ်ကစားသမား ရှိမဲရိုးကို ခေါ်ယူရန်အတွက် အေးဂျင့်ဖြစ်သူနှင့် စတင်ဆွေးနွေးမှုများလုပ်ဆောင်နေပြီး မကြာမီ စပါးအသင်းနှင့် ဆက်လက်ဆွေးနွေးမှုများလုပ်ဆောင်ရန်ပြင်ဆင်နေကြောင်း သိရသည်။
- မန်စီးတီးအသင်းက အနာဂတ်မရေမရာဖြစ်နေသည့် ရှိဒရီ၏နေရာတွင် အစားထိုးရန်အတွက် ချယ်လ်ဆီးအသင်းမှ အဓိက ကွင်းလယ်ကစားသမားဖာနန်ဒက်ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- လက်ရှိအပြောင်းအရွှေ့ကာလတွင် ကစားသမားကိုးဦးအထိ ခေါ်ယူထားသည့် ချယ်လ်ဆီးအသင်းက ဂစ်ဗိုက်ကိုခေါ်ယူရန် ဆက်လက်ကြိုးပမ်းနေကြောင်း သိရသည်။

# ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမားရိုဒရီအား ခေါ်ယူရန် ပထမအကြိမ်ကမ်းလှမ်းမှုကို မန်စီးတီးအသင်းပယ်ချ

မန်ချက်စတာ သြဂုတ် ၈

စပိန်ထိပ်တန်းကလပ် ဘာစီလိုနာအသင်းက မန်စီးတီးအသင်းမှ ထွက်ခွာရန် ကြိုးပမ်းနေသည့် ကွင်းလယ်ကစားသမား ရိုဒရီအား ခေါ်ယူရန် ပထမအကြိမ်ကမ်းလှမ်းမှုကို မန်စီးတီးအသင်းက ပယ်ချခဲ့ကြောင်း သိရသည်။

လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်းမှ ထွက်ခွာမည့် ရိုဒရီကို အစောပိုင်းက ဘာစီလိုနာအသင်းအပြင် ရီးယဲလ်မက်ဒရစ်အသင်းကပါခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း နောက်ပိုင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူမည့်အစီအစဉ်ကို ရုပ်သိမ်းခဲ့သည့်အတွက် ဘာစီလိုနာအသင်းက ကြိုးပမ်းနေခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက ပြီးခဲ့သည့်ရက်ပိုင်းက ရိုဒရီကို ခေါ်ယူရန် ဆွေးနွေးမှုများ စတင်လုပ်ဆောင်ခဲ့ရာ ကစားသမားကိုယ်တိုင်က ဘာစီလိုနာအသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့သည်။ ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိပြီးနောက် ဘာစီလိုနာအသင်းက မန်စီးတီးအသင်းထံ စတင်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက ရိုဒရီကိုခေါ်ယူရန် ပြောင်းရွှေ့ကြေး ယူရို ၄၅ သန်းအပြင် အပိုဆုကြေးဖြင့် စတင်ကမ်းလှမ်းခဲ့သော်လည်း မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေးအနည်းဆုံး ယူရို ၈၅ သန်းအထိ အလိုရှိနေသည့်အတွက် ဘာစီလိုနာအသင်း၏ကမ်းလှမ်းမှုကို ပယ်ချခဲ့ခြင်းဖြစ်သည်။

သို့သော် မန်စီးတီးအသင်းက ပယ်ချခဲ့သော်လည်း ဘာစီလိုနာအသင်းက နောက်ဆုတ်ခြင်းမရှိသေးဘဲ ပြောင်းရွှေ့ကြေးတိုးမြှင့်ပြီး ထပ်မံကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း သိရသည်။

*Ref:Fabrizio Romano*




# အင်ဖန်တီနိုကြောင့် လာမည့် ၂၀၂၉ ခုနှစ် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဥရောပမှ ထိပ်တန်းကလပ်အသင်းကြီးများ ပါဝင်ကစားရန် မသေမချာဖြစ်နေ

လန်ဒန် သြဂုတ် ၈

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနိုကြောင့် လာမည့် ၂၀၂၉ ခုနှစ် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဥရောပမှ ထိပ်တန်းကလပ်အသင်းကြီးများ ဝင်ရောက်ကစားရန် မသေမချာဖြစ်နေကြောင်းသိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲကို ကုမ္ပဏီတစ်ခုတည်ထောင်ပြီး ရုပ်သံများသတ်မှတ်ကာ ရောင်းချသွားမည်ဟု ကြေညာပြီးနောက် ဖီဖာနှင့် ဥရောပဘောလုံးအဖွဲ့ချုပ်တို့ကြား အခြေအနေများတင်းမာလာပြီး ဥရောပဘောလုံးအဖွဲ့ချုပ်က အင်ဖန်တီနိုကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ရန် ဖိအားပေးတောင်းဆိုမှုများ လုပ်ဆောင်ထားသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနို၏ လုပ်ရပ်များအပေါ် ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)အပြင် အင်္ဂလန်နိုင်ငံဘောလုံးအဖွဲ့ချုပ်ကလည်း ကန့်ကွက်ဆန့်ကျင်မှုများလုပ်ဆောင်နေပြီး အင်ဖန်တီနိုဆက်လက်တာဝန်ထမ်းဆောင်နေမည်ဆိုပါက ဥရောပဘောလုံးအဖွဲ့ချုပ်အနေဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်သွားမည်မဟုတ်ဟု ထုတ်ပြန်ထားပြီး အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ကပါ ဆက်လက်ကန့်ကွက်မှုများ လုပ်ဆောင်သွားမည်ဟု အတည်ပြုကြေညာထားသည်။

လေးနှစ်လျှင်တစ်ကြိမ် ကျင်းပလျက်ရှိသည့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို လာမည့် ၂၀၂၉ ခုနှစ်တွင် ကျင်းပမည်ဖြစ်ပြီး ဥရောပဘောလုံးအဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တို့ကြား အခြေအနေတင်းမာမှုများရှိနေခဲ့ပြီးနောက် ဥရောပထိပ်တန်းကလပ်အသင်းကြီးများကလည်း ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားရန် မသေမချာဖြစ်နေပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ ရာထူး အပြောင်းအလဲပြုလုပ်မှသာ ပါဝင်ကစားဖွယ်ရှိနေကြောင်း သိရသည်။

*Ref:Topskillsports UK*

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံတိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါအခွင့်အရေးများဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်ကလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ ပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ(အားလုံး) ပြည့်စုံစွာဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ (ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများမှန်ကန်ကြောင်း တိုင်ကြားသူမှလက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။


**မြန်မာနိုင်ငံအမျိုးသား**
**လူ့အခွင့်အရေးကော်မရှင်**

---

### ❒ ကျောဖုံးမှအဆက်

များဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ်လ ၁၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

ယနေ့နံနက်မှ ၁၁-၈-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသ သချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

### ▼ သံလွင်မြစ်ရေမှ

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ပေ၀က်ခန့်တွင်ရောက်ရှိနေပြီး နောက် ၁ ရက်အတွင်း ၃ ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ မဒေါက်မြို့နှင့် မြစ်ငယ်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်၏ဖြည့်စွက်ခွင့်ပြုငွေစာရင်း (လျာထားချက်)နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး

စစ်တွေ ဩဂုတ် ၈

၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း (လျာထားချက်)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက အမှာစကားပြောကြားပြီး ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးတို့က ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း (လျာထားချက်)နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် အစည်းအဝေးတက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

### ▲ မြန်မာ့လက်ရွေးစင်မှ

ရာဇမင်္ဂလာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းသည် အိမ်ရှင်ထိုင်းအမျိုးသားအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့်အရေးနိမ့်ပြီး အုပ်စုအဆင့်ဖြင့်ကျေနပ်ခဲ့ရသည်။

ထိုင်းအသင်းသည် လက်ရှိအုပ်စု(ဘီ)တွင် သုံးပွဲကစား၊ သုံးပွဲနိုင် ရမှတ် ၉ မှတ်ဖြင့် ထိပ်ဆုံးကရပ်တည်နေပြီး ပြိုင်ပွဲတစ်လျှောက်ရှုံးပွဲမရှိသေးသည့် အင်အားကြီးအသင်းဖြစ်သည်။ မြန်မာအသင်းသည် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ရမှတ် ၆ မှတ်ဖြင့် အုပ်စုဒုတိယနေရာတွင်ရှိနေသော်လည်း မလေးရှားအသင်းနှင့် အမှတ်တူနေသည့်အတွက် ယနေ့ထိုင်းနှင့်ပွဲသည် မြန်မာအသင်းအတွက် အကြိုဗိုလ်လုပွဲဆီမီးဖိုင်နယ်တက်ရောက်နိုင်ရေး အဆုံးအဖြတ်ပေးမည့်ပွဲစဉ်တစ်ခုလည်းဖြစ်သည်။

မြန်မာအသင်း ယနေ့ပွဲတွင်အနိုင်ရရှိမှသာ အုပ်စုကျော်ဖြတ်နိုင်မည်ဖြစ်၍ ပြီးခဲ့သည့်ပွဲမှ ကစားသမားနှစ်ဦးကိုသာ အပြောင်းအလဲပြုလုပ်ယှဉ်ပြိုင်လာခဲ့သလို ထိုင်းအသင်းကလည်း မြန်မာအသင်းကို အနိုင်ယူပြီး အုပ်စုပထမဖြင့်တက်လှမ်းနိုင်ဖို့ ပြီးခဲ့သည့်ပွဲမှ ကစားသမားရှစ်ဦးကို အပြောင်းအလဲပြုလုပ်လာသည်။ မြန်မာအသင်း ပထမပိုင်းပွဲစသည်နှင့် ဘောလုံးပိုင်ဆိုင်မှုယူကာ ထိုင်းအသင်းကိုဖိအားပေးကစားခဲ့သည်။ ပွဲကစားချိန် ၁၀ မိနစ်အရောက်တွင် ပြိုင်ပွဲအလှည့်အပြောင်းတစ်ရပ်အဖြစ် ဂိုးဧရိယာအတွင်း လက်ထိသွား၍ ပယ်နယ်တီပေးလိုက်ရပြီး ဝိုရာချစ်က ထိုင်းအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသွားသည်။

မမျှော်လင့်ဘဲ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရ၍ မြန်မာအသင်းနိုင်ပွဲအတွက် အခက်ပိုလာသည်။ ပွဲကစားချိန်တစ်ချိန်လုံး မြတ်ကောင်းခန့်၊ မြတ်ဖုန်းခန့်၊ သန်းပိုင်၊ စိုးမိုးကျော်၊ လွင်မိုးအောင်တို့ အပေးအယူအချိတ်အဆက်မိမိ ထိုးဖောက်ခဲ့ပေမယ့် ထိုင်းအသင်းရဲ့ ခံစစ်ကိုမကျော်လွှားနိုင်ခဲ့ပေ။ ပထမပိုင်းပြီးခါနီး မြတ်ကောင်းခန့်ပေးပို့သည့်ဘောလုံးကို လွင်မိုးအောင်ကန်သွင်းခဲ့ရာ ဂိုးဘားတန်းထိပြီး ပြန်ထွက်လာ၍ မြန်မာတို့ဂိုးကံခေကာ ပထမပိုင်းတွင် ထိုင်းအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် ထိုင်းအသင်းက တိုက်စစ်မြှင့်လာသည်။ ပြိုင်ဘက်အသင်းတိုက်စစ်ကို မြန်မာအသင်းဟန့်တားကာကွယ်ရင်း ပွဲကစားချိန် ၅၂ မိနစ်တွင် ဒုတိယပယ်နယ်တီပေးခဲ့ရ၍ ဂျက်ဟာနာဖီးကသွင်းယူသွားသည်။ မြန်မာအသင်းချေပဂိုးရရှိရေး ပွဲကစားချိန် ၆၄ မိနစ်တွင် ဝင်းနိုင်ထွန်းကန်သွင်းမှု ဂိုးတိုင်ထိပြန်ထွက်ခဲ့သလို ပွဲကစားချိန် ၆၇ မိနစ်တွင် သန်းပိုင်ရဲ့ ပိတ်သွင်းမှုလွဲချော်ခဲ့ကာ ပွဲကစားချိန် ၇၁ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်ကန်သွင်းမှု ကောင်းခဲ့သော်လည်း ထိုင်းဂိုးသမား ပုတ်ထုတ်ကာကွယ်နိုင်ခဲ့၍ မြန်မာအသင်း ဂိုးကံခေကာ ပွဲပြီးဆုံးချိန်တွင် ပယ်နယ်တီနှစ်လုံးဖြင့် ထိုင်းအသင်းကိုရှုံးနိမ့်ပြီး အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရကြောင်း သိရသည်။

**ဝန်းရံခ**

# ဝန်ကြီးဌာနပေါင်းစုံဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ




နေပြည်တော် ဩဂုတ် ၈

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် "၂၀၂၆ ခုနှစ်ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ" ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ယနေ့ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား)ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို ၇ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ၅ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအသင်းကို ၈ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိသည်။

ဩဂုတ်လ ၉ ရက်**(ယနေ့)** တွင် ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များအဖြစ် သာသနာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **မြဝတီ**

# တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ရိုးရာလက်ဝှေ့အားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိ

နေပြည်တော် ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီး အားကစားဥယျာဉ်၌ လာမည့်အောက်တိုဘာလ ၁၆ ရက်မှ ၂၃ ရက်အထိကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ရိုးရာလက်ဝှေ့အားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

ထိုသို့စခန်းသွင်းလေ့ကျင့်နေသည့် ရိုးရာလက်ဝှေ့အားကစားအဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းတွေ့ဆုံပြီး ထောက်ပံ့ငွေများပေးအပ်၍ အားပေးစကားပြောကြားသည်။

အလားတူ မြိတ်မြို့နယ် အားကစားအဆင့်အတန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်ခရိုင်အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများကို ကြည့်ရှုစစ်ဆေးပြီး မြိတ်မြို့နယ်အားကစားခန်းမ၌ကျင်းပသည့် ရိုးရာခြင်းအလှခတ်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေး၍ ချီးမြှင့်ငွေကျပ် ၅ သိန်းပေးအပ်သည်။

ထို့ပြင် မြိတ်ခရိုင် မြို့မအားကစားကွင်း ပတ်လည်ပွဲကြည့်စင်နှင့် ဘောလုံးကွင်းအဆင့်မြှင့်တင် တည်ဆောက်ပြီးစီးမှု၊ မြိတ်မြို့ အားကစားကွင်းအသစ်ဆောက်လုပ်ရန်လျာထားသည့် မြေနေရာတွင် ဘောလုံးကွင်း ၁ ကွင်းနှင့်ပရိသတ်၄၀၀၀ ဆံ့ပွဲကြည့်စင်တည်ဆောက်ရန် မြေနေရာရှင်းလင်းခြင်း၊ အဝီစိတွင်းတူးဖော်ခြင်းနှင့် 50 KW On Grid Solar System တပ်ဆင်ခြင်းလုပ်ငန်း တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ဘောလုံးကွင်းမြက်ခင်းများစိမ်းလန်းစိုပြည်ရေး၊ ရေလိုင်း၊ မီးလိုင်းစနစ်များကောင်းမွန်စေရေး မှာကြားသည်။

ဆက်လက်၍မြိတ်မြို့(DUNLOP TENNIS CLUB) တင်းနစ်အားကစားကွင်း၌ တင်းနစ်အားကစားအဖွဲ့အားတွေ့ဆုံပြီး သဟာယကြက်တောင်အားကစားရုံ၌ ကြက်တောင်အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**မြဝတီ**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရန်ကုန်စီးတီးအသင်းကို ဂိုးပြတ်အနိုင်ရရှိ

နေပြည်တော် ဩဂုတ် ၈

၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ပထမနေ့ပွဲစဉ်ဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ YUSC ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်ယူနိုက်တက်အသင်းက ၄ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်သွင်းအနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် နောက်ဆုံးကစားခဲ့သည့်ပွဲစဉ်(၈)တွင် Young Lionesses အသင်းကို အနိုင်ရရှိထားပြီး အမှတ်ပေးဇယားအဆင့်(၄)တွင်ရပ်တည်နေသည့်အသင်းဖြစ်ကာ ရန်ကုန်စီးတီးအသင်းသည် ချန်ပီယံရှောဝတီအသင်းကို ရှုံးနိမ့်ထားပြီး နိုင်ပွဲပျောက်ကာ အမှတ်ပေးဇယားအောက်ဆုံးမှ အသင်းတစ်သင်းဖြစ်သည်။

ပထမပိုင်းပွဲစသည်နှင့် ရန်ကုန်ယူနိုက်တက်အသင်းကသာ ပွဲကိုဦးဆောင်ကစားပြီး ဦးဆောင်ဂိုးရရှိရေး ထိုးဖောက်တိုက်စစ်ဆင်မှုကြောင့် ရန်ကုန်စီးတီးအသင်း ခံစစ်ဖြင့်သာယှဉ်ပြိုင်ခဲ့ရသည်။ ရန်ကုန်ယူနိုက်တက်အသင်း တိုက်စစ်ဆင်မှုကို ရန်ကုန်စီးတီးအသင်းကစားသမားများ အကောင်းဆုံး ဟန့်တားကာကွယ်နိုင်ခဲ့ပေမယ့် ပွဲကစားချိန် ၁၇ မိနစ်အရောက်တွင် နန်းချိုမွှေး၏သွင်းဂိုးကို ဟန့်တားနိုင်ခြင်းမရှိဘဲ ခွင့်ပြုပေးလိုက်ရသည်။ ဦးဆောင်ဂိုးရရှိပြီးနောက် တစ်မိနစ်အကြာ ပွဲကစားချိန် ၁၈ မိနစ်တွင်လည်း နန်းချိုမွှေးကပင် ဒုတိယဂိုးထပ်မံသွင်းယူနိုင်ခဲ့၍ ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၂ ဂိုး ဂိုးမရှိ ရလဒ်ဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းကသာ ပွဲကိုဦးဆောင်ထားသည်။ ရန်ကုန်စီးတီးအသင်း တစ်သင်းလုံးပိတ်ဆို့ကာကွယ်ကာ ခံစစ်သက်သက်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ တိုက်စစ်နှင့်ခံစစ်အားပြိုင်ရင်း ပွဲကစားချိန် ၇၆ မိနစ်တွင် ရန်ကုန်ယူနိုက်တက်အသင်းအတွက် တတိယဂိုးကို ဇင်မိုးပြည့်က သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲကစားချိန် ၇၈ မိနစ်တွင် နန်းချိုမွှေးက အဝေးကန်ချက်ဖြင့် စတုတ္ထဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့ပြန်သည်။ အဆိုပါဂိုးသည် ယနေ့ပြိုင်ပွဲတွင် နန်းချိုမွှေး၏ ဟတ်ထရစ်သွင်းဂိုးလည်းဖြစ်သည်။ လက်ကျန်ပွဲကစားချိန်များတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းနိုင်ခြင်းမရှိသည့်အတွက် ပြိုင်ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းသည် ၄ ဂိုး ဂိုးမရှိဖြင့် ရန်ကုန်စီးတီးအသင်းကိုအနိုင်ရရှိသွားကြောင်း သိရသည်။

**ဝန်းရံခ**



**စာပေမြင့်မှ လူမျိုးတင့်မည်**

**ဖခင်အမည်မှန်**
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က(၃) Grade-11 မှ ပညာသင်ကြားနေသော မောင်ရဲဇာနည်၏ဖခင် ဦးရဲအောင်၏အမည်မှန်မှာ ဦးအငယ်လေး ၉/ပမန(နိုင်)၂၂၇၉၄၉ ဖြစ်ပါကြောင်း။ **ဦးအငယ်လေး**

**မိခင်အမည်မှန်**
ကျိုင်းတုံမြို့နယ်၊ အ.ထ.က(၅)ကျိုင်းတုံကျောင်း Grade-1 မှ မောင်စိုင်းထွန်းအောင်ဝမ်း၏မိခင်အမည်မှန်မှာ ဒေါ်မွန်မွန်ဇော် ၁၃/ကတန(နိုင်)၂၄၃၆၈၀ ဖြစ်ပါကြောင်း။ **ဒေါ်မွန်မွန်ဇော်**

**ဖခင်အမည်မှန်**
ကျိုက်မရောမြို့နယ်၊ အ.ထ.က ပိန်းနဲကုန်းကျောင်း Grade-12 မှ ကျောင်းဝင်အမှတ် က-၀၇၁၉ မကြယ်စင်လင်းလက်၏ ဖခင်အမည်မှန်မှာ မင်းအောင်ထွန်း ၃/ဘအန(နိုင်)၂၁၃၆၂၄ ဖြစ်ပါကြောင်း။ **မင်းအောင်ထွန်း**

**မိခင်အမည်မှန်**
ကျိုက်မရောမြို့နယ်၊ အ.ထ.က ပိန်းနဲကုန်းကျောင်း Grade-12 မှ ကျောင်းဝင်အမှတ် ၂၂၆/၁၃ မောင်သူရထွန်း၏မိခင်အမည်မှန်မှာ ဒေါ်မိုးမိုးအေး ၁၀/ကမရ(နိုင်)၁၃၃၁၆၂ ဖြစ်ပါကြောင်း။ **ဒေါ်မိုးမိုးအေး**

**ပျောက်ဆုံးကြောင်း**
မင်းခန့်သာ(ဘ)ဦးရဲမင်းအောင် ၇/ညလပ(နိုင်)၂၀၉၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 881554)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၁၂၂၂၁၃

**MYANMAR YANSHENG MINING CO.,LTD.**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ကြောင်းကြေညာခြင်း**
**လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ ၁၅၂(က)လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေ ၁၅ အရ (ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**
၁။ MYANMAR YANSHENG MINING CO.,LTD. အား ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၇ ရက်၊ ဩဂုတ်လ၊ ၂၀၂၆ ခုနှစ်)ရက်နေ့တွင်ကျင်းပခဲ့သောသာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော်မင်းထွန်း(တရားလွှတ်တော်ရှေ့နေ)၊ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်အမှတ်-၁၁၃၂၇၀ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းဝင်အမှတ် ၀၀၂၆၀ အားခန့်အပ်သွားရန်ဆုံးဖြတ်ခဲ့ပါသည်။
၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၇ ရက်၊ စက်တင်ဘာလ၊ ၂၀၂၆ ခုနှစ်)ရက်နေ့ထက်နောက်မကျစေဘဲ အထက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ခိုင်လုံသောသက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။
ဖော်ပြပါနေ့စွဲထက်နောက်ကျပြီးတင်ပြလာသောကြွေးမြီများအား ကုမ္ပဏီမှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။
ဦးကျော်မင်းထွန်း(တရားလွှတ်တော်ရှေ့နေ)
လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်အမှတ်= ၁၁၃၂၇၀
လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းဝင်အမှတ်= ၀၀၂၆၀
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(PAI Consultant Service)
ရုံးခန်းလိပ်စာ=အမှတ် ၆/၈၊ အခန်း ၁၀၄၊ အထက်ပုဇွန်တောင်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၂၂၁၇၅၁၄၊ ၀၉-၇၇၄၇၈၈၈၄၆

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က ချောင်းဆုံကျောင်း၊ Grade(7)(A) မှမောင်သန့်ဇင်ဖွဲ့၊ ကျောင်းဝင်အမှတ်(၀၈၅၁)၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝင်းဖြစ်ပါကြောင်း။ **ဦးမောင်ဝင်း**

**မွေးသက္ကရာဇ်အမှန်**
အဘ ဦးတင်အေး၏သား၊ မြဝတီမြို့၊ အ.လ.က(၂)ကျောင်း၊ Grade-9 မှ မောင်မိုးထက်ကျော်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၈-၂၀၁၀ ဖြစ်ပါကြောင်း။
၂၄-၈-၂၀၁၀

**ပျောက်ဆုံးကြောင်း**
ရီရီခင်(ဘ)ဦးမောင်ခွေး ၁၂/ကမရ(နိုင်)၀၂၀၃၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၅၁၀၀၂၅၇

**ပျောက်ဆုံးကြောင်း**
သိန်းမြင့်(ဘ)ဦးရွှေရင် ၁၂/ကမရ(နိုင်)၀၂၀၇၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၅၁၀၀၂၅၇

**ပျောက်ဆုံးကြောင်း**
ညွန့်စိန်(ဘ)ဦးဘဖြူ ၁၁/မပန(နိုင်)၀၃၉၉၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၃၂၇၉၆၁

**ပျောက်ဆုံးကြောင်း**
မောင်ကြီးဖြူ(ဘ)ရွှေပွင့်ဖြူ ၁၁/မပန(နိုင်)၀၀၄၀၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၈၈၃၈၇၆

**ပျောက်ဆုံးကြောင်း**
ဟိန်းသီဟ(ဘ)ဦးမင်းမင်းဦး ၁/မကန(နိုင်)၂၉၅၄၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 376981)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
တင့်နိုင်ဝင်း(ဘ)ဦးညွန့်မောင် ၁၂/ဒဂရ(နိုင်)၀၁၃၈၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၃၉၉၃၉၉၉

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**
ဝမ်းတွင်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ ပျော်ဘွယ်ရပ်နေ၊ ဦးလှိုင်ဝင်းထွန်း(၉/ဝတန(နိုင်)၁၃၅၆၂၁) ကိုင်ဆောင်သူမှ(အလျား ၆၀'-၀"x အနံ ၃၆'-၀")ဝိုင်းအတွင်း(အလျား ၂၇'-၀"x အနံ ၁၂'-၀") နံကပ်(၁)ထပ်အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

**ပျောက်ဆုံးကြောင်း**
မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၂၈)နေ စုဝါရွှေ(ဘ)ဦးလှမြင့် ၁၂/မရက(နိုင်)၁၁၇၂၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၄၄၆၆၆၄

**ပျောက်ဆုံးကြောင်း**
လှိုင်သာယာ(ရှေ့)မြို့၊ (၄)ရပ်ကွက်၊ FMI CITY၊ ကန်သာယာလမ်း၊ C.14 နေ မင်းထိုက်(ဘ)ဦးမြို့မမောင် ၁၄/ဖပန(နိုင်)၀၉၆၁၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၈၀၁၃၃၂၃

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

"ထူးပါသော်တော်၊ သူတို့လိုက်ရင် ပိုက်ဆံကထူးဦးမှာပေါ့၊ အခု ဒီဟာကကုန်၊ တော်တော်ကြာ ဟိုဟာကကုန်နဲ့ ကြာတော့ ထွန်းမြတ် ခက်လိမ့်မယ် မင်းကတော်ရဲ့၊ မင်းကတော်နဲ့ မယ်စောနဲ့နှစ်ယောက် သွားရင်ပဲ စရိတ်ကုန်လှပြီ၊ အခုတော့ ကလေးတွေတစ်ပြုံကြီးနဲ့ အထိန်းတွေနဲ့လုပ်နေမှဖြင့် ဘယ်ခံနိုင်ပါ့မလဲ" ဟုပြော၍ ကြက်မသည် စွန်ကိုမြင်သောအခါ မိမိ၏ကြက်ကလေးများကို အတောင်အောက်သို့ သွင်းဘိသကဲ့သို့ ခင်စိန်ကြည်လည်း မဂျမ်းပုံစကားကိုကြားလျှင် ကလေးသုံးယောက်ကို လက်ဖြင့်ဖက်လျက်နေလျှင် "ပြီးတော့လည်းပဲ အခုသွားမှာက သူမာအောင်သွားတာ၊ ဒီလို ကလေးတွေတစ်ပြုံကြီးခေါ်သွားမှဖြင့် သူတို့ဂရုစိုက်နေရတာနဲ့ ဘယ်လူမာနိုင်လိမ့်မလဲ"ဟု မဂျမ်းပုံကပြောပြန်လေ၏။

ထိုအခါ ခင်စိန်ကြည်သည် ခင်မောင်ကလေးကို ယုချီ၍ "မေမေသွားရင် သားကလေး မေမေနဲ့ ခွဲနေရစ်မလား၊ မေမေတစ်ယောက်တည်းသွားမှဖြင့် မောင်တို့ကိုလွမ်းတာနဲ့ ရောဂါတောင် တိုးဦးမှာပေါ့သားတို့ရယ်" ဟု မျက်ရည်လည်လျက် ညည်းညူ၍ ပြောလျှင်–

"ဘာပြုလို့ တစ်ယောက်တည်းလဲ၊ ထွန်းမြတ်ကတော့ အလကားလား" ဟု မဂျမ်းပုံက ကြားဖြတ်၍ ပြောလေ၏။

ထိုအခါ ခင်စိန်ကြည်က "ကိုထွန်းမြတ်က လိုက်ပို့ရုံပို့ပြီး ပြန်ရမှာ"

"ဒါတော့ ဒါပေါ့လေ၊ အနို့ သူ့အလုပ်တွေ ပစ်ထားလို့ ထမင်း ဘယ်က စားရမလဲ၊ အခုလို အကုန်အကျများပုံနဲ့တော့ ဒီထက်မက လုပ်မှ တော်ကာကျမယ်၊ ဒါတော့ ပြောသာပြောရတယ်၊ မင်းကတော်တို့တော့ ဇနီးမောင်နှံ၊ ဒီမှာတော့ မောင်နှမ၊ မဆိုင်ပါဘူး၊ မင်းကတော် သဘောပါပဲ" ဟု ပြောလျှင် ခင်စိန်ကြည်လည်း ဘာမှပြန်ပြောရန်မရှိဘဲ မျက်ရည်ကျလျက်ရှိနေရာတွင် အစေခံမစောမှာ အနီးတွင်ရှိသဖြင့် မမလေးအားသနားမိရှာ၏။

အချိန်နီးလျှင် မောင်ထွန်းမြတ်လည်း အလုပ်ရုံးမှ ပြန်လာ၍ ခင်မကြီးကို ပခုံးပေါ်တွင်ထမ်းလျက် ခင်စိန်ကြည်ရှိရာသို့ အသွားလမ်းတွင် မစောနှင့်တွေ့၍–

"မမလေးက ကလေးတွေကို အကုန်ခေါ်သွားချင်သတဲ့"

"ဟုတ်လား"

"သူတို့မပါရင် မမလေး အပုံကြီးစိတ်ညစ်လိမ့်မယ်"

"အေးလေ သူတို့ပါခေါ်သွားတာပေါ့" ဟုပြော၍ ခင်စိန်ကြည်ရှိရာသို့ ရောက်လျှင်–

"ခင်က ကလေးတွေ ခေါ်သွားချင်တယ်ဆို"

"ခေါ်ပါရစေရှင် ရှိကြီးခိုးပါရဲ့"ဟု ရွှင်လန်းသောမျက်နှာဖြင့် ပြောရာ–

"ဒါဖြင့် ခေါ်သွားလေ ဘာဖြစ်လဲ၊ သူတို့လည်း ရောက်ဖူးတယ်ရှိရောပေါ့"

"ခင်က အကုန်အကျများနေမလားလို့" ဟု ပြောလျှင် မောင်ထွန်းမြတ်သည် ရွှင်ပျချိုသာသောမျက်နှာထားနှင့် "အကုန်အကျက ခင့်အပူ မဟုတ်ပါဘူး၊ ခင်က ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်သာလုပ်ပါ၊ ကလေးသုံးယောက်အတွက် ငွေ ၁၀၀ လောက် အပိုကုန်လို့ ဘာအတွက်ရှိသလဲ၊ ခင် ကျန်းမာရင်ပြီးရော"ဟု ပြောလျှင် ခင်စိန်ကြည်သည် အလွန်တရာကျေးဇူးတင်သဖြင့် ခင်ပွန်းသည်၏လက်ကိုကိုင်လျက် မျက်နှာကိုမော်ကြည့်ပြီးလျှင် "ခုပုံတော့ အရင်ကလိုပဲ ခင့်ကိုချစ်သေးတယ်ပေါ့လေ"ဟု ပြောလေ၏။ မောင်ထွန်းမြတ်မှာ ခင်စိန်ကြည်ပြောသည့်အဓိပ္ပာယ်ကို နားမလည်ဘဲ "ချစ်ပါတယ် ခင်ရယ်၊ အရင်ကထက် အဆတစ်ရာ၊ အဆတစ်ထောင်ပိုပြီးချစ်ပါတယ်" ဟု ပြန်ပြောလေ၏။

**"ရွှေနေမောင်ဘစံ၏အိမ်သည် မိတ္ထီလာရေကန်နှင့် မနီးမဝေးတွင်ရှိသဖြင့် မောင်ထွန်းမြတ်ပြန်သွားသည့်ညနေ၌ ခင်စိန်ကြည်သည် မိနှစ်နှင့်နှစ်ယောက် ရေကန်သို့ လမ်းလျှောက်ထွက်သွားကြလေ၏။ ရေကန်သို့ရောက်လျှင် ခင်စိန်ကြည်သည် ခွန်အားနည်းပါးသည့်အခါဖြစ်၍ အနည်းငယ်မူးဝေလျက်ရှိလေရာ မိနှစ်ကိုအိမ်သို့ပြန်၍ ရှူဘူးယူစေရန် စေလွှတ်လိုက်လေ၏ . . ."**

မဂျမ်းပုံလည်း ကလေးတို့လိုက်ပါသွားကြမည်ကိုကြားလျှင် မောင်ထွန်းမြတ်ရှိရာသို့လာ၍ "ကလေးတွေခေါ်သွားလို့ ဖြစ်နိုင်မလားကွဲ့၊ မင်းက ဟိုကျ သူတို့တစ်တွေ ရှုပ်နေတာနဲ့ မင့်ဇနီး ဘယ်တော့မာနိုင်မှာလဲကွဲ့၊ မလိုက်စေနဲ့ သူတို့" ဟုပြောလျှင်မောင်ထွန်းမြတ်သည် ဇနီး၌အကျိုးရှိပါမူ ၎င်း၏အလိုကို မည်သည့်အရာ၌မဆို လိုက်လိုသည်မှန်၏။ ယခုမှာမူ အလိုလိုက်သည့်အတွက် အကျိုးယုတ်မည်ဟုကြားရလျှင် စိတ်ပူပန်သဖြင့် ဆရာဝန်ကြီးကိုတိုင်ပင်ရာ ဆရာဝန်ကြီးမှာလည်း မဂျမ်းပုံကပြောပြီးဖြစ်၍လိုက်ရန် အခွင့်မပြုဘဲ ရှိလေ၏။

သွားခါနီးတွင် ခင်စိန်ကြည်သည် မစောကိုခေါ်၍ "မစော ဒီမှာ ကလေးတွေနဲ့ နေရစ်ရလိမ့်မယ်"

"ဘာပြုလို့လဲမမလေး ဘုရား၊ ဘုရား ကျွန်မကို သဘောမကျလို့မခေါ်သလား"

"ညည်းကို သဘောကျလွန်းလို့ ငါက ဒီမှာထားခဲ့ချင်တယ်၊ ညည်းရော၊ ငါရောမရှိရင် ကလေးတွေကို မိနှစ်နဲ့အစ်မကြီးနဲ့ စိတ်မချနိုင်ဘူး"

"ကျွန်မတော့ မမလေးသွားရာကို လိုက်တော့လိုက်ချင်တာပဲ၊ သို့သော်လည်း ဟုတ်တော့ဟုတ်ပါရဲ့ "

"ငါမရှိတဲ့နောက် ကလေးတွေကို စောင့်ရှောက်ရစ်ပါနော်၊ ငါလည်း အပုံကြီးနေမကောင်းဘူး၊ ပြန်လာကောင်းမှလာရမယ်"

"ဘယ့်နှယ်ပြောတာလဲ မမလေး၊ ဒီလိုမပြောပါနဲ့၊ ဟိုက ပြန်လာတော့ အရင်တုန်းကလို ကျန်းကျန်းမာမာရှိလာမှာပေါ့"

"အေးအေး ... ဒီလိုရှိပါစေ အောက်မေ့ရတာပဲ၊ သို့သော် ငါများ မပြန်နိုင်ခဲ့ရင် ကလေးတွေကို ညည်းကစောင့်ရှောက်ရစ်ပါနော်၊ သူတို့ကိုလည်း မေမေ့အကြောင်း မကြာမကြာပြောရစ်ပါ"

"စိတ်ချတော်မူပါ မမလေး၊ ကျွန်မတစ်သက်တော့ ဒီကလေးတွေနဲ့ ဘယ်တော့မှမခွဲပါဘူး" ဟုပြော၍ ခင်စိန်ကြည်သည် အစေခံမိနှစ်နှင့်အတူတကွ ထွက်သွားကြလျှင် မစောသည် ထိုင်လျက် ငိုနေရစ်လေ၏။

■ ■ ■ ■ ■

**အခန်း (၁၆)**

မောင်ထွန်းမြတ်သည် ခင်စိန်ကြည်ကိုလိုက်ပို့၍ သုံးရက်ခန့်နေပြီးလျှင် မိနှစ်နှင့်ခင်စိန်ကြည်တို့ကို သူငယ်ချင်းမောင်ဘစံ၏ အိမ်မှာထားခဲ့၍ ပြန်လာခဲ့လေ၏။

သွားခါနီးတွင် "ကဲ... မောင်သွားဦးမယ်နော်၊ ခင် ကိုယ့်ကိုယ်ကိုယ် ကောင်းကောင်းမာအောင် ဂရုစိုက်ရစ်နော်"

"သွားပေဦးတော့ မောင်၊ ခင်မကြီးတို့လည်း မေမေက အပုံကြီး လွမ်းပါတယ်လို့ ပြောလိုက်ပါရှင်၊ ပြီးတော့လည်းပဲ ..."

"ပြီးတော့ ဘာလဲ"

"မိမိရီကိုလည်း ရှင်ကသွားပြီး ပိုးမနေပါနဲ့ရှင်" ဟု ကျီစား၍ ပြောသလိုလို တကယ်ပြောသလိုလိုနှင့်ပြောလျှင် မောင်ထွန်းမြတ်လည်း ကျီစား၍ ပြောသည်အောက်မေ့၍ ရယ်မောလျက်ပြန်လာခဲ့လေ၏။ တကယ်ပြောသည်ဟု အောက်မေ့ခဲ့ပါလျှင် ခင်စိန်ကြည်က "ဒီက ပြန်သွားလျှင် ကုလားအုတ်စီးပြီး လည်မနေပါနဲ့" ဟု မှာလိုက်ဘိသကဲ့သို့ အံ့ဩမည်ဖြစ်လေသည်။

ရွှေနေမောင်ဘစံ၏အိမ်သည် မိတ္ထီလာရေကန်နှင့် မနီးမဝေးတွင်ရှိသဖြင့် မောင်ထွန်းမြတ်ပြန်သွားသည့်ညနေ၌ ခင်စိန်ကြည်သည် မိနှစ်နှင့်နှစ်ယောက် ရေကန်သို့ လမ်းလျှောက်ထွက်သွားကြလေ၏။ ရေကန်သို့ရောက်လျှင် ခင်စိန်ကြည်သည် ခွန်အားနည်းပါးသည့်အခါဖြစ်၍ အနည်းငယ်မူးဝေလျက်ရှိလေရာ မိနှစ်ကိုအိမ်သို့ပြန်၍ ရှူဘူးယူစေရန် စေလွှတ်လိုက်လေ၏။ ထို့နောက် ရေကန်အနီးရှိခုံရှည်တစ်ခုပေါ်တွင် တစ်ယောက်တည်းထိုင်လျက်နေရာ ခင်စိန်ကြည်မှာ ငယ်စဉ်ကကဲ့သို့ အသားအရေကြည်လင်နုပျိုခြင်းမရှိသည့်အပြင် မကျန်းမာသည့်အခိုက်ဖြစ်၍ ဖျော့တော့နွမ်းနယ်လျက်ရှိလေ၏။ သို့သော်လည်း အရုပ်အရည်မှာ အလွန်တရာ မွန်ရည်လှ၍ တစ်ကြိမ်မြင်လိုက်လျှင် နောက်တစ်ကြိမ်ထပ်၍ကြည့်မိလောက်အောင် ရှိသေးရကား လမ်းလျှောက်သွားသူတို့သည် ခင်စိန်ကြည်ကိုမြင်လျှင် "တယ် ကျက်သရေရှိတဲ့ မျက်နှာကလေးပါလား၊ ဘယ်အရပ်သူပါလိမ့်၊ မိတ္ထီလာသူတော့ အမှန်မဟုတ်ပေဘူး၊ ဖြူဖြူစင်စင်ရှိပုံကတော့ အောက်သူ၊ နူးနူးညံ့ညံ့သိမ်သိမ်မွေ့မွေ့ရှိတဲ့ အမူအရာတော့ မန္တလေးသူ၊ တယ်ချောပါကလား၊ ဘာမင်းကတော်ပါလိမ့်" စသည်ဖြင့် အချင်းချင်းပြောဆိုလျက်သွားကြကုန်၏။

**ဆက်လက်ဖော်ပြပါမည်။**

## ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

မြို့သစ် ဩဂုတ် ၈

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မိခင်နှင့်ကလေးငယ်များ၏ ကျန်းမာရေးကို မြှင့်တင်ပေးရန်နှင့် ပံ့ပိုးကူညီမှုများပြုလုပ်ရန် ရည်ရွယ်၍ ကိုယ်ဝန်ဆောင်များနှင့် အသက်နှစ်လမှ တစ်နှစ်ခွဲအထိကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းကို ဩဂုတ်လ ၇ ရက်က ဘုရားကြီးရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်သည်။



ထိုသို့ ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ငါးရပ်ကွက်ရှိ ကိုယ်ဝန်ဆောင်များနှင့် ကလေးမိခင်များအား မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးပြောကြားပြီး ကိုယ်ဝန်ဆောင်များအား ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်း၊ မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်း၊ သံဓာတ်အားဆေးများတိုက်ကျွေးခြင်း၊ အသက်နှစ်လမှတစ်နှစ်ခွဲအထိ ကလေးငယ်များအား ကာကွယ်ဆေးများထိုးနှံ၊ တိုက်ကျွေးပေးသည်။

အဆိုပါကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးရာသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ အာဟာရဖြည့်စွက်စာများ ပံ့ပိုးကြကြောင်း သိရသည်။

ဝင်းအိဇွန်(ပြန်/ဆက်)

## ဆေးလိပ် ဆေးရွက်ကြီးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၈

ကျောင်းသား၊ ကျောင်းသူများ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိနားလည်၍ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်စေရန်၊ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံကို မွေးမြူနိုင်စေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၇ ရက်က ခရမ်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ခရမ်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောရာတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲမှုကို ရှောင်ရှား၍ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံကို ကျင့်ကြံနေထိုင်ရန် လိုအပ်ချက်များကို အကျယ်တဝင့်ရှင်းလင်းဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြကြောင်း သိရသည်။

ခင်နှင်းဝေ(ပြန်/ဆက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

**သဘာဝဘေးအန္တရာယ်များကြုံတွေ့လာသည့်အခါတိုင်း မြန်မာပြည်အနှံ့မှပြည်သူများအနေဖြင့် ဘေးသင့်သူများကို စိတ်တူကိုယ်တူ စုပေါင်းလှူဒါန်းကူညီကြသည်ကိုလည်း မြင်တွေ့ရပြီး ပေးကမ်းခြင်းဆိုသည်မှာ ပစ္စည်းတန်ဖိုးထက် မေတ္တာတန်ဖိုးကို ပိုမိုမြင့်မားစေပြီး လူမှုအသိုင်းအဝိုင်းကိုလည်း ပိုမိုနွေးထွေးခိုင်မာစေသည့် အင်အားတစ်ရပ်ဖြစ်လာစေ . . .**





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။

နေပြည်တော် ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများလက်ခံသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် စာမျက်နှာ ၁၆ ကော်လံ ၁ ➲

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်




နေပြည်တော် ဩဂုတ် ၈

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် လေထုမငြိမ်မသက်မှု စာမျက်နှာ ၂၉ ကော်လံ ၁ ❐

## မြန်မာ့လက်ရွေးစင်အမျိုးသားအသင်း အိမ်ရှင်ထိုင်းအသင်းကို အရေးနိမ့်ပြီး အုပ်စုအဆင့်ဖြင့်ကျေနပ်ခဲ့ရ



ရန်ကုန် ဩဂုတ် ၈

၂၀၂၄ အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ဘီ)ပွဲစဉ်နောက်ဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် ထိုင်းအသင်းနှင့် မြန်မာအသင်းတို့ ယနေ့ညပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ စာမျက်နှာ ၂၉ ကော်လံ ၄ ▲

## ဒေါဖင်မုန်တိုင်း အိုကီနာဝါကိုဝင်ရောက် တရုတ်ကိုဆက်လက်ဦးတည်

စာ - ၂၃ သို့


## ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ

စာ - ၃၀ သို့

## မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရန်ကုန်စီးတီးအသင်းကို ဂိုးပြတ်အနိုင်ရရှိ

စာ - ၃၀ သို့

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်



နေပြည်တော် ဩဂုတ် ၈

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက် ဘင်္ဂလားပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းတို့တွင်လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခု ဖြစ်ပေါ်နေသည်။ (မိုး/ဇလ)

## သံလွင်မြစ်ရေ၊ စစ်တောင်းမြစ်ရေနှင့် ဒုဋ္ဌဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၈

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့်တွင် ရောက်ရှိနေပြီး နောက် ၁ ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ ပေခန့်တွင်ရောက်ရှိနေပြီး နောက် ၁ ရက်အတွင်း ၂ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ စာမျက်နှာ ၂၉ ကော်လံ ၁▼